# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၆) ရက် ၊ တနင်္လာနေ့ ၊ (23-9-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၄၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကလောမြို့၌ ရေကျဆင်းသွားသဖြင့် တင်ကျန်ခဲ့သောနုန်းများကို ဖယ်ရှားရှင်းလင်းပေးစဉ်။

## ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် လင်းခေးမြို့နယ်တို့တွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင် လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊

စာမျက်နှာ ၁၈ ကော်လံ ၁

## အထူးမိုးလေဝသသတင်း

**နေပြည်တော် စက်တင်ဘာ ၂၂**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသောလေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းဆဲလ်သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး စက်တင်ဘာ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းအဖြစ်ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါလေဖိအားနည်းဆဲလ်၏ အရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညမှ စက်တင်ဘာ ၂၅ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁

## ထူးခြားသည့် နေ့အပူချိန်များ (၂၂-၉-၂၀၂၄)

| | |
|---|---|
| **ခန္တီး** | **မြင်းမူ** |
| ၃၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | ၃၇ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် |
| **စစ်ကိုင်း** | **မုံရွာ** |
| ၃၈ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် | ၃၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် |
| **မြစ်ကြီးနား** | **မချမ်းဘော** |
| ၃၈ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| **ကသာ** | **မန္တလေး** |
| ၃၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| **ရွှေဘို** | **ချောက်** |
| ၃၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | ၃၆ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ် |




ရတနာပုံ
၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၃ ရက်

အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ကာကွယ်ရေးတွင် နိုင်ငံသားတိုင်းပါဝင်

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပေသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ်(၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ယင်းဥပဒေကိုအသက်ဝင်စေခဲ့သည်။ ထို့နောက် ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ရန်အတွက် ဆင့်ခေါ်ခဲ့ရာ လူငယ်များအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းဝင်ရောက်လာကြသည်။

ထိုကဲ့သို့ မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာကြသူများအနက် သင်တန်းတက်ရောက်ရန် အရည်အချင်းကိုက်ညီသူများကိုစုဖွဲ့၍ သင်တန်းများကိုဖွင့်လှစ်ပေးလျက်ရှိရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)ထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။

ထို့အတူ သင်တန်းဆင်းပြီးဖြစ်သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းစစ်သည်များ အနေဖြင့်လည်း စစ်ပညာသာမက အဖွဲ့အစည်းစိတ်ဓာတ်များ၊ အဖွဲ့အစည်းဖြင့် စည်းစနစ်ကျနစွာလုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ ရဲဘော်ရဲဘက်စိတ်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်များရရှိခဲ့ကြပြီး ယခုအခါ တာဝန်ကျရာတပ်ရင်းတပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို လေးစားဂုဏ်ယူစွာဖြင့် ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅ တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်"ဟု လည်းကောင်း၊ ပုဒ်မ-၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်သည် နိုင်ငံတစ်ဝန်းရှိ နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်ဖြစ်ရာ မိမိနိုင်ငံ၏ ကာကွယ်ရေးအင်အားနှင့် မိမိတို့ပြည်သူလူထု၏ ကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာအသိစွမ်းရည်များကိုပြသနိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းခြင်းကို ဂုဏ်ယူဝမ်းမြောက်စွာဖြင့် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းသည် နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံသားအားလုံးအတွက်ပင်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် စစ်ပညာရပ်များ၊ ကာကွယ်ရေးပညာရပ်များ သင်ကြားခြင်းဖြင့် လူငယ်များသည် မိမိကိုယ်ကိုယုံကြည်မှု၊ မိမိအဖွဲ့အစည်းအပေါ်ယုံကြည်မှုများ တိုးမြင့်လာမည်ဖြစ်သည်။ ထိုယုံကြည်မှုများဖြင့် နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းအားခိုင်မာတောင့်တင်းစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ နိုင်ငံသားတိုင်း တစ်ဦးချင်းစီက ကိုယ်စီတာဝန်သိစိတ်များဖြင့် ပြည်သူ့စစ်မှုထမ်းခြင်းကို တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မန္တလေးတက္ကသိုလ်တွင် စုပေါင်းသန့်ရှင်းရေးများဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက မန္တလေးတက္ကသိုလ်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် အနုပညာအထက်တန်းကျောင်း(မန္တလေး)တွင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များစခန်းသွင်း လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ်သို့ ရောက်ရှိပြီး တက္ကသိုလ်ဝင်းအတွင်း ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်သရိုက် မြောင်းစာများဆယ်ယူရှင်းလင်းနေမှုများကို ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် စက်ယန္တရားတို့ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများကို တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး၊ ဥပဓိရုပ်များ ကောင်းမွန်ရေးနှင့် အစဉ်အမြဲသန့်ရှင်းသပ်ရပ်လှပရေးတို့ကို အလေးထားဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ အနုပညာအထက်တန်းကျောင်း(မန္တလေး)သို့ရောက်ရှိပြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဗဟိုအဆင့်သို့ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ ပြိုင်ပွဲဝင်ဘာသာရပ်အလိုက် လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး စခန်းသွင်းလေ့ကျင့်နေစဉ် ကာလအတွင်း ကျန်းမာရေးအထူးဂရုစိုက်ရန်တို့ကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်၊ အုပ်ထိန်းသူများနှင့် နည်းပြများကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက်ပဲတီစိမ်းများကို ရေကြည်မြို့နယ်မှ လယ်ယာထွက် ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များကဝယ်ယူပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ ရန်ကုန်မြို့ကို ဩဂုတ်လထဲမှာ ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ စက်တင်ဘာလထဲမှာလဲ ဒေသထွက် ပဲတီစိမ်းတွေအပါအဝင် ပဲမျိုးစုံကို ရန်ကုန်ဘက်ကအဝယ်လိုက်နေပါတယ်။ ဒေသထွက်ပဲတွေကို ပွဲရုံပိုင်ရှင်တွေက ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာများပါတယ်။ ပဲတီစိမ်းတွေ ဝယ်ယူအားကောင်းလာတာကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေ ကောင်းလာပါတယ်"ဟု ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပဲတီစိမ်း ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါ ပဲတီစိမ်းများ ဈေးကောင်းရရှိခြင်းနှင့် ဝယ်လိုအား ကောင်းလာခြင်းတို့ကြောင့် တောင်သူများ၊ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ယင်းမာပင်ခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၉၅၄၅ ဧက စိုက်ပျိုးသွားမည်

**ယင်းမာပင် စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၉၅၄၅ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၄၃၂၀၊ ကနီမြို့နယ်တွင် ဧက ၆၇၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၅၇၉၀၊ ပုလဲမြို့နယ်တွင် ၂၇၃၅ ဧက စုစုပေါင်း ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၉၅၄၅ ဧက ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၁၉၅၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားမယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးမယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးသွားမယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပြင်ဦးလွင်မြို့နေ ကိုကြည်စိုးသန့်-မသီတာ သား မောင်ဘုန်းမြင့်မြတ်ဟိန်း၊ သမီး မယ်ဘုန်းပြည့်ဝ မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

## ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဓနုဖြူ စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိတစ်လအတွင်း မနောသုခဆန်အမျိုးအစားတင်ရေ ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ဓနုဖြူမြို့နယ်ကနေ မနောသုခဆန်တင်းရေတော်တော်များများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ မနောသုခ စပါးအမျိုးအစားက ဆန်အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်တယ်။ မနောသုခဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားဆန်အိတ်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ဒီစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းက အဓိကထား တင်ပို့ရောင်းချနေပါတယ်''ဟု ဓနုဖြူမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၁၀ အိတ်လျှင် ငွေကျပ် ၉၈၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချအလုပ်သမား၊ ကုန်တင်ယာဉ်အငှားလိုက်သည့်လုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## တန့်ယန်းမြို့နယ် နမ့်စီစိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းကောင်ကျေးရွာအုပ်စု နမ့်စီစိမ်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက နမ့်စီစိမ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး နမ့်စီစိမ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၃၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထိုနောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နမ့်စီစိမ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို ရန်ပုံငွေကျပ် ၃၃၇ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

## မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၁၁၂၅၀ စိုက်ပျိုးမည်

**မုံရွာ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၁၁၂၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၇၃၅၀၊ ဘုတလင်မြို့နယ်တွင် ဧက ၆၀၀၊ အရာတော်မြို့နယ်တွင် ဧက ၂၀၀ နှင့် ချောင်းဦးမြို့နယ်တွင် ဧက ၃၁၀၀ စုစုပေါင်း ဧက ၁၁၂၅၀ ဖြစ်ကြောင်းသိရသည်။

"ဒီနှစ် မုံရွာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီဧက ၁၁၂၅၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီစိုက်ပျိုးတောင်သူများ ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့်ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီစိုက်ပျိုးတောင်သူများအနေဖြင့် ကြက်သွန်နီ တစ်ဧကစိုက်ပျိုးရာတွင် ငွေကျပ် ၁၈ သိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း၊ ကြက်သွန်နီ တစ်ဧကလျှင် ပိဿာ ၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီအများဆုံးစိုက်ပျိုးကြသည့် မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘိုနှင့် မြင်းမူမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

(၂၀၆)



# ခေါင်းဆောင်မှုအညွှန်း

**ချစ်နိုင်(စိတ်ပညာ)**

**အသိဉာဏ်ကင်းမဲ့သည့်၊ ပညာခေါင်းပါးသည့်၊ မိုက်မှားစွာ ညီညွတ်နေသည့် ဒီမိုကရေစ ခေတ်ကြီးမျိုးကိုတော့ မည်သူမျှ လိုလားမည်မဟုတ်ပါ။**

**ဖွံ့ဖြိုးတိုးတက်သော၊ ဉာဏ်ပညာရှိသော၊ ဒီမိုကရေစီခေတ်ကြီးကို လိုလားမျှော်မှန်းကြရသည်သာ ဖြစ်ပါသည်။**

**ဆရာအောင်သင်း(၁၉၂၇-၂၀၁၄)**

**နိဒါန်း**

နိုင်ငံတော်က တစ်သက်တာစာပေဆုရွေးချယ်ချီးမြှင့်ဂုဏ်ပြုခြင်းကို ခံယူခဲ့ရသော ဆရာကြီး ဦးအောင်သင်း လွန်ခဲ့သော အနှစ် ၂၀ လောက်က ရေးခဲ့ဖူးသော အထက်ပါစာပိုဒ်က စာရေးသူကို ခေါင်းဆောင်မှုဘာသာရပ်အကြောင်း အလေးထားရှာဖွေစုဆောင်း၍ ရေးသားမျှဝေရန် စေ့ဆော်တိုက်တွန်းနေသကဲ့သို့ ခံစားမိပါသည်။ စာရေးသူသည် ၂၀ ရာစုကုန်ခါနီးအချိန်ဝယ် နောင်လာမည့် ၂၁ ရာစုခေတ်ကို မျှော်မှန်း၍ကြည့်မိပါသည်။ အနာဂတ်သည် ပညာခေတ်ဖြစ်မည်။ အတတ်ပညာ၊ နည်းပညာက အထူးအရေးပါသော ပညာခေတ်ဖြစ်လာတော့မည်။

ပညာမြင့်သူက ပညာနိမ့်ပါးသူများကို တရားမဲ့စွာ နိုင်ရာစား ဗိုလ်ကျအနိုင်ကျင့်မှုများ၊ ဒေသန္တရစစ်ပွဲများ၊ ကြီးနိုင်ငယ်ညှဉ်းကျူးကျော်စစ်ပွဲများ၊ ဖိနှိပ်အမြတ်ထုတ်ခြင်းများရှိလာနိုင်သည်ကို ကြိုတင်မြင်ရသည်။

အနာဂတ်ကိုပိုင်စိုးကြသူတို့မှာ လူငယ်များဖြစ်ကြပါသည်။ ထို့ကြောင့် မိမိရေးသမျှစာအုပ်ပေါင်း တစ်ရာကျော်တွင် လူငယ်များဆိုင်ရာစာအုပ်ပေါင်း ၁၄ အုပ်၊ ကြီးပွားအောင်မြင်ကြောင်း ၂၁ အုပ်နှင့် ခေါင်းဆောင်မှုဆိုင်ရာ အသိပညာစာအုပ် ၁၁ အုပ် ရေးသားထုတ်ဝေခဲ့ပါသည်။ ခေါင်းဆောင်မှုအကြောင်း ရေးခဲ့ဖူးသမျှ စာရင်းချကြည့်လိုက်မိသောအခါ အောက်ပါအတိုင်းတွေ့ခဲ့ရပါသည်။

**၁။ ခေါင်းဆောင်မှုအရည်အသွေး ၂၀၀၁ ခုနှစ်**

**၂။ ခေါင်းဆောင်ကွပ်ကဲသူနှင့် စိန်ခေါ်နေတဲ့ အနာဂတ် ၂၀၀၂ ခုနှစ်**

**၃။ ခေါင်းဆောင်သူ၏လက္ခဏာ ၂၀၀၃ ခုနှစ်**

**၄။ ခေါင်းဆောင်မှုပညာ သိကောင်းစရာ ၂၀၀၅ ခုနှစ်**

**၅။ ခေါင်းဆောင်လက်စွဲ ၂၀၀၆ ခုနှစ်**

**၆။ အကြီးအမှူးဖြစ်စေတတ်သော ၂၀၀၇ ခုနှစ်**

**၇။ ခေါင်းဆောင်မှုနှင့် စီမံခြင်း ၂၀၁၆ ခုနှစ်**

**၈။ ခေါင်းဆောင်မှုအတွေး၏အရေးပါမှု ၂၀၁၈ခုနှစ်**

**၉။ ခေါင်းဆောင်ကောင်း ၂၀၁၉ ခုနှစ်**

**၁၀။ ခေါင်းဆောင်မှုလျှို့ဝှက်ချက် ၂၀၂၀ ခုနှစ်**

**၁၁။ ခေါင်းဆောင်မှု ၂၀၂၂ ခုနှစ်**

ခေါင်းဆောင်မှုအကြောင်းတွေရေးလှချေကလားဟု မေးချင်မေးပါ။ ခေါင်းဆောင်မှုက ကျေးရွာရပ်ကွက်သူကြီး၊ ဆယ်အိမ်ခေါင်းမှ ဝန်ကြီးချုပ်၊ သမ္မတအထိ အရည်အသွေးများကောင်းမွန်ပြည့်ဝကြပါမှ ဒီမိုကရေစီနိုင်ငံတော်သည်အောင်မြင်တိုးတက်ပါလိမ့်မည်။ ပြည်သူရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များက ပြည်သူ့ကိုယ်စားလုပ်ပိုင်ခွင့်အာဏာကို ကိုင်တွယ်စီမံကြသောအခါ ဥပဒေပြုအာဏာ၊ တရားစီရင်မှုအာဏာ၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးတာဝန် စသည်တို့တွင် ခေါင်းဆောင်တာဝန်ယူကြရမည့် ပုဂ္ဂိုလ်ပေါင်းများစွာသည် အရည်အချင်းပြည့်စုံမှ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးသာယာပေမည်မဟုတ်ပါလား။

**စုဆောင်း**

ထို့ကြောင့် လွန်ခဲ့သော အနှစ် ၂၀ မှ ယခုအထိ အဆက်မပြတ်ရှာဖွေစုဆောင်း၊ ဖတ်ရှုလေ့လာပြီး စိတ်ပါဝင်စားကြသူများကို အလွယ်တကူရစေလိုသောစေတနာဖြင့် ရေးသားတင်ပြခြင်းသာဖြစ်ပါသည်။ တော်လို့တတ်လို့ ဆရာလာလုပ်နေခြင်းကားမဟုတ်ပါ။ စာရေးသူသည်လည်း စာဖတ်သူနည်းတူ လေ့လာဆဲလူတစ်ယောက်မျှသာဖြစ်ပါ၏။

ယနေ့ခေတ်အခါ၏ အားသာချက်များမှာ နိုင်ငံတကာမှာထုတ်ဝေနေသော စာအုပ်အမျိုးပေါင်းများစွာကို စာကြည့်တိုက်ကြီးများသို့ သွားရောက်

**❖ စင်စစ်ခေါင်းဆောင်မှုဆိုသည်မှာ လွှမ်းမိုးနိုင်မှုရှိခြင်းသဘောပင်ဖြစ်၏။ လူနှစ်ယောက် ခရီးတစ်ခုခုကို စိတ်တူကိုယ်တူ အတူသွားလျှင်ပင် နှစ်ယောက်အနက် တစ်ယောက်က ခေါင်းဆောင်၊ ကျန်တစ်ယောက်က နောက်လိုက်ဖြစ်နေပါသည်။ မည်သူက ခေါင်းဆောင်သနည်းဆိုလျှင် အသက်ကြီးသူ၊ အရပ်မြင့်သူ၊ ရုပ်လှသူဟုမဆိုသာပါ။ လမ်းသိသူ၊ ယခင်တစ်ခေါက် ရောက်ဖူးသူ၊ သွားရမည့်ခရီးအကြောင်း ပိုပြီးသိသူက ရှေ့ဆောင်ဦးစီးနေရာ ခေါင်းဆောင်ဖြစ်သွားသည်မဟုတ်ပါလား။ ❖**

ဖတ်ရှုနေစရာမလိုဘဲ မိမိအိမ်မှာပင် လက်ကိုင်ဖုန်း သို့မဟုတ် တက်ဘလက် သို့မဟုတ် လက်တော့ကွန်ပျူတာ စသည်တို့အပေါ်မှာ ဖတ်ရှုလေ့လာနိုင်ပေပြီ။ စာအုပ်များကို တစ်ပတ်ဆယ်ရက်ဖတ်ရမည့် အစားအချိန်တိုတိုနှင့် နားလည်သိမြင်ချင်ပါက အနှစ်ချုပ်ပြန်ပြောပြခြင်းများ၊ ရှင်းပြခြင်းများ၊ စာအုပ်သုံးသပ်ဝေဖန်ချက်များ၊ စာအုပ်အညွှန်းများကို ဖတ်ရှုနားထောင်လေ့လာခြင်းအားဖြင့် (အပြည့်အဝမဟုတ်သော်လည်း)အတန်အသင့်တော့ သိခွင့်ကြားခွင့်ရနိုင်ကြပေသည်။ စာမျက်နှာပေါင်း ၉၀၀၊ ၁၀၀၀ ထူသော ဂန္ထဝင်စာအုပ်အတွဲများကိုလည်း မူရင်းအတိုင်း အပြည့်အစုံဖတ်လိုလျှင်လည်း ကူးယူဖတ်ရှုနိုင်ကြပါသည်။ အင်္ဂလိပ်စာတော့ ပိုမိုကျွမ်းကျင်အောင် လေ့လာပြင်ဆင်သင့်ပေသည်။ ရိုက်စပီးယားပြဇာတ်မူရင်းများက ဝိတိုရိယခေတ်စာပေအသုံးအနှုန်းမျိုးတွေဖြစ်သဖြင့် ပြန်လည်တစ်ဆင့်ရေးပြထားသော ကျမ်းစာ၊ ဝတ္ထု၊ ပြဇာတ်များမှတစ်ဆင့် အဆင့်ဆင့်လေ့လာသွားမှ သင့်တော်မည်ထင်ပါသည်။

**လွယ်ကူ**

ခေါင်းဆောင်မှုအကြောင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်အထူအပါး၊ အဆင့်အနိမ့်အမြင့်၊ အကြောင်းအရာအကျဉ်းအကျယ်လည်း အမျိုးမျိုးရှိကြပါသည်။ စီးပွားရေးခေါင်းဆောင်မှု၊ အုပ်ချုပ်ရေးခေါင်းဆောင်မှု၊ စစ်ရေးခေါင်းဆောင်မှု စသဖြင့် နယ်ပယ်ဘာသာရပ်အလိုက်လည်း ကွဲပြားနိုင်ပါသေးသည်။

စင်စစ်ခေါင်းဆောင်မှုဆိုသည်မှာ လွှမ်းမိုးနိုင်မှုရှိခြင်းသဘောပင်ဖြစ်၏။ လူနှစ်ယောက်ခရီးတစ်ခုခုကို စိတ်တူကိုယ်တူ အတူသွားလျှင်ပင် နှစ်ယောက်အနက် တစ်ယောက်က ခေါင်းဆောင်၊ ကျန်တစ်ယောက်က နောက်လိုက်ဖြစ်နေပါသည်။ မည်သူက ခေါင်းဆောင်သနည်းဆိုလျှင် အသက်ကြီးသူ၊ အရပ်မြင့်သူ၊ ရုပ်လှသူဟုမဆိုသာပါ။ လမ်းသိသူ၊ ယခင်တစ်ခေါက်ရောက်ဖူးသူ၊ သွားရမည့်ခရီးအကြောင်း ပိုပြီးသိသူက ရှေ့ဆောင်ဦးစီးနေရာ ခေါင်းဆောင်ဖြစ်သွားသည်မဟုတ်ပါလား။

**လိုအပ်ချက်**

ခေါင်းဆောင်နေရာတာဝန်(အလှည့်)ကျသော လူက ရှိဖို့လိုအပ်သော အချက်များ၊ များစွာရှိနိုင်ပါသည်။ ခေါင်းဆောင်မှုအကြောင်း နှစ်ပေါင်းများစွာ လေ့လာပြုစုဟောပြောခဲ့ဖူးသော စာရေးဆရာဂျင်မ်ရွှန်က ဖော်ပြသော အဓိကလိုအပ်ချက်အင်္ဂါရပ်များကတော့ အောက်ပါအတိုင်းဖြစ်ပါသည်။ ဆယ်အိမ်မှူးပဲဖြစ်ဖြစ် မြို့နယ်စည်ပင်သာယာရေးဥက္ကဋ္ဌပဲဖြစ်ဖြစ်၊ ပြည်နယ်ဝန်ကြီးချုပ်ပဲဖြစ်ဖြစ်၊ နိုင်ငံတော်သမ္မတကြီးပဲဖြစ်ဖြစ်(အဆင့်တိုင်းအတွက်) အဓိကလိုအပ်ချက်ဟုဆိုလိုပါသည်။ သတ္တိဆိုတာဘာ၊ ကျင့်ဝတ်စည်းကမ်းဆိုတာဘာတွေလဲ စသည်ကိုမူ အကျယ်မရှင်းပြတော့ပါ။ တိုတိုကျဉ်းကျဉ်းနှင့် တိတိကျကျပြည့်ပြည့်စုံစုံ သိရစေရန် မူရင်းကိုဘာသာပြန်၍ ဖော်ပြပါသည်။

**၁။ သတ္တိ**

**၂။ တရားမျှတမှု၊ မှန်ကန်ဖြောင့်မတ်မှု**

**၃။ တိကျသောဆုံးဖြတ်ချက်**

**၄။ မိမိတို့မြို့၊ ရွာ၊ နိုင်ငံ၊ အသင်း၊ အဖွဲ့အတွင်း တစ်ဦးချင်းအရည်အသွေးတိုးတက်ရေး စီမံချက်(Planning) ရှိရမည်။ သို့ရာတွင် မဲပေးဖို့သာ တွင်တွင်ပြောပြီး အသင်းသားပြည်သူတွေ၏ဘဝကို ဘာကိုဘယ်လိုတိုးတက်ရမည်ဟု စဉ်းစားသူနည်းပါးခဲ့ကြောင်း၊ သင်ခန်းစာယူစရာကောင်းပါ၏။**

**၅။ ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေ။ စံနမူနာပြ လိုက်နာခြင်း(ခေါင်းကစ မိုးမလုံခဲ့သဖြင့် ကြမ်းတွေရေစိုဆွေး၍ လဲပြိုကျသွားခဲ့သော သင်ခန်းစာရှေ့မှာ ရှိခဲ့ဖူးပြီ။)**

**၆။ လစာထက်လုပ်ငန်းခွင်သက်သာချောင်ချိရေး၊ ပျော်ရွှင်ကျေနပ်မှုရှိရေးဆောင်ရွက်နိုင်ခြင်း။**

**၇။ တစ်ဦးချင်းစီ၊ တစ်ဦးချင်းစီကိုဂရုစိုက်မှု**

**၈။ စာနာမှု၊ နားလည်မှု**

**၉။ တာဝန်ခံမှု၊ တာဝန်ယူမှု**

**၁၀။ စိတ်အားထက်သန်မှု(စိတ်ဓာတ်မကျမှု)**

**၁၁။ ပူးပေါင်းဆောင်ရွက်လိုမှု**

**၁၂။ မြင်ကွင်းကျယ်ကြိုတင်မြော်မြင်နိုင်မှု**

**၁၃။ အခြား(ဤ ၁၂ ချက်ကလွဲ၍ မရှိတော့ဟု မဆိုလိုပါ)ကြိုက်သလောက်ဖြည့်နိုင်သေး၏။**

အထက်ပါအကြောင်းအချက်များသည် အာဏာသုံးရပ်တွင် တာဝန်ပေးရန်ရွေးချယ်ခံမည့်ပုဂ္ဂိုလ်များကသာ သိရှိရန်လိုအပ်သည်မဟုတ်ပါ။ ကိုယ်စားလှယ်လောင်းကို ရွေးချယ်တင်မြှောက်ကြရမည့်သူများကိုယ်တိုင်က စဉ်းစားချင့်ချိန်တတ်ကြရန် သိရှိရမည့် အချက်များပင်မဟုတ်ပါလား။

**အစွန်းနှစ်ဖက်**

ဂျက်ကိုဝီးလင့်(Jacko Willink)နှင့် လိဖ်ဘာဘင် (Leif Babin) တို့နှစ်ဦးရေးသားသော နှစ်ဖက်အစွန်းနှင့်ခေါင်းဆောင်ဟူသောစာအုပ်တွင်ဖော်ပြထားသော အချက်များကလည်း စိတ်ဝင်စားဖွယ်ကောင်းပါသည်။

ခေါင်းဆောင်နေရာတာဝန်ထမ်းဆောင်ရမည့်လူက စဉ်းစားရွေးချယ်ရသောလမ်းဆုံလမ်းခွများကို မုချတွေ့ကြုံရင်ဆိုင်ရပေသည်။ ထိုအခါ မိမိအတွေ့အကြုံအရ မူသေရှိနေခဲ့သော အယူအဆအပေါ်အခြေခံပြီး အစွဲမပါမိအောင် သတိချပ်သင့်သည်ဟု ရေးထားပါသည်။ အစွန်းရောက်သောဆုံးဖြတ်ချက် မဖြစ်သင့်ကြောင်း အကျယ်ရှင်းပြထားသော်လည်း ဤနေရာတွင် သဘောမျှသာတင်ပြရပါသည်။ နမူနာဥပမာ သူက လေးချက်ဖော်ပြပါသည်။ စာဖတ်သူက ဆက်လက်စဉ်းစားသုံးသပ်နိုင်ပါမည်။

**၁။ ယုံကြည်မှုနှင့်လူသားမျိုးနွယ်**

**၂။ စည်းမျဉ်းစည်းကမ်းနှင့် တီထွင်ဖန်တီးမှု**

**၃။ အလုပ်ကြိုးစားမှုနှင့် အလုပ်တော်မှု (Working Hard Vs Working Smart)**

**၄။ ခေါင်းဆောင်ခြင်းနှင့် နောက်လိုက်ခြင်း (Leading Vs Following)**

**ဆုံးဖြတ်ချက်**

အခြေအနေတစ်ရပ်မှာ နှစ်ဖက်လွန်ဆွဲနေသော အလားတူစဉ်းစားစရာအားပြိုင်မှုများတွေ့ကြုံရတတ်ပါသည်။ ခေါင်းဆောင်သည် အခြေအနေအချိန်အခါနှင့် ကိုက်ညီဆီလျော်သောရွေးချယ်ဆုံးဖြတ်ချက်ကို ချရပါသည်။ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်၊ အကောင်းနှင့်အညံ့ကဲ့သို့ ကွဲပြားထင်ရှားသော အခြေအနေမျိုး ရှင်းရှင်းလင်းလင်းမဟုတ်သော အဆိုးလေးနှင့်အဆိုးကြီး၊ အပူနှင့်အစပ်၊ ဘာပဲရွေးရွေးတစ်ခုမှ မကောင်းသောအခြေအနေထဲမှ တစ်ခုကိုရွေးရခြင်းမျိုးလည်းရှိတတ်ပေသည်။

**တာဝန်**

စိတ်ပညာပါမောက္ခ ဆိုင်မွန်ဆီနက် (Simond Sinak) ရေးသောစာအုပ်တွင် ခေါင်းဆောင်မှာ အောက်ပါအချက်များကို မဖြစ်မနေစဉ်းစားဆောင်ရွက်ကြရပါသည်ဟုဆို၏။ အဖြေရှာရာတွင် အဘယ်ကြောင့်ဟူသော အရင်းခံအကြောင်းကိုအကောင်းဆုံး တည်ဆောက်၊ ပျိုးထောင်၊ ပြောင်းလဲနိုင်အောင် စဉ်းစားရမည်ဟု ဆိုပါသည်။

**၁။ ခိုင်မာသော အကျိုးထိရောက်သော လုပ်ငန်းခွင်ယဉ်ကျေးမှု(အလုပ်ကျင့်ဝတ်)ကိုတည်ဆောက်ပေးရန်။**

**၂။ ဝန်ထမ်း၊ အမှုထမ်း၊ အရာထမ်းများ မက်မောသဘောကျသော (သူတို့ကိုစေ့ဆော်နိုင်မည့်) အထူးဆုလာဘ်ချီးမြှင့်မြှောက်စားမှုပေးရန်။**

**စာမျက်နှာ ၅ သို့ ➤**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကျုံပျော်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ဧက ၅၇၀ စိုက်ပျိုးပြီးစီး



**ကျုံပျော် စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ဧက ၅၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ကျုံပျော်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ဧက ၅၇၀ ကို ယခုနှစ် ဇူလိုင်လ ပထမပတ်ကစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ငရုတ်ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ငရုတ်သီးနှံများလျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက တောင်သူအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျုံပျော်ခရိုင်မှာ မိုးသီးနှံစိုက်ပျိုးတဲ့ရာသီအတွင်း ငရုတ်လျာထားဧက ၅၇၀ ထိစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ငရုတ်ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးသီးနှံစိုက်ပျိုးရာသီမှာ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ငရုတ်အမျိုးအစားတွေကို အများစုရွေးချယ် စိုက်ပျိုးထားပါတယ်။ ငရုတ်သီးနှံတွေအပါအဝင် မိုးသီးနှံတွေအားလုံး လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ကျုံပျော်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်စိုက်ပျိုးမှုအနေဖြင့် ကျုံပျော်မြို့နယ်တွင် ၁၀၈ ဧက၊ ရေကြည်မြို့နယ်တွင် ၂၅၉ဧက၊ ကျောင်းကုန်းမြို့နယ်တွင် ၂၀၃ ဧက စုစုပေါင်းဧက ၅၇၀ ဖြစ်ကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးထားသော ငရုတ်များ အထွက်နှုန်းညီစေရေး၊ ပိုးမွှားအန္တရာယ် မကျရောက်စေရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ အရည်အသွေးကောင်းစေရေး စသည့်လုပ်ငန်းများကို ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

**၃။ အထူးအခွင့်အရေးသက်သာခွင့်၊ ကျေနပ်နှစ်သက်မှုဖြစ်အောင် ဆွဲဆောင်၍ တာဝန်ပေးရန်။**
**၄။ မြင့်မြင့်မားမား ရည်မှန်းချက်ထားစေရန်။**
**၅။ ခံနိုင်ရည်၊ ဖွဲ့၊ သတ္တိရှိအောင် လေ့ကျင့်ရန်။**
**၆။ အချင်းချင်းလေးစားချစ်ခင်တန်ဖိုးထားတတ်ရန်။**
**၇။ ဖန်တီးတီထွင်ဆန်းသစ်ကြစေရန်။**
**၈။ သစ္စာရှိရန်။**
**၉။ အလုပ်ကိုမြတ်နိုးလေးစားတတ်ရန်။**
**၁၀။ ဤနေရာ၊ ဤတာဝန်၊ ဤလုပ်ငန်းခွင်မှာ ပါဝင်လုပ်ဆောင်နေရခြင်း၏ သူ့မျှော်မှန်းချက် (ဘာလဲသိအောင်လေ့လာ၍) ပြည့်ဝအောင် ကူညီပေးရန်။**

**သိကြသုံးကြ**

အမေရိကန်စိတ်ပညာပါမောက္ခရေးသားသော ခေါင်းဆောင်မှုဆိုင်ရာစာအုပ်အတော်များများကို အနောက်တိုင်းမှာ လက်စွဲလိုက်နာကျင့်သုံးနေကြကြောင်း တွေ့ရှိရပါသည်။ ပါမောက္ခဒေါက်တာဆိုင်မွန်ဆီနက် ရေးသောစာအုပ်များကို စီးပွားရေးလုပ်ငန်းရှင်များ၊ သန်းကြွယ်သူဌေးများကအသုံးချ၍ သူတို့ကုမ္ပဏီကြီးများတွင် ဟောပြောပွဲ၊ ဆွေးနွေးပွဲများ ဖိတ်ကြားဆောင်ရွက်လေ့ရှိကြပါသည်။ အခြားအဆင့် ဝန်ထမ်းများအပါအဝင် အရာရှိ၊ အရာထမ်းဝန်ထမ်းများသည် မိမိကိုယ်တိုင် ခေါင်းဆောင်မှုအရည်အသွေးပြည့်ဝအောင် ဖြည့်ဆည်းလေ့ကျင့်မည်၊ လက်အောက်ကိုလည်း အလုပ်ခွင်သင်ကြားပြသ၍ ပိုမိုတိုးတက်စေရမည်(On-the-job-training)ဟု လုပ်ဆောင်ခြင်းမရှိဘဲ အထက်နှင့်အောက်လုပ်ငန်းသဘောသက်သက်မျှသာ ဆက်ဆံထိတွေ့နေကြသည်ကို တွေ့ကြရပါလိမ့်မည်။

**နိဂုံး**

တစ်လှေတည်းစီး၍ တစ်ခရီးတည်းသွားနေကြသူချင်း သေအတူရှင်မကွာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးဖြင့် ကြိုးပမ်းအားထုတ်အလုပ်လုပ်ကြမည်ဟူသော ခံယူချက်မျိုးဖြင့် အရှိန်အဟုန်မြှင့်တင်ရန် ခေါင်းဆောင်မှုအတတ်ပညာသည် မရှိမဖြစ်လိုအပ်နေပါကြောင်း ဖော်ပြအပ်ပါသည်။

## ကမ်းလက်များ၏ မြတ်ဂုဏ်ရည်

- လဲနေသူများ တွဲကူပြောက
စိတ်ထားဖြူဖွေး မေတ္တာပေး၍
ဖေးမလက်ကမ်း အေးချမ်းစေရာ
စေတနာပေး ဘယာဝေးဖို့
တွေးဆကြည်ဖြူ စွမ်းဆောင်သူ။

- နွေးထွေးပျူငှာ စေတနာဖြင့်
သူငါစိတ်ဝမ်း မညှိုးနွမ်းအောင်
စွမ်းဆောင်ကြိုးပမ်း အေးချမ်းစေရာ
ကရုဏာရှင် စိတ်ဖြူစင်။

- ပရဟိတ စိတ်ထားလှဖြင့်
လောကကောင်းကျိုး ရွက်သယ်ပိုးကာ
ကိုယ်ကျိုးမယူ စွမ်းဆောင်သူ။

- လောကအလှ ရုပ်လုံးကြွဖို့
မျှတအောင်ပြု စွမ်းဆောင်မှုကြောင့်
သုခချမ်းသာ များသူငါတို့
သာယာငြိမ်းအေး ဒုက္ခဘေးမှ
လွတ်ရေးကယ်တင် စွမ်းဆောင်ရှင်။

- အကြင်သူများ စွမ်းဆောင်အားနှင့်
များလှကျေးဇူး ဂုဏ်အထူးကို
ဖော်ကျူးရေးသား ကမ်းလက်များဟု
ပြန့်ပွားစေရည် ကဗျာသီကာ
ဦးတည်ဂုဏ်ပြုအပ်ပါသည်
ကမ်းလက်များ၏ မြတ်ဂုဏ်ရည်။ ။

**မောင်လေပြေ(တောင်တွင်း)**

## နိုင်ငံတကာ သတင်းများ

# အစ္စရေးနိုင်ငံမြောက်ပိုင်းကို ဟစ်ဇ်ဘိုလာအုပ်စု ဒုံးကျည် ၁၀၀ ကျော်ဖြင့် တိုက်ခိုက်

**ဂျေရုဆလင် စက်တင်ဘာ ၂၂**

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုက ယနေ့နံနက်ပိုင်းတွင် အစ္စရေးနိုင်ငံမြောက်ပိုင်းကို ဒုံးကျည်အစင်း ၁၀၀ ကျော်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

အစ္စရေးတပ်မတော်က လက်ဘနွန်တောင်ပိုင်း ပစ်မှတ်များကို လေကြောင်း တိုက်ခိုက်မှုအကြိမ်ရာနှင့်ချီပြုလုပ်ခဲ့ပြီးနောက် ဟစ်ဇ်ဘိုလာအုပ်စုက အစ္စရေးနိုင်ငံကို ဒုံးကျည်အစင်း ၁၀၀ ကျော်ဖြင့် တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း လက်ဘနွန်တောင်ပိုင်းရှိ ဟစ်ဇ်ဘိုလာပစ်မှတ်၄၀၀ကျော်ကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း အစ္စရေးတပ်မတော်က စက်တင်ဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

စက်တင်ဘာ ၂၀ ရက်တွင် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့၌ အစ္စရေးတပ်မတော်က ပြုလုပ်ခဲ့သော လေကြောင်း တိုက်ခိုက်မှုတွင် ဟစ်ဇ်ဘိုလာ ထိပ်တန်းတပ်မှူးတစ်ဦးအပါအဝင် လူပေါင်းအနည်းဆုံး၄၅ ဦး သေဆုံးခဲ့ပြီးနောက် ဟစ်ဇ်ဘိုလာအုပ်စုက အစ္စရေးနိုင်ငံကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဟစ်ဇ်ဘိုလာအဖွဲ့က ပစ်လွှတ်ခဲ့သောဒုံးကျည်များသည် အစ္စရေးမြောက်ပိုင်း ဟိုင်ဖာဆိပ်ကမ်းမြို့နှင့် နာဇရက်မြို့ ဧရိယာများအနီး ထိရောက်ရှိခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ရက်တွင် ဂါဇာစစ်ပွဲစတင်ဖြစ်ပွားခဲ့ပြီးနောက် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ကြား အပြန်အလှန်ပစ်ခတ်မှုများ စတင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ကွန်ဂို၌ အကျဉ်းထောင်လူဦးရေကို လျှော့ချရန် အကျဉ်းသားဦးရေ ၆၀၀ အစိုးရပြန်လွှတ်ပေး

**ကင်ရှာဆာ စက်တင်ဘာ ၂၂**

အကျဉ်းထောင်များ၌ အကျဉ်းသားဦးရေ သတ်မှတ်ချက်ထက်လွန်ကဲမှုပြဿနာကို ဖြေရှင်းရေးအတွက် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ တာဝန်ရှိသူများက စက်တင်ဘာ ၂၁ ရက်တွင် အကျဉ်းသား၆၀၀ကို ပြန်လွှတ်ပေးခဲ့သည်။

အကျဉ်းထောင်များ၌ အကျဉ်းသားဦးရေ လွန်ကဲမှုပြဿနာကို လျှော့ချရေးအတွက် ကင်ရှာဆာမြို့ မာကာလာဗဟိုအကျဉ်းထောင်မှအကျဉ်းသား ဦးရေ ၆၀၀တို့ကို ပြန်လွှတ်ပေးခဲ့ကြောင်း ကွန်ဂိုတရားရေးဝန်ကြီး မူတမ်ဘာက ပြောကြားခဲ့သည်။

မာကာလာ ဗဟိုအကျဉ်းထောင်သည် ကွန်ဂိုနိုင်ငံ၏ အကြီးဆုံး အကျဉ်းထောင်ဖြစ်သော်လည်း အကျဉ်းသားအရေအတွက်ကို သတ်မှတ်ချက်ထက် ပို၍ လက်ခံထားရသည်။

မာကာလာ အကျဉ်းထောင်သည် အကျဉ်းသားဦးရေ ၁၅၀၀ ကိုသာ လက်ခံနေရာပေးနိုင်သော်လည်း လက်ရှိတွင် အကျဉ်းသားဦးရေ ၁၂၀၀၀ထိ လက်ခံထားရကြောင်း ကွန်ဂိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယခုလ အစောပိုင်းကလည်း မာကာလာ အကျဉ်းထောင်၌ ထောင်ဖောက်ရန် ကြိုးစားမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အကျဉ်းသား ၁၂၉ဦးသေဆုံးခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO



# ဆွစ်ဇာလန်ညီလာခံ နောက်ဆက်တွဲဆွေးနွေးပွဲများ၌ပါဝင်မည်မဟုတ်ကြောင်း ရုရှားအစိုးရပြောကြား



**မော်စကို စက်တင်ဘာ ၂၂**

ဆွစ်ဇာလန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့သော ယူကရိန်းငြိမ်းချမ်းရေးနိုင်ငံတကာ ထိပ်သီးညီလာခံ နောက်ဆက်တွဲအဖြစ်ကျင်းပမည့် မည်သည့်ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်မျှ ရုရှားနိုင်ငံပါဝင်မည် မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဆွစ်ဇာလန်ညီလာခံ နောက်ဆက်တွဲ ဆွေးနွေးပွဲများမှာလည်း အတုအယောင်ငြိမ်းချမ်းရေးဆွေးနွေးပွဲများသာ ဖြစ်လိမ့်မည်ဖြစ်ရာ ယင်းဆွေးနွေးပွဲများတွင် ရုရှားနိုင်ငံ ပါဝင်လိမ့်မည်မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံသည် ယခုနှစ်ဇွန်လအတွင်း ယူကရိန်းငြိမ်းချမ်းရေးနိုင်ငံတကာညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ နိုင်ငံပေါင်း ၉၀ ကျော်မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ပြီး ရုရှားနိုင်ငံမှာမူ ဖိတ်ကြားခြင်း မခံခဲ့ရကြောင်း သိရသည်။

ရုရှားနိုင်ငံ ပါဝင်မှုမရှိသည့် အဆိုပါ ယူကရိန်းငြိမ်းချမ်းရေးညီလာခံမှာ မည်သည့်ရလဒ်ကိုမျှ ဖန်တီးပေးနိုင်မည်မဟုတ်ကြောင်း ရုရှားအစိုးရက ထိုစဉ်ကာလကပင် ဝေဖန်ခဲ့သည်။

သို့ဖြစ်ရာ ဆွစ်ဇာလန်ထိပ်သီးညီလာခံ နောက်ဆက်တွဲအဖြစ် ကျင်းပမည့် ယူကရိန်းငြိမ်းချမ်းရေးဆွေးနွေးပွဲများမှာလည်း အတုအယောင်ဆွေးနွေးပွဲများသာ ဖြစ်နိုင်ဖွယ်ရှိရာ ရုရှားနိုင်ငံအနေဖြင့် ပါဝင်လိမ့်မည် မဟုတ်ကြောင်း မာရီယာဇာခါရိုဗာက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ယူကရိန်းသမ္မတဇီလန်စကီးသည် ဆွစ်ဇာလန်ညီလာခံ နောက်ဆက်တွဲအဖြစ် ရုရှားလည်းပါဝင်တက်ရောက်မည့် ညီလာခံတစ်ခုကို ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

# မက္ကဆီကိုနိုင်ငံ၌ ပြိုင်ဘက်မူးယစ်ဂိုဏ်းများကြား ပဋိပက္ခကြောင့် လူပေါင်း ၅၃ ဦးသေဆုံး၍ ၅၁ ဦးပျောက်ဆုံး

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၂**

ဆီနာလိုအာ မူးယစ်ဂိုဏ်း၏ ပြိုင်ဘက်အုပ်စုနှစ်ခုကြား စက်တင်ဘာ ၉ ရက်က စတင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် မက္ကဆီကိုနိုင်ငံအနောက်ပိုင်း ဆီနာလိုအာပြည်နယ်၌ လူပေါင်း ၅၃ ဦးသေဆုံး၍ ၅၁ဦးပျောက်ဆုံးနေကြောင်း မက္ကဆီကိုအစိုးရ တာဝန်ရှိသူများက စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားခဲ့သည်။



နာမည်ကျော် ဆီနာလိုအာ မူးယစ်ဂိုဏ်းခေါင်းဆောင်တစ်ဦးဖြစ်သည့် အစ္စမေးလ်အယ်လ်မာယိုဇမ်ဘာဒါအမေရိကန်နိုင်ငံ၌ ဖမ်းဆီးခံခဲ့ရပြီးနောက် ဆီနာလိုအာဂိုဏ်း ပြိုင်ဘက်အုပ်စုများကြား ပဋိပက္ခများစတင်ဖြစ်ပွားခဲ့သည်။

ဆီနာလိုအာ ပြိုင်ဘက်အုပ်စုများကြား ပဋိပက္ခစတင်ခဲ့သည့် စက်တင်ဘာ ၉ ရက်မှ ယနေ့ထိ ဆီနာလိုအာပြည်နယ်၌ လူပေါင်း ၅၃ ဦးသေဆုံး၍ ၅၁ ဦးပျောက်ဆုံးနေကြောင်း ပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဆီနာလိုအာပြိုင်ဘက်အုပ်စုများကြား ပဋိပက္ခများနှင့်ပတ်သက်၍ မက္ကဆီကိုတပ်မတော်က လူပေါင်း၄၀ ကျော်ကို ဖမ်းဆီးထားကြောင်း သိရသည်။

ဆီနာလိုအာပြည်နယ်မူးယစ်ဂိုဏ်းပြဿနာများအတွက် အမေရိကန်နိုင်ငံတွင် တာဝန်ရှိကြောင်း မက္ကဆီကိုအစိုးရက ဝေဖန်ထားသည်။

ဆီနာလိုအာဂိုဏ်းခွဲတစ်ခုဖြစ်သည့် လော့စ်ချာပီတော့စ်ဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သည့် ဇမ်ဘာဒါသည် အမေရိကန်နိုင်ငံသို့ ပြန်ပေးဆွဲ ခေါ်ဆောင်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# သီရိလင်္ကာသမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ထပ်မံကျင်းပမည်

**ကိုလံဘို စက်တင်ဘာ ၂၂**

သီရိလင်္ကာ သမ္မတရွေးကောက်ပွဲ၌ အဓိကပြိုင်ဘက်သမ္မတလောင်းများအနေဖြင့် မည်သူကမျှထောက်ခံမဲရာနှုန်း ၅၀ ရာခိုင်နှုန်းကို မရယူနိုင်ခဲ့မှုကြောင့် ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲကို ထပ်မံကျင်းပရမည် ဖြစ်ကြောင်း သီရိလင်္ကာရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သီရိလင်္ကာ သမ္မတရွေးကောက်ပွဲဒုတိယအကျော့တွင် လက်ဝဲဝါဒီ သမ္မတလောင်း အနုရာဒစ်ဆာနာယာကီနှင့် အတိုက်အခံသမ္မတလောင်း ဆာဂျစ်ပရီမာဒါဆာတို့ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယခုနှစ် သမ္မတရွေးကောက်ပွဲသည် သီရိလင်္ကာနိုင်ငံအတွက် သမိုင်းတစ်လျှောက် ဒုတိယအကျော့ထပ်မံကျင်းပပေးရသည့် ပထမဆုံး သမ္မတရွေးကောက်ပွဲဖြစ်သည်။

စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့သည့်သမ္မတရွေးကောက်ပွဲတွင် လက်ဝဲဝါဒီသမ္မတလောင်း ဒစ်ဆာနာယာကီက ထောက်ခံမဲရာနှုန်း ၃၉ ဒသမ ၅ ရာခိုင်နှုန်းရရှိထားပြီး ပြိုင်ဘက်သမ္မတလောင်း ပရီမာဒါဆာက ၃၄ ရာခိုင်နှုန်းရရှိထားကြောင်း ရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့သည်။


စက်တင်ဘာ ၂၁ ရက် သီရိလင်္ကာ သမ္မတရွေးကောက်ပွဲတွင် သမ္မတလောင်း ၃၈ ဦးတို့ စံချိန်တင်ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ ရွေးကောက်ပွဲသည် နှစ် ၇၀ အတွင်း အပြင်းထန်ဆုံး ဘဏ္ဍာရေး အကျပ်အတည်းကို သီရိလင်္ကာရင်ဆိုင်ခဲ့ပြီးနောက် ပထမဆုံးကျင်းပသည့် သမ္မတရွေးကောက်ပွဲ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## အင်္ဂါဂြိုဟ်၏ သားဆစ်မီးတောင်နယ်မြေအောက် ရေမချော်ရည်ပြင်ကြီးတစ်ခု တည်ရှိနေ



**အမ်စတာဒမ် စက်တင်ဘာ ၂၂**

အင်္ဂါဂြိုဟ်၏ သားဆစ်မီးတောင်နယ်မြေအောက် အလျားမိုင် ၁၀၀၀ ထိရှိသည့် ရေမချော်ရည်ပြင်ကြီးတစ်ခု တည်ရှိနေကြောင်း သိပ္ပံပညာရှင်များက စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

အဆိုပါချော်ရည်ပြင်ကြီးသည် ဖြည်းဖြည်းမှန်မှန် မြင့်တက်လာလျက်ရှိရာ သားဆစ်မီးတောင်နယ်မြေရှိ အိုလံပတ်စ်မွန်း အမည်ရှိ မီးတောင်ကြီး တစ်ချိန်ချိန်တွင် ပြင်းထန်စွာ ပေါက်ကွဲနိုင်ကြောင်း နယ်သာလန် သိပ္ပံပညာရှင်များက ပြောကြားသည်။

နယ်သာလန် သိပ္ပံပညာရှင်များသည် အင်္ဂါဂြိုဟ် အာကာသယာဉ်များမှရရှိထားသည့် အချက်အလက်များကို လေ့လာခဲ့ကြရာ သားဆစ် မီးတောင်နယ်မြေ၏ မြေအောက်အနက် မိုင် ၆၀၀ အကွာတွင် ဒြပ်ဆွဲအားပုံမှန်ထက် အားနည်းသည့် နယ်မြေတစ်ခု တည်ရှိနေသည်ကို ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

အဆိုပါဒြပ်ဆွဲအားနည်းသည့် နယ်မြေသည် အချင်းမိုင် ၁၁၀၀ ရှိသော မြေအောက်ချော်ရည်ပြင်ကြီးကြောင့် ပေါ်ထွက်လာရခြင်း ဖြစ်ကြောင်း နယ်သာလန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ် သားဆစ်မီးတောင်နယ်မြေ၌ အိုလံပတ်စ်မွန်းမီးတောင်အပါအဝင် မီးတောင်ကြီးလေးလုံးတည်ရှိကြောင်း သိရသည်။

အိုလံပတ်စ်မွန်း မီးတောင်သည် နေအဖွဲ့အစည်းအတွင်း အမြင့်ဆုံးမီးတောင်ဖြစ်ပြီး အမြင့် ၁၃ ဒသမ ၆ မိုင်(၂၁ ဒသမ ၉ ကီလိုမီတာ)မြင့်မားကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

Ref : Russia Today

Trs : KKO

## အားတီးမစ်မစ်ရှင် အာကာသယာဉ်များဆင်းသက်ရမည့် လကမ္ဘာ တောင်ဝင်ရိုးစွန်းက ငလျင်လှုပ်ခတ်မှုနှင့်မြေပြိုမှုများ ဖြစ်လွယ်သောဒေသဖြစ်နိုင်

**ဝါရှင်တန် စက်တင်ဘာ ၂၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အားတီးမစ်မစ်ရှင် အာကာသယာဉ်များ ဆင်းသက်ရမည့် လကမ္ဘာ တောင်ဝင်ရိုးစွန်းဒေသသည် ငလျင်လှုပ်ခတ်မှုနှင့် မြေပြိုမှုများ ဖြစ်လွယ်သောဒေသ ဖြစ်နိုင်ကြောင်း စက်တင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

လကမ္ဘာ တောင်ဝင်ရိုးစွန်း နယ်မြေ၌ မြေအောက်ပြတ်ရွေ့ကြောများ တည်ရှိနေသည်ဖြစ်ရာ အားတီးမစ် မစ်ရှင်အနေဖြင့် မြေငလျင်အန္တရာယ်ကိုလည်း ထည့်သွင်း တွက်ချက်ထားရမည်ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေ ပြတ်ရွေ့ကြောများကြောင့် ပေါ်ထွက်လာသည့် ငလျင်များသည် အားတီးမစ်မစ်ရှင် အာကာသယာဉ်များနှင့် အာကာသယာဉ်မှူးများ



အတွက် ဘေးအန္တရာယ်တစ်ရပ် ဖြစ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

နာဆာအဖွဲ့သည် အားတီးမစ်မစ်ရှင်များဖြင့် လကမ္ဘာတောင်ဝင်ရိုးစွန်းသို့ လူသားများစေလွှတ်ရန် သုတေသနအခြေစိုက်စခန်းများ တည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

အားတီးမစ်မစ်ရှင်အရ လွှတ်တင်မည့် လဆင်းယာဉ်နှင့် အာကာသယာဉ်မှူးများသည် လကမ္ဘာတောင်ဝင်ရိုးစွန်း ဆောက်ပိုးလ်-အိုက်ကန်လွင်ပြင်အနီးရှိ မာလာပတ်ဗက်ဆစ်နယ်မြေ၌ ဆင်းသက်ရမည်ဖြစ်သည်။

သို့ရာတွင် အဆိုပါနယ်မြေသည် လကမ္ဘာပြတ်ရွေ့ကြောများ၊ ငလျင်နှင့် မြေပြိုမှုများဖြစ်ပွားနိုင်သည့် ဒေသမျိုးဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ရုရှားအာကာသယာဉ်မှူးနှစ်ဦးက နိုင်ငံတကာအာကာသစခန်းပေါ်၌ ရက်အကြာဆုံး ဆက်တိုက်နေထိုင်သူများအဖြစ် စံချိန်တင်ခဲ့

**မော်စကို စက်တင်ဘာ ၂၂**

ရုရှားအာကာသယာဉ်မှူးနှစ်ဦးသည် နိုင်ငံတကာ အာကာသစခန်းပေါ်၌ ရက်အကြာဆုံး ဆက်တိုက်နေထိုင်သူများအဖြစ် စံချိန်တင်ခဲ့ကြောင်း စက်တင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

ရုရှား အာကာသယာဉ်မှူး အိုလက်ဂ်ကိုနိုနင်ကိုနှင့် နီကိုလိုင်ချုဘ်တို့သည် နိုင်ငံတကာ အာကာသစခန်းပေါ်၌ ရက်ပေါင်း ၃၇၁ ရက်ကြာ နေထိုင်ခဲ့ပြီးနောက် နိုင်ငံတကာ အာကာသစခန်း၌ ရက်အကြာဆုံးဆက်တိုက်နေထိုင်သူများအဖြစ် စံချိန်တင်ခဲ့ကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ရုရှားအာကာသယာဉ်မှူးနှစ်ဦးတို့၏ နိုင်ငံတကာ အာကာသစခန်းပေါ် နေထိုင်ခဲ့သည့် ရက်ပေါင်းမှာ စက်တင်ဘာ ၁၇ ရက်တွင် ၃၇၁ ရက်ပြည့်မြောက်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ အိုလက်ဂ်ကိုနိုနင်ကိုနှင့် နီကိုလိုင်ချုဘ်တို့သည် နိုင်ငံတကာ အာကာသစခန်း၌ ရက်အကြာဆုံး ဆက်တိုက်နေထိုင်ခဲ့သူများအဖြစ် စံချိန်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းပေါ်၌ အချိန်အကြာဆုံးဆက်တိုက်နေထိုင်သူများအဖြစ် စံချိန်တင်ထားသောအာကာသယာဉ်မှူးများမှာ ရုရှားအာကာသယာဉ်မှူး ဆာဂေးပရိုကိုပီယက်ဗ်၊ ဒီမစ်ထရီပီတီလင်နှင့် အမေရိကန် အာကာသယာဉ်မှူး ဖရန်စစ္စကိုရူဘီယိုတို့ဖြစ်သည်။

၎င်းအာကာသယာဉ်မှူး သုံးဦးတို့သည် ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ရက်ပေါင်း ၃၇၀၊ ၂၁ နာရီနှင့် ၂၂ မိနစ်ဖြင့် နိုင်ငံတကာ အာကာသစခန်း၌ အချိန်အကြာဆုံး ဆက်တိုက်နေထိုင်သူများအဖြစ် စံချိန်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## တစ်ကမ္ဘာလုံးအတိုင်းအတာအရ လေဖြတ်မှုနှုန်းနှင့် လေဖြတ်မှုကြောင့် အသက်ဆုံးပါးရမှုနှုန်း မြင့်တက်လာ

**ဝယ်လင်တန် စက်တင်ဘာ ၂၂**

ရာသီဥတုပြောင်းလဲမှုနှင့် အစားအစာ ပုံစံများကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာအရ လေဖြတ်မှုနှုန်းနှင့် လေဖြတ်မှုကြောင့် အသက်ဆုံးပါးရမှုနှုန်းတို့ မြင့်တက်လာကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

နယူးဇီလန်နိုင်ငံ အုတ်ကလန်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ ၂၀၂၁ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ လူပေါင်း ၁၂ သန်းခန့် လေဖြတ်ခဲ့ရာ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ကမ္ဘာတစ်ဝန်း လေဖြတ်မှု ၇၀ ရာခိုင်နှုန်း မြင့်တက်လာသည့် သဘောဖြစ်ကြောင်း သိရသည်။

ထို့ပြင် လေဖြတ်မှုပြဿနာသည် ကမ္ဘာ့လူသားများ အသက်ဆုံးပါးမှု တတိယအများဆုံး ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်လာသည်ဟု နယူးဇီလန် သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

နယူးဇီလန် သုတေသနပညာရှင်များ၏ လေ့လာချက်အရ လက်ရှိတွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ လေဖြတ်မှုကြောင့် နှစ်စဉ်သေဆုံးသူ အရေအတွက်မှာ ပျမ်းမျှအားဖြင့် ၇ ဒသမ ၃ သန်းထိရှိကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း လေဖြတ်မှုပေါင်း ၈၄ ရာခိုင်နှုန်းမှာ လေထုညစ်ညမ်းမှု၊ ကိုယ်အလေးချိန်လွန်ကဲမှု၊ သွေးဖိအားပုံမှန်ထက်မြင့်မားမှု စသည့်နောက်ခံအကြောင်းတရား ၂၃ မျိုးနှင့်ဆက်စပ်နေကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ရှိသမျှဖြင့် ဘဝကိုရောင့်ရဲသူများတွင် နှလုံးဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေနည်းပါး

**ပေကျင်း စက်တင်ဘာ ၂၂**

ရှိသမျှဖြင့် ဘဝကိုရောင့်ရဲလွယ်သူများတွင် နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေပိုနည်းပါးကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များသည် လူပေါင်း ၁၂၀၀၀၀ တို့၏ကျန်းမာရေးအချက်အလက်များနှင့် ဘဝနေထိုင်မှုပုံစံများကို နှိုင်းယှဉ် လေ့လာခဲ့ကြကြောင်း သိရသည်။


လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လက်ရှိဘဝဖြင့် ရောင့်ရဲသူများ၌ နှလုံးသွေးကြောများ ပိတ်ဆို့နိုင်ခြေ ၄၄ ရာခိုင်နှုန်း ပုံမှန်ထက်ပိုနည်းပါးသည်ကို တွေ့ရကြောင်း တရုတ် သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင်ဘဝကိုရောင့်ရဲသူများ၌ လေဖြတ်နိုင်ခြေနှင့် နှလုံးခုန်ရုတ်တရက် ရပ်နိုင်ခြေများလည်း ပုံမှန်ထက် ၄၅ ရာခိုင်နှုန်းမှ ၅၁ ရာခိုင်နှုန်းထိ နည်းပါးကြောင်း တရုတ်သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားသည်။

တရုတ် သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ ဘဝကိုရောင့်ရဲသူများတွင် နှလုံးရုတ်တရက်ဖောက်နိုင်ခြေလည်း ပုံမှန်ထက် ၅၆ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO






## လာလီဂါဂိုးသွင်းအများဆုံးကစားသမား စာရင်းတွင် အမ်ဘာက်ပီ ပူးတွဲဦးဆောင်

**မက်ဒရစ် စက်တင်ဘာ ၂၂**

နွေရာသီအပြောင်းအရွှေ့ကာလက ပီအက်စ်ဂျီအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့သည့် တိုက်စစ်မှူး အမ်ဘာက်ပီသည် အက်စ်ပန်ညိုအသင်းနှင့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် လာလီဂါဂိုးသွင်း အများဆုံးစာရင်းတွင် လီဝမ်ဒေါ စကီးနှင့် ပူးတွဲဦးဆောင်နိုင်ခဲ့သည်။

တိုက်စစ်မှူး အမ်ဘာက်ပီသည် လာလီဂါပြိုင်ပွဲတွင် မာယော့ကာ အသင်း၊ ဗယ်လာဒိုးလစ်အသင်း၊ လက်ပါးမက်အသင်းတို့ပွဲစဉ်တွင် ဂိုးသွင်းနိုင်ခြင်းမရှိဘဲ ရုန်းကန်ခဲ့ရ သော်လည်း ဘက်တစ်အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုး၊ ဆိုစီဒက် အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး နှင့် ယခုပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး နောက် လာလီဂါတွင် စုစုပေါင်းသွင်း ဂိုး လေးဂိုးထိရှိလာခဲ့ပြီး ဂိုးသွင်း အများဆုံး ကစားသမားစာရင်းတွင် ပူးတွဲဦးဆောင်နိုင်ခဲ့သည်။

အက်စ်ပန်ညိုအသင်းနှင့် ပွဲစဉ် တွင် ရီးရဲလ်မက်ဒရစ်အသင်းက လေးဂိုးတစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့ ပြီး အမ်ဘာက်ပီအနေဖြင့် ခြေစွမ်း ပြသနိုင်ခဲ့ကာ ပွဲချိန် ၇၈ မိနစ်တွင် ဗင်နီစီးယက်စ်၏ သွင်းဂိုးကို ဖန်တီးပေးနိုင်ခဲ့ပြီးနောက် ပွဲချိန် မိနစ် ၉၀ တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့ကာ ဂိုးသွင်းအများဆုံး ကစားသမား စာရင်းတွင် ပါဝင်နိုင်ခဲ့ခြင်း ဖြစ်သည်။

လာလီဂါ ဂိုးသွင်းအများဆုံး ကစားသမားစာရင်းတွင် လီဝင်ဒေါ စကီးနှင့် အမ်ဘာက်ပီက သွင်းဂိုး လေးဂိုးစီဖြင့် ပထမ၊ ယာမယ်၊ ရာဖင်ဟာ၊ အိုမို၊ အီဂယ်စီးယက်စ် ၊ ပီးရက်စ်၊ ဆန်းစက်တို့က သုံးဂိုးစီ ဖြင့် အစဉ်လိုက်ရပ်တည်လျက်ရှိ ကြောင်း သိရသည်။

Ref : GFFN
Trs : ML



## အန်တိုနီဂျိုရှာကို အလဲထိုးရလဒ်ဖြင့် အနိုင်ရခဲ့သည့် ဒူဘွိုက်စ် IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့



**လန်ဒန် စက်တင်ဘာ ၂၂**

IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ချန်ပီယံ ဗြိတိန်လက်ဝှေ့သမား ဒူဘွိုက်စ်နှင့် တစ်နိုင်ငံတည်းသား လက်ဝှေ့သမား အန်တိုနီဂျိုရှာတို့ စက်တင်ဘာ ၂၁ ရက်တွင် အင်္ဂလန် နိုင်ငံ လန်ဒန်မြို့ရှိ ဝင်ဘာလေကွင်း ၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဒူဘွိုက်စ် က အနိုင်ရရန်ရေပန်းစားနေသည့် အန်တိုနီ ဂျိုရှာကိုအလဲထိုးရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ကာကွယ်နိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဒူဘွိုက်စ်သည် ပဉ္စမအချီတွင် အလဲထိုးရလဒ်ဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်ပြီး အန်တိုနီဂျိုရှာနှင့် လက်ဝှေ့ လောကမှ လုံးဝမျှော်လင့်မထား သည့်ရလဒ်များ ထွက်ပေါ်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့ဟဲဗီးဝိတ်တန်း လောက တွင် ပြိုင်ဘက်ကင်းချန်ပီယံနှစ်ကြိမ် ဖြစ်ခဲ့ဖူးသည့် အန်တိုနီဂျိုရှာသည် ကမ္ဘာ့ချန်ပီယံဆုများကိုပြန်လည်ရရှိ နိုင်ရေးအတွက် ဒူဘွိုက်စ်အား မဖြစ်မနေအနိုင်ရရှိရန် လိုအပ်နေ သော်လည်း မျှော်လင့်သလိုဖြစ် မလာခဲ့ဘဲ အနိုင်ရရှိခဲ့သည့် ဒူဘွိုက်စ် က လက်ရှိ ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံ ယူကရိန်း လက်ဝှေ့သမား အူဆက်ခ်ကို စိန်ခေါ် ခွင့်ရရှိမည်ဖြစ်သည်။

အန်တိုနီဂျိုရှာက “လက်ဝှေ့ လောကမှာ ဆက်လက်ကျင်လည် သွားမှာပါ။ ဘဝမှာ အောင်မြင်မှုရဖို့ အတွက် အများကြီးပေးဆပ်ပြီးမှ လက်ဝှေ့လောကထဲ ဝင်လာတာပါ။ ဒါကို ခဏလေးနဲ့ အရှုံးပေးလိုက်လို့ မဖြစ်ပါဘူး။ ပေးဆပ်ထားပြီးမှ ဒီလောကကနေ အလွယ်တကူ ထွက်သွားဖို့ဆိုတာ လုံးဝမဖြစ် နိုင်ပါဘူး။ နောက်ထပ်စိန်ခေါ်ပွဲတွေ ထိုးသတ်ဖို့အတွက် အသက်ဆက် ရှင်နေတာပါ။ ဒါဟာ ကျွန်တော့်ရဲ့ ခံယူချက်ပါ။ ကျွန်တော်ဟာ တိုက်ပွဲ ဝင်နေတဲ့ စစ်သားကောင်း တစ်ယောက်လိုပါပဲ။ ဒီနေ့ညမှာဆို ရင် ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲပေါင်း ၁၃ ပွဲထိုးသတ်ခဲ့တယ်။ အားလုံးက ချန်ပီယံမဖြစ်ခဲ့ကြပါဘူး။ သေချာ တာတစ်ခုကတော့ အားလုံးပျော်ရွှင် ခဲ့ကြရတယ်။ ပရိသတ်တွေကို ဖျော်ဖြေမှုအပြည့်အဝပေးနိုင်ခဲ့ကြပါ တယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

## လီဗာပူးအသင်းက တိုက်စစ်မှူး လူးဝစ်ဒီယက်ဇ်ကို သက်တမ်းတိုးရန် ကမ်းလှမ်းမှုပြုလုပ်

**လန်ဒန် စက်တင်ဘာ ၂၂**

လီဗာပူးအသင်းသည် ဘုန်း မောက်အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူး လူးဝစ်ဒီယက်ဇ်ကို ဆက်လက်ထိန်းသိမ်းရန် ဆုံးဖြတ် ခဲ့ကာ ကာလရှည်သက်တမ်းတိုးရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

လူးဝစ်ဒီယက်ဇ်သည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက အသင်းတွင် အနာဂတ်ရေရာမှုမရှိ သဖြင့် အသင်းမှထွက်ခွာရန်ဆုံးဖြတ် ခဲ့ပြီး ဘာစီလိုနာအသင်းသို့ပြောင်းရွှေ့ ရန်ဆန္ဒရှိခဲ့သော်လည်း ပြောင်းရွှေ့ ကြေးညှိနှိုင်းမှု အဆင်မပြေသဖြင့် ပြောင်းရွှေ့ခွင့်မရခဲ့ဘဲ အသင်းတွင် သာ ဆက်လက်ကစားခဲ့ရသည်။

လက်ရှိတွင် လူးဝစ်ဒီယက်ဇ် သည် နည်းပြစလော့လက်အောက် တွင် ပုံမှန်ပွဲကစားခွင့် ရရှိနေသူဖြစ် ပြီး ပြိုင်ပွဲစုံ ခြောက်ပွဲကစားခဲ့ရာတွင် အသင်းအတွက် သွင်းဂိုးငါးဂိုးထိ သွင်းယူ ခြေစွမ်းပြသနိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက ၎င်းကို ကာလရှည် ထိန်းသိမ်းသွားရန် ဆုံးဖြတ်ခဲ့ပြီး ယခုနှစ်မကုန်မီ စာချုပ်သက်တမ်းတိုးရန် ဆုံးဖြတ် ထားကြောင်း သိရသည်။

လီဗာပူးအသင်းသည် စာချုပ် သက်တမ်းနောက်ဆုံးနှစ်သို့ ရောက် ရှိလာသည့် ဆာလာဟ်ကို စာချုပ် သက်တမ်းတိုးရန် ကြိုးပမ်းနေသော် လည်း ဆာလာဟ်က ဘောလုံးရာသီ ကုန်တွင် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် လူးဝစ် ဒီယက်ဇ်ကိုသာ အသင်းတွင် ကာလ ရှည်ထိန်းသိမ်းရန် ဆုံးဖြတ်ခဲ့ပြီး စာချုပ်သစ်ချုပ်နိုင်ရေး ကြိုးပမ်း လျက်ရှိကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ ကိုလံဘီယာ နိုင်ငံသား လူးဝစ်ဒီယက်ဇ်သည် ၂၀၂၂ ခုနှစ်က ပေါ်တိုအသင်းမှ လီဗာပူးအသင်းသို့ ရောက်ရှိခဲ့ပြီး နောက် ပြိုင်ပွဲစုံ ၁၀၄ ပွဲတွင် သွင်းဂိုး ၂၉ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : 90Min
Trs : ML

## အားကစားသတင်းအတိုအထွာများ

- ❑ အင်္ဂလန်ချန်ပီယံရှစ် ပြိုင်ပွဲအဖြစ်ကစားခဲ့သည့် ပရက်စတန် အသင်းနှင့် ဘလက်ဘန်းအသင်းတို့ပွဲစဉ်တွင် ဂိုးမရှိသရေ ရလဒ်ထွက်ပေါ်ခဲ့သော်လည်း မတော်တဆဖြစ်စဉ်တွင် ပရက် စတန်တိုက်စစ်မှူး အိုစမာဂျိခ်က ဘလက်ဘန်းခံစစ်ကစား သမား အိုဝင်ဘက်ကို ကိုက်ခဲ့သည့်အတွက် အက်ဖ်အေက စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။
- ❑ နည်းပြဒီရော့ဆီ ရီးမားအသင်းမှ နုတ်ထွက်ပြီး ရက်အနည်း ငယ်အကြာတွင် အသင်းအမှုဆောင် ဒါရိုက်တာ လီနာသည် လည်း ရာထူးမှနုတ်ထွက်ခဲ့ကြောင်း ရီးမားအသင်းက တရား ဝင်ထုတ်ပြန်ကြေညာခဲ့သည်။
- ❑ မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့ ကစားခဲ့သည့် ပရီးမီးယားလိဂ် အမှတ်ပေးပြိုင်ပွဲ ပထမပိုင်းပွဲကစားချိန်တွင် သောမတ်ပါတေးနှင့် ထိခိုက်ခဲ့သည့် ကွင်းလယ်ကစားသမား ရိုဒရီအနေဖြင့် ဒူးဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။
- ❑ မိုနာကိုအသင်းက လီဟာဗေးအသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး သွင်းယူခဲ့သည့် အသက် ၁၈ နှစ် ရက်ပေါင်း ၃၆ ရက်သာရှိသေးသည့် အီလန်နီခီနာသည် အမ်ဘာက်ပီ၏ ၁၈ နှစ် ၆၃ ရက်ဖြင့် အသက်ငယ်ဆုံးဂိုးသွင်း စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။ **ML**

## နည်းပြဂွါဒီယိုလာနောက်ပိုင်း အဝေးကွင်းသုံးပွဲဆက်နိုင်ပွဲရရှိသည့် ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် ကွန်ပနီ မှတ်တမ်းဝင်

**ဘာလင် စက်တင်ဘာ ၂၂**

ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် အဖြစ် ကစားခဲ့သည့် ဝါဒါဘရီမင် အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်း တို့ကစားခဲ့သည့်ပွဲစဉ်၌ ဘိုင်ယန် မြူးနစ်အသင်းက အဝေးကွင်းတွင် ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး နောက် နည်းပြဂွါဒီယိုလာနောက် ပိုင်း ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ တွင် အဝေးကွင်းသုံးပွဲဆက်အနိုင် ရရှိခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်း နည်းပြအဖြစ် နည်းပြကွန်ပနီ မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘိုင်ယန်မြူး နစ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၃ မိနစ်နှင့် မိနစ် ၆၀ တွင် အိုလီဆီ၊ ပွဲချိန် ၃၇မိနစ်တွင် မူစီ အာလာ၊ ပွဲချိန် ၅၇မိနစ်တွင် ဟယ်ရီ ကိန်းနှင့် ပွဲချိန် ၆၅ မိနစ်တွင် ဂနာဘရီတို့က သွင်းယူပေးနိုင် ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဂျာမန်ဘွန်ဒက်လီဂါ ပြိုင်ပွဲတွင် အဝေးကွင်း ပွဲစဉ်များအဖြစ် ဝုဖ်ဘတ်အသင်းနှင့် ပွဲစဉ်တွင် သုံးဂိုး နှစ်ဂိုး၊ ဟိုစတိန်းအသင်းနှင့် ပွဲစဉ်တွင် ခြောက်ဂိုး တစ်ဂိုးနှင့် ဝါဒါဘရီမင်အသင်းနှင့် ပွဲစဉ်တွင် ငါးဂိုး ဂိုးမရှိဖြင့် သုံးပွဲဆက်အနိုင် ရရှိခဲ့ပြီးနောက် မှတ်တမ်းကောင်း တစ်ရပ် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ် အသင်းတွင် ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ဘောလုံး ရာသီက နည်းပြဟောင်း ဂွါဒီယို လာကိုင်တွယ်စဉ်က အဝေးကွင်း သုံးပွဲဆက်အနိုင်ရရှိခဲ့ပြီး နည်းပြ ဂွါဒီယိုလာနောက်ပိုင်းတွင် အဝေး သုံးပွဲဆက်နိုင်ပွဲမရရှိခဲ့ဘဲ ယခု



နည်းပြ ကွန်ပနီလက်ထက်မှသာ ပြန်လည် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

## နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၁)တွင် ဒဂုံပေ့ါအသင်းနှင့် ISPE အသင်းတို့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ယနေ့ညနေ ၄နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ဒဂုံပေ့ါအသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။




အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံးပွဲစကတည်းက ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ဒဂုံပေ့ါအသင်းက ဂိုးရရှိနိုင်သည့်အခွင့်အရေးများပိုမိုရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းမသေချာမှုများကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၇၂ မိနစ်တွင် ဒဂုံပေ့ါအသင်းမှ စည်သူနိုင် ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သည့်အတွက် နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသော်လည်း ဒဂုံပေ့ါအသင်းက ဖိအားပေးကစားနိုင်ခဲ့ကာ ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ကာ အဆိုပါပွဲစဉ်၏ အကောင်းဆုံး ကစားသမားဆုကို ဒဂုံပေ့ါအသင်းမှ ကွင်းလယ်ကစားသမား မျိုးဆက်နိုင်က ဆွတ်ခူးနိုင်ခဲ့သည်။

နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၁) နောက်ဆုံးပွဲစဉ်များအဖြစ် စက်တင်ဘာ ၂၃ ရက် ညနေ ၃ နာရီခွဲတွင် YUSC အားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ ညနေ ၄ နာရီ သုဝဏ္ဏအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

## Korea Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဟက်ဒက်မိုင်ယာ ဆွတ်ခူး

**ဆိုးလ် စက်တင်ဘာ ၂၂**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင်ကျင်းပခဲ့သည့် Korea Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရုရှားတင်းနစ်မယ် ကာဆက်ကီနာနှင့် ဘရာဇီးတင်းနစ်မယ် ဟက်ဒက်မိုင်ယာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဟက်ဒက်မိုင်ယာက (၁-၆၊ ၆-၄၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဟက်ဒက်မိုင်ယာသည် ပထမပွဲငယ်တွင် ပွဲချိန် ၂၆ မိနစ်တည်းဖြင့် ကာဆက်ကီနာကို ရှုံးနိမ့်ခဲ့သော်လည်း အမှားများကို ပြင်ဆင်နိုင်ခဲ့သည့်အတွက် နောက်မှလိုက်ကစားခဲ့ပြီး ပွဲငယ်နှစ်ပွဲဆက်တိုက် အနိုင်ရရှိကာ ချန်ပီယံဆုဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ်နောက်ပိုင်း ပထမဆုံးဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အဆင့် (၁၃)နေရာတွင် ရပ်တည်နေသည့် ကာဆက်ကီနာအတွက် ယခုနှစ်တင်းနစ်ရာသီအတွင်း နောက်ဆုံးကစားခဲ့သော ဗိုလ်လုပွဲစဉ် ငါးပွဲတွင် လေးပွဲထိ ရှုံးနိမ့်ခဲ့သော မှတ်တမ်းဆိုးတစ်ရပ်ကိုရရှိခဲ့သည်။

ကွာတားဖိုင်နယ် အဆင့်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အချိန်ရွှေ့ဆိုင်းခဲ့ရပြီးနောက် ကွာတားဖိုင်နယ်အဆင့်နှင့် ဆီမီးဖိုင်နယ်အဆင့်တို့ကို အချိန်နီးကပ်စွာကျင်းပခဲ့ခြင်းကြောင့် ကစားသမားနှစ်ဦး စလုံးပွဲပန်းခဲ့ကြသည်။

ပထမပွဲငယ်တွင် ၂၆ မိနစ်အတွင်း ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရမှုကြောင့် စိတ်ဓာတ်ကျဆင်းခဲ့ရသော်လည်း ပွဲအပေါ် အာရုံစိုက်ကာ အမှားများကို ပြန်လည်ပြင်ဆင်နိုင်ခဲ့ခြင်းကြောင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဟက်ဒက်မိုင်ယာက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



## နိုင်ငံတကာခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်း ပဏာမကစားသမားစာရင်း ထုတ်ပြန်

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာ့လက်ရွေးစင် အသင်းနည်းပြ ဦးမျိုးလှိုင်ဝင်းက နိုင်ငံတကာပွဲစဉ်များကစားရန်အတွက် မြန်မာ့လက်ရွေးစင် အသင်း၏ ပဏာမ ကစားသမားစာရင်းကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်းနည်းပြ ဦးမျိုးလှိုင်ဝင်းသည် ပဏာမမြန်မာ့လက်ရွေးစင်အသင်းကစားသမားစာရင်းတွင် ကစားသမား ၃၉ ဦးရွေးချယ်ခဲ့ပြီး စခန်းသွင်းလေ့ကျင့်မှုများကို လာမည့် စက်တင်ဘာ ၂၄ ရက်မှ စတင်ကာ လုပ်ဆောင်သွားမည်ဖြစ်သည်။

ပဏာမ မြန်မာ့လက်ရွေးစင် အသင်း ကစားသမားစာရင်းတွင် ဆန်းဆက်နိုင်၊ ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးအောင်၊ ဇင်ညီညီအောင်၊ ပြည့်ဖြိုးသူ၊ ဟိန်းဖြိုးဝင်း၊ အောင်ဝဏ္ဏစိုး၊ ဝင်းမိုးကျော်၊ ဇော်ရဲထွန်း၊ ဖွဲ့ခန့်မင်း၊ ကျော်ဖြိုးဝေ၊ သူရိန်စိုး၊ ကောင်းထက်ဟိန်း၊ စိုးမိုးကျော်၊ သက်ဟိန်းစိုး၊ နန္ဒကျော်၊ ဥက္ကာနိုင်၊ သူရဲဝေလင်းအောင်၊ ဇော်ဝင်းသိန်း၊ ခိုင်ရဲဝင်း၊ အောင်မျိုးခန့်၊ ရန်နိုင်ဦး၊ လွင်မိုးအောင်၊အောင်နိုင်ဝင်း၊ကျော်မင်းဦး၊ မိုးဆွေ၊ ဟိန်းထက်အောင်၊ ခွန်ကျော်ဇင်ဟိန်း၊ မောင်မောင်လွင်၊ ဆွမ်လမန်၊ ရဲရင့်အောင်၊ ဝင်းနိုင်ထွန်း၊ ရန်ကျော်ထွေး၊ သန်းတိုးအောင်၊ သန်းပိုင်၊ အောင်မြတ်သူ၊ အောင်ကျော်နိုင်နှင့် ဇော်ဇော်ထိုက်တို့ပါဝင်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်များအဖြစ် အောက်တိုဘာ ၁၀ ရက်နှင့် ၁၃ ရက်တို့တွင် သီရိလင်္ကာအသင်း ရန်ကုန်မြို့တွင် ကစားသွားမည်ဖြစ်ပြီး နိုဝင်ဘာလတွင် စင်ကာပူအသင်းနှင့် လက်ဘနွန်အသင်းတို့ကို အဝေးကွင်းတွင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

## BMW PGA Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို မာနက်ဆာရို ဦးဆောင်

**လန်ဒန် စက်တင်ဘာ ၂၂**

အင်္ဂလန်နိုင်ငံ ဝမ့်ဝေ့ါဒေသတွင် ကျင်းပနေသည့် BMW PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အီတလီဂေါက်သီးရိုက် ကစားသမား မာနက်ဆာရိုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းနှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဟော့စချယ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဘယ်လ်ဝင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

အဆိုပါပြိုင်ပွဲ၏ပထမနေ့နှင့် ဒုတိယနေ့တွင် အမှတ်ပေးဇယားကို နှစ်ရက်ဆက် ဦးဆောင်နိုင်ခဲ့သော ဘယ်လ်ဝင်သည် တတိယနေ့တွင် ရလဒ်ကျဆင်းခဲ့ရပြီး အမှတ်ပေးဇယားကိုဦးဆောင်ခွင့်ရခဲ့သည့် မာနက်ဆာရိုက တတိယနေ့တွင် ရလဒ်အကောင်းဆုံး ပြိုင်ပွဲဝင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

မက်အီလ်ရွိုင်းလည်း ရလဒ်ပိုင်းကောင်းမွန်လာခဲ့ပြီး ချန်ပီယံကို စိန်ခေါ်နိုင်သည့် အခြေအနေကောင်းတစ်ရပ်ကို ပိုင်ဆိုင်လာခဲ့ကာ ချန်ပီယံဆုအတွက် နောက်ဆုံးနေ့တွင်ပြိုင်ပွဲမှာ ပိုမိုအကြိတ်အနယ်ရှိလာနိုင်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## လီဗာပူးခံစစ်ကစားသမားအာနိုး အသင်းနှင့် ဂိုးပါဝင်ပတ်သက်မှု ၁၀၀ ပြည့်မြောက်



**လန်ဒန် စက်တင်ဘာ ၂၂**

လီဗာပူးအသင်းက ဘုန်းမောက်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ခံစစ်ကစားသမား အာနိုးက အသင်းဖော်ကစားသမား လူးဝစ်ဒီယက်ဇ် ဂိုးသွင်းရန် ဖန်တီးမှုပြုလုပ်ပေးခဲ့ပြီးနောက် အသင်းနှင့်အတူ ဂိုးပါဝင်ပတ်သက်မှု ၁၀၀ ပြည့်မြောက်သည့် ကစားသမားဖြစ်လာခဲ့သည်။

အသက် ၂၅ နှစ်ရှိ ခံစစ်ကစားသမား အာနိုးသည် ဘုန်းမောက်အသင်းနှင့်ပွဲစဉ်တွင် အသင်းအတွက် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရခဲ့ပြီး ပွဲချိန် ၂၈ မိနစ်တွင် လူးဝစ်ဒီယက်ဇ်၏ သွင်းဂိုးကို ဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့သောကြောင့် အသင်းသမိုင်းတွင် ပြိုင်ပွဲစုံ၌ ဂိုးပါဝင်ပတ်သက်မှု ၁၀၀ ပြည့်မြောက်ခဲ့သည်။

ထို့ပြင် ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် လီဗာပူးအသင်းနှင့် ဂိုးဖန်တီးမှု ၆၉ ကြိမ်ထိပြုလုပ်နိုင်ခဲ့သဖြင့် ကွင်းလယ်ကစားသမား ဟောင်း ဂျာရတ် ၈၂ ကြိမ်၊ တိုက်စစ်မှူး ဆာလာဟ် ၇၂ ကြိမ်ပြီးလျှင် ခံစစ်ကစားသမား အာနိုးက ဂိုးဖန်တီးမှု ၅၉ ကြိမ်ဖြင့် တတိယမြောက် အများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

အာနိုးသည် ၂၀၁၅ ခုနှစ်က လီဗာပူးအသင်းနှင့် ကစားသမားဘဝစတင်ခဲ့သူဖြစ်ပြီး နည်းပြကလော့ပ် တာဝန်ယူခဲ့ပြီးနောက်ပိုင်း အသင်းတွင် ပုံမှန်ပွဲကစားခွင့်ရရှိလာခဲ့ကာ အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခွင့်ရရှိခဲ့သဖြင့် ပြိုင်ပွဲစုံ ၃၁၆ ပွဲတွင်အသင်းအတွက် သွင်းဂိုး ၁၉ ဂိုးနှင့် ဂိုးဖန်တီးမှု ၈၁ ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး အသင်းနှင့်အတူ ပရီးမီးယားလိဂ်ဆုဖလား၊ ချန်ပီယံလိဂ်ဖလား၊ ကွန်မြူနတီဒိုင်း၊ အက်ဖ်အေဖလား၊ ကွာရာဘောင်းဖလား၊ ယူအီးအက်ဖ်အေဖလားနှင့် ဖီဖာကလပ်ကမ္ဘာ့ဖလားတို့ကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# သန်းခေါင်စာရင်းကောက်ယူရေး ပြည်သူအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေး

တိုင်းပြည်အတွင်း မှီတင်းနေထိုင်ကြသော လူဦးရေအားလုံး၏ အသက်၊ လူမျိုး၊ ကိုးကွယ်သည့် အယူဝါဒ၊ အမျိုးသား၊ အမျိုးသမီး၊ အလုပ်အကိုင်မှ အစ တစ်ဦးချင်းစီနှင့် သက်ဆိုင်သမျှအကြောင်းအရာ အစုံအလင်ကို တစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်း ကောက်ယူသည့်စာရင်းကို သန်းခေါင်စာရင်းဟုခေါ်သည်။ တစ်နည်းအားဖြင့် သန်းခေါင်စာရင်းကို လူဦးရေစာရင်းဟုလည်းဆိုနိုင်သည်။ သန်းခေါင်စာရင်းကောက်ယူရေး ဝန်ထမ်းတို့က အိမ်များတွင် လူစုံရှိတတ်သည့် ညဥ့်အချိန်များ၌ တစ်အိမ်တက်ဆင်း လှည့်လည်ကောက်ယူခဲ့သောကြောင့် သန်းခေါင်စာရင်းဟု ခေါ်တွင်ခဲ့ဟန်တူသည်။

အမှန်တော့ နိုင်ငံတော်၏ လူဦးရေ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစာရင်းများနှင့် စာရင်းအင်းဆိုင်ရာအချက်အလက်များကို တိကျမှန်ကန်စွာရရှိနိုင်ရန် သန်းခေါင်စာရင်းကောက်ယူခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် သန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံတစ်နိုင်ငံတွင် အချိန်ကာလတစ်ခု၌ရှိနေသည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို ရယူခြင်းပင်ဖြစ်သည်။

**မရှိမဖြစ်လိုအပ်**

ထိုအချက်အလက်များသည် နိုင်ငံတော်အစိုးရနှင့်အချက်အလက်အသုံးပြုသူများအတွက် မရှိမဖြစ်လိုအပ်ပြီး စီမံကိန်းများရေးဆွဲခြင်း၊ မူဝါဒချမှတ်ခြင်းတို့ဆောင်ရွက်ရာတွင် အသုံးပြုကြရခြင်းဖြစ်သည်။ နိုင်ငံတော်၏ဘတ်ဂျက်ခွဲဝေမှု၊ ကျောင်း၊ ဆေးရုံ၊ လမ်းတံတားများတည်ဆောက်မှုတို့အပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆန်းစစ်လေ့လာမှုတို့အတွက်လည်း အထောက်အပံ့ဖြစ်စေသည်။

နိုင်ငံတိုင်းနိုင်ငံတိုင်းတွင် သန်းခေါင်စာရင်းသည် လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်ထောင်စုများ၏ ဝိသေသလက္ခဏာများကို ရရှိနိုင်သည့် အရေးကြီးသော အရင်းမြစ်တစ်ခုဖြစ်သည်။ သန်းခေါင်စာရင်း၏ ထူးခြားသောအရည်အသွေးတစ်ခုမှာ အုပ်ချုပ်မှုဇရိယာအသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်သည်။ ကောက်ယူရရှိသောအချက်အလက်များသည် အုပ်ချုပ်မှုနယ်ပယ်အဆင့်တိုင်းတွင် ထိရောက်သောဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်းနှင့် အထောက်အထားပေါ်အခြေခံသောဆုံးဖြတ်ချက်များချမှတ်ခြင်းတို့အတွက် မရှိမဖြစ် လိုအပ်သည်။

သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော အချက်အလက်များသည် နိုင်ငံတော်၏သယံဇာတရင်းမြစ်များခွဲဝေသတ်မှတ်ခြင်း၊ နယ်မြေဧရိယာနယ်နိမိတ်များကို ပြန်လည်ဆန်းစစ်နိုင်ခြင်း၊ လူမှုအခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ချမှတ်ရေးဆွဲခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ စသည်တို့အတွက် အသုံးဝင်သည်။

**များစွာအရေးပါ**

သန်းခေါင်စာရင်းသည် ပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး စသည့်အကြောင်းအရာအားလုံးနှင့် သက်ဆိုင်ပေသည်။ နိုင်ငံတစ်နိုင်ငံတွင် မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ၊ သန်းခေါင်စာရင်းနှင့်ကင်းကွာမရပေ။ သန်းခေါင်စာရင်းကို အခြေခံရမြဲဖြစ်ပေသည်။ တိုင်းပြည်၏ လူဦးရေ ၊ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ဒေသအသီးသီးအလိုက် လူဦးရေပျံ့နှံ့မှု၊ အသက်အပိုင်းအခြားအလိုက် အမျိုးသား၊ အမျိုးသမီးဦးရေ၊ ပညာသင်ကြားလျက်ရှိသူ၊ ပညာတတ်မြောက်သူ၊ အမျိုးမျိုးအစားစားသောလုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိသူ လူဦးရေ၊ အိမ်ထောင်ရေးအခြေအနေနှင့် ကလေးမွေးဖွားမှု စသည်တို့ပါဝင်သော လူမှုရေး၊ စီးပွားရေး အကြောင်းအချက်များကို တိုင်းပြည်တစ်ဝန်းလုံးအတွက်လည်းကောင်း၊ ဒေသအသီးသီးအတွက်လည်းကောင်း၊ ခွဲခြမ်းစိတ်ဖြာ၍ မှန်ကန်စွာသိရှိလေ့လာနိုင်ရန် သန်းခေါင်စာရင်းများကို ကောက်ယူရပေသည်။ ထို့ပြင် တိုင်းရင်းသားလူမျိုးများအားလုံး၏စီးပွားရေးကို စီမံကိန်းဖြင့် အကောင်အထည်ဖော်ရေးအတွက် သန်းခေါင်စာရင်းသည် အရေးတကြီးလိုအပ်သော ကိစ္စတစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် သန်းခေါင်စာရင်းသည် ပြည်သူတစ်ဦးချင်းအတွက်လည်းကောင်း၊ တိုင်းပြည်အတွက်လည်းကောင်း များစွာအရေးကြီးပေသည်။

> ❖ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် ဆယ်စုနှစ်တစ်ခု ကြာမြင့်ခဲ့ပြီဖြစ်ရာ ကွဲလွဲမှုများ၊ အပြောင်းအလဲများရှိနေပြီဖြစ်သည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်း၊ စာရင်းပြုစုခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပြီဖြစ်သည်။ ၎င်းလုပ်ငန်းစဉ်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်ကာ ၃၆ လကြာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မကြာမီပြီးစီးတော့မည်ဖြစ်သည်။ သန်းခေါင်စာရင်းဆိုင်ရာ ပြည်သူလူထုအသိပညာပေးလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။ ❖

**မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူမှု**

လူဦးရေသတင်းအချက်အလက်ဆိုင်ရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံအသီးသီးတို့တွင် ၁၀ နှစ်လျှင်တစ်ကြိမ် ကောက်ယူလေ့ရှိကြသည်။ မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူမှုသမိုင်းတွင် ရှေးမြန်မာဘုရင်များလက်ထက်ကပင် အခွန်ကောက်ခံရေးနှင့် စစ်မှုထမ်းဆောင်ရေးတို့အတွက် သန်းခေါင်စာရင်းကောက်ယူမှုဆန်သည့် စစ်တမ်းကောက်ယူမှုများပြုလုပ်ခဲ့ကြပြီး ကိုလိုနီနိုင်ငံဘဝတွင်လည်း နယ်ချဲ့အစိုးရက ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူခဲ့သည်။

လွတ်လပ်ရေးရပြီးခေတ်၌ ၁၉၇၃ ခုနှစ်တွင်မှ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ကောက်ယူနိုင်ခဲ့ပြီးနောက် ၁၀ နှစ်အကြာ ၁၉၈၃ ခုနှစ်တွင်လည်း ပြည်လုံးကျွတ်သန်းခေါင်စာရင်း ထပ်မံကောက်ယူခဲ့သည်။ ခေတ်အဆက်ဆက် ကောက်ယူခဲ့သော သန်းခေါင်စာရင်းများအရ မြန်မာနိုင်ငံ၏ လူဦးရေသည် ၁၈၉၁ ခုနှစ်တွင် ရှစ်သန်းကျော်၊ ၁၉၁၁ ခုနှစ်တွင် ၁၂ သန်းကျော်၊ ၁၉၂၁ ခုနှစ်တွင် ၁၃ သန်းကျော်၊ ၁၉၃၁ ခုနှစ်တွင် ၁၄ သန်းကျော်နှင့် ၁၉၄၁ ခုနှစ်တွင် ၁၆ သန်းကျော်ရှိခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် လူဦးရေ ၂၉ သန်းခန့်နှင့် ၁၉၈၃ ခုနှစ်တွင် ၃၅ သန်းကျော်ရှိခဲ့သည်။၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏စုစုပေါင်းလူဦးရေမှာ ၅၁ ဒသမ ၄၉ သန်းဖြစ်ပြီး လူဦးရေတိုးနှုန်းသုည ဒသမ ၈၉ ရာခိုင်နှုန်းရှိသည်။

**၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေး**

၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် ဆယ်စုနှစ်တစ်ခု ကြာမြင့်ခဲ့ပြီဖြစ်ရာ ကွဲလွဲမှုများ၊ အပြောင်းအလဲများရှိနေပြီဖြစ်သည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်း၊ စာရင်းပြုစုခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပြီဖြစ်သည်။ ၎င်းလုပ်ငန်းစဉ်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်ကာ ၃၆ လကြာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မကြာမီပြီးစီးတော့မည်ဖြစ်သည်။ သန်းခေါင်စာရင်းဆိုင်ရာ ပြည်သူလူထုအသိပညာပေးလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

သန်းခေါင်စာရင်းလုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်ပြီး ပြည်သူလူထု၏ပူးပေါင်းမှုများစွာလိုအပ်လျက်ရှိသည်။ ထို့ကြောင့် တာဝန်ရှိသူများနှင့်ပြည်သူများအနေဖြင့် မြေပြင်တွင်ကြုံတွေ့ရမည့်အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဝိုင်းဝန်းဖြေရှင်းသွားရန်လိုအပ်ပေသည်။ ကြိုတင်မြော်တွေးနိုင်မှု၊ ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်းအဖြေရှာမှုများနှင့်ပင် ပြဿနာကိုကျော်လွှားသွားရန်လိုအပ်ပေသည်။ အထူးသဖြင့် တိကျမှန်ကန်သည့် သန်ခေါင်းစာရင်းရလဒ်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေမည်ဖြစ်သည်။

**သန်းခေါင်စာရင်းကောက်ယူရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းအထိမ်းအမှတ် ပြည်သူသို့ပြောကြားသည့်ဗီဒီယိုမိန့်ခွန်း၌ "၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်ကနေ ၁၅ ရက်အထိကောက်ယူမယ့် လူဦးရေနဲ့အိမ်အကြောင်းအရာသန်းခေါင်စာရင်းဟာ ပြည်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ်တွေကို အခြေခံပြီး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေတဲ့ အမျိုးသားရေးလုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ဒီလုပ်ငန်းကြီးကို တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရနိုင်ဘဲ နိုင်ငံတစ်ဝန်း နိုင်ငံသူ၊ နိုင်ငံသားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးရဲ့ ညီညွတ်သောအင်အားနဲ့ အောင်မြင်အောင်ဆောင်ရွက်ပြီး ကမ္ဘာ့အလယ်တွင် နိုင်ငံ့စွမ်းအားကို ပြသရမှာလဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုအားနဲ့ သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူနိုင်မယ့် အခွင့်အခါကောင်းတစ်ရပ်လဲဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီးကို နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ်ခံယူပြီး "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်"ကြောင်း ပြောကြားသွားခဲ့သည်။

သန်းခေါင်စာရင်း၏ရည်ညွှန်းချိန်ကို လာမည့် စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်ကို သတ်မှတ်ထားပြီး ရည်ညွှန်းချိန်၏နောက်တစ်နေ့ ဖြစ်သည့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ စုစုပေါင်း ၁၅ရက်ကြာ ကောက်ယူသွားမည်ဖြစ်သည်။ ယခုဆောင်ရွက်မည့် သန်းခေါင်စာရင်းလုပ်ငန်းသည် နိုင်ငံတကာအကူအညီမပါဘဲ စာရေးသူနိုင်ငံ၏ ကိုယ်ပိုင်အင်အားနှင့် စွမ်းဆောင်ခဲ့သည့် သမိုင်းတစ်ခုအနေဖြင့် မှတ်ကျောက်တင်နိုင်အောင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုများ လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးဖြစ်ပေါ်စေရေးအတွက် လွန်စွာအရေးပါသည့် သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းကြီးတွင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

\- ၁၇-၁-၂၀၂၄၊ ၂-၉-၂၀၂၄၊ ၇-၉-၂၀၂၄ ထုတ် မြန်မာ့အလင်းသတင်းစာ

**မောင်သောင်းဝင်း(တမန်ဟောင်း)**

**ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# Lucky 10 ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးမည့် ဂန္ထဝင်ငတိုး ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးပွဲကို ဒဂုံမြို့နယ် အိမ်တော်ရာစေတီတော်တွင် ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၂**

Lucky 10 ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ဂန္ထဝင်ငတိုး ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အိမ်တော်ရာစေတီတော်တွင် စက်တင်ဘာ ၂၁ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် ထက်ထက်ထွန်းက ပြောပြ၍ သိရသည်။

ဂန္ထဝင်ငတိုး ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ ဓနုတ်ကိုကိုဇော်၏ ဝတ္ထုဇာတ်လမ်းကို ရာဇဝင်ကိုက ဇာတ်ညွှန်းရေးထားခြင်းဖြစ်ပြီး ဒါရိုက်တာ စိုးမိုးမင်းက Lucky 10 ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူကာ ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကား ၉၀ ရာခိုင်နှုန်းကတော့ ဟာသဇာတ်လမ်းလေးပါ။ ဒီအပေါ်မှာမှ အချစ်ရယ်၊ Suspense ရယ်၊ Horror ပါးပါးလေးနဲ့ ဟာသလဲ ပါပါတယ်။ ဂန္ထဝင်ဆိုပေမဲ့ ကိုယ့်ဖြစ်တဲ့အရာတွေကို ကြိုးစားဖန်တီးသူပေါ့။ ထက်က ဒီဇာတ်ကားမှာ ရွာသူလေးပါ။ ကိုနေတိုးနဲ့ ကြိုက်နေကြတဲ့ ဇာတ်လေးပါ။ ကျေးလက်ရွာဇာတ်လမ်းမျိုးလေးပါ။ ဒီဇာတ်ကားမှာ ဟာသဆန်ဆန်လေးတွေပါတာမို့ ဝါရင့်ဟာသ လူရွှင်တော်တွေ ပါဝင်ထားပါတယ်။ ထက်ရဲ့ ကာရိုက်တာကတော့ ရိုးရိုးလေးပါပဲ။ အစ်ကိုနဲ့ကတော့ ထက်က ပထမဦးဆုံး စဆုံတဲ့ဇာတ်လမ်းလေးပါ"ဟု သရုပ်ဆောင် ထက်ထက်ထွန်းက ပြောပြသည်။

ဂန္ထဝင်ငတိုး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ စည်ဖြိုး၊ ဟိန်းသီဟ၊ ဘုန်းလျှံ၊ ဇော်ဝင်းနိုင်၊ အရိုင်း၊ နေလင်း၊ စူပါလင်း၊ သွက်လက်၊ ဝိုင်းဝိုင်းလည်၊ ဂျက်လီ၊ ထက်ထက်ထွန်း၊ ခြူးစစ်ဟန်၊ ငွမ်းပုံလေး၊ ဝါဝါအောင်၊ မျိုးမျိုးခိုင်နှင့် အခြားအနုပညာရှင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲအတွက် Armand ဇာတ်ကားကို နော်ဝေနိုင်ငံ ရွေးချယ်

**အော့စလို စက်တင်ဘာ ၂၂**

၉၇ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲ နိုင်ငံတကာ အကောင်းဆုံးရုပ်ရှင်ဆုအတွက် နိုင်ငံကိုယ်စားပြုဇာတ်ကားအဖြစ် Armand အမည်ရှိ ဇာတ်ကားကို နော်ဝေနိုင်ငံက ရွေးချယ်တင်သွင်းထားကြောင်း စက်တင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသည် ကျောင်းတွင်း ဒရာမာဇာတ်ကားတစ်ကားဖြစ်ပြီး နော်ဝေလူငယ် ဒါရိုက်တာ ဟက်ဒန်းအူလ်မင်တွန်ဒဲလ်က ရိုက်ကူးပေးထားသည်။

အော်စကာဆုပေးပွဲ နိုင်ငံတကာ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုအတွက် နော်ဝေနိုင်ငံက တင်သွင်းခဲ့ဖူးသည့် ဇာတ်ကားများအနက် ခြောက်ကားမှာ ဆန်ခါတင်စာရင်း၌ ပါဝင်ခဲ့ဖူးသော်လည်း အော်စကာဆု ရယူနိုင်မှုမရှိခဲ့ကြောင်း သိရသည်။

Armand ဇာတ်ကားတွင် နော်ဝေမင်းသမီး ရီနာတီရိန်းဆက် ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲ အကောင်းဆုံး နိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆု ဆန်ခါတင်စာရင်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# တေးသံရှင် ဟေမာနေဝင်း၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို The Heart of Rangoon–THOR တွင် ပြုလုပ်မည်




**ရန်ကုန် စက်တင်ဘာ ၂၂**

တေးသံရှင် ဟေမာနေဝင်း၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon – THOR တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဟေမာနေဝင်းက ပြောပြ၍ သိရသည်။

ထင်ရှားသည့် အမျိုးသမီး တေးသံရှင် တစ်ဦးဖြစ်သည့် တေးသံရှင် ဟေမာနေဝင်း၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေမှုများကို The Heart of Rangoon – THOR တွင် စက်တင်ဘာ ၂၉ ရက်ည၌ ပြုလုပ်သွားမည်ဖြစ်ပြီး နာမည်ကျော် Aurora Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မဆုံရတာ ကြာပြီဖြစ်တဲ့ ဟေမာ့ရဲ့ ပရိသတ်တွေနဲ့ အကြာကြီးဆုံပြီးတော့ သီချင်းတွေ တဝကြီး ဆိုဖြစ်မဲ့ ညတစ်ညမို့၊ ဟေမာတို့ခေတ်က သီချင်းတွေကို တဝကြီးဆိုကြဖို့ သီချင်းတွေနဲ့ စီးမျောကြမဲ့ ညလေးမို့ ဆုံကြပါစို့"ဟု တေးသံရှင် ဟေမာနေဝင်းက ပြောပြသည်။

တေးသံရှင် ဟေမာနေဝင်း ၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၂၉ ရက်တွင် ည ၆ နာရီ မိနစ် ၃၀ မှ စတင်ကာ ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Mastermind ဇာတ်ကားတွင် မင်းသား ဂျို့အိုကွန်နာ ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၂၂**

The Mastermind အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဂျို့အိုကွန်နာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

The Mastermind ဇာတ်ကားကို ဒါရိုက်တာ ကယ်လီရိုက်ဟက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။


အဆိုပါ ဇာတ်ကားသည် ဗီယက်နမ်စစ်ပွဲ ကာလအတွင်း ဖြစ်ပွားခဲ့သော ပန်းချီကားဖောက်ထွင်းခိုးယူမှုတစ်ခုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Mastermind ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ကယ်လီရိုက်ဟက်က ပင်တာဝန်ယူရေးသားပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ်အတွင်း စတင်ရန် ဒါရိုက်တာ ကယ်လီရိုက်ဟက်က စီစဉ်ထားသည်။

လက်ရှိအချိန်တွင် The Mastermind ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO



# သရုပ်ဆောင် ခင်ဝင့်ဝါက မွေးနေ့အလှူအဖြစ် သက်ကြီးဘိုးဘွား ငါးဦးကို ဆန်၊ ဆီ၊ စားသောက်ကုန်နှင့် အလှူငွေများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၂**

သရုပ်ဆောင် ခင်ဝင့်ဝါက မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ သက်ကြီးဘိုးဘွား ငါးဦးအား ဆန်၊ ဆီ၊ စားသောက်ကုန်နှင့် အလှူငွေများကို စက်တင်ဘာ ၂၁ ရက်က အိမ်တိုင်ရာရောက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် ခင်ဝင့်ဝါက ပြောပြ၍ သိရသည်။

သရုပ်ဆောင် ခင်ဝင့်ဝါက အသက် ၃၀ ပြည့် မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပြည်သာမြို့နယ်တို့တွင် နေထိုင်သည့် အခက်အခဲရှိ ဘိုးဘွား ငါးဦးအား ငွေကျပ် သုံးသိန်းစီ၊ ဆန်ခြောက်ပြည်၊ ဆီတစ်ပိဿာ၊ ကြက်ဥ တစ်ကတ်၊ အိုဗာတင်းတစ်ထုပ်၊ ကွေကာ တစ်ထုပ် စုစုပေါင်း ငွေကျပ်သိန်း ၃၀ခန့်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဝင့်ဝါရဲ့ အသက်က ၃၀ ပြည့်ပြီဆိုတော့ ထိပ်စီးပြောင်းပြီပေါ့။ ဒီနှစ်မွေးနေ့အနေနဲ့ အသက် ၃၀ မို့ သိန်း ၃၀ လှူမယ်။ တစ်ယောက်ထဲ သိန်း ၃၀ လှူတာထက် အဆင်မပြေတဲ့ အဘိုး၊ အဘွားတွေကို ခွဲလှူရင် ကောင်းမယ်ဆိုပြီးတော့ မွေးနေ့အထိမ်းအမှတ် အနေနဲ့ အဘိုး၊ အဘွားငါးယောက်ကို သွားလှူတာ ပါ။ ကိုယ်တိုင်တွေ့ပြီး လှူချင်တာမို့ ဝင့်ဝါသွားရောက်လှူဖြစ်တာပါ။ သူတို့ရဲ့ ပီတိမြင်ရတာ စိတ်ပျော်ရွှင်ရပါတယ်"ဟု သရုပ်ဆောင် ခင်ဝင့်ဝါက ပြောပြသည်။

ထို့ပြင် သရုပ်ဆောင် ခင်ဝင့်ဝါသည် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်နှင့် တောင်ငူမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၃၀ ကို Online Donation Group မှတစ်ဆင့် လှူဒါန်းထားကြောင်း သိရသည်။ ASH

# Wetlet Township plans to grow more than 60,000 acres of winter sesame


A winter sesame plantation.

**Wetlet September 22**

This year, a total of 61,316 acres of croplands will be placed under sesame plantations in coming cold season in Wetlet Township of Sagaing Region, according to the statistics of Wetlet Township Agriculture Department.

Local farmers will start cultivation of winter sesame in coming October till December.

Daw Khin San, Head of Wetlet Township Agriculture Department said: "We earmarked more than 60,000 acres of winter sesame in coming cold season. We will strive for meeting the target cultivation. Sown acreage of sesame is on the rise year after year. Local farmers prefer to grow sesame in cold season rather than monsoon. It is designed to secure success in growing of oil crops."

Officials of township agriculture department plan to raise farmer awareness with expansion of sown acreage for sesame, use of agricultural techniques and GAP system, selection of quality strains of crops and high yield strains.

The crops grown in GAP system have higher quality than others, fetches higher prices and marketable at home and abroad, helping local farmers increase their family incomes.

206

# Kale District to cultivate 15,650 acres of green gram in 2024-2025 winter season

**Kale September 22**

According to reports from the Department of Agriculture in Kale District, Sagaing Region, it has been confirmed that 15,650 acres of green gram crops will be cultivated in the upcoming winter planting season.

For the 2024-2025 winter season, the district has allocated 13,660 acres in Kale Township, 600 acres in Kalewa Township, and 1,390 acres in Mingin Township, totaling 15,650 acres, with planting expected to begin from October until December.

"The goal for this year's winter planting season in Kale District is to cultivate over 15,000 acres of green gram. We will work to ensure that the planned acreage is fully utilized for cultivation. There has been consistent growth in green gram cultivation each year. We will provide education to expand cultivation and promote the use of high-quality seeds to achieve better yields," said U Aung, the Head of the Department of Agriculture for Kale District.


A green gram plantation.

This year, the Department of Agriculture, in collaboration with the relevant township offices, will support farmers by providing high-quality, region-appropriate seeds, ensuring proper farming techniques, preventing pest infestations, using fertilizers systematically, and achieving good crop yields.

Additionally, during the rainy season, efforts are being made to collaborate with farmers in cultivating various types of beans to ensure high yields and quality. These efforts include providing high-quality seeds, technical assistance for input usage, and education on post-harvest techniques. 206

# Kalay District earmarks more than 7,000 acres of winter lablab bean

**Kalay September 22**

The statistics of Kalay District Agriculture Department stated that a total of 7,050 acres of lablab beans will be grown in Kalay District of Sagaing Region this cold season.

In 2024-25 financial year, Kalay Township earmarked 351 acres of lablab bean, Kalewa Township 532 acres and Mingin Township 6,167 acres, totalling 7,050 acres.

U Aung, Head of Kalay District Agriculture Department stated: "Local authorities set a plan to grow 7,050 acres of lablab bean in coming cold season. We will try hard to meet the target cultivation. We will provide necessary quality strains of lablab bean, agricultural inputs and post-harvest technology for local farmers to boost per-acre yield of crops."

Agricultural staff help local farmer use GAP system and quality strains of crops for boosting per-acre yield of bean and expand sown acreage.

206

# 17 Palestinians killed in Israeli attacks across Gaza

**Gaza September 22**

At least 17 Palestinians were killed by Israeli attacks across the Gaza Strip on Sunday, the Palestinian official news agency WAFA reported.

Seven Palestinians were killed and some others injured in an Israeli bombardment of the Kafr Qasem School housing displaced people west of Gaza City, said the report. However, the Israel Defense Forces claimed Sunday that the strike carried out by its Air Force has "precisely" targeted Hamas militants operating within the school compound.

According to WAFA, four other Palestinians were killed and some more injured as a result of an Israeli bombing of a house belonging to the Dawas family in the Al-Hakkar area of Deir al-Balah in central Gaza.

In the south of the strip, Israeli artillery targeted the town of Khuza'a, east of Khan Younis, killing two people, WAFA reported, adding emergency teams recovered four bodies from the al-Attatirah area, east of Rafah, following Israeli bombardment.

The Israeli army has not commented on these incidents.

Israel has been waging a large-scale offensive against Hamas in Gaza to retaliate against a Hamas rampage through the southern Israeli border on Oct. 7, 2023, during which 1,200 people were killed and about 250 others taken hostage.

Xinhua

# Iran unveils home-grown missile, drone at military parade

**Tehran September 22**

Iran on Saturday unveiled its latest homegrown precision strike long-range ballistic missile and kamikaze drone at a grand parade staged by the country's armed forces, the semi-official Fars news agency reported.

The ballistic missile, dubbed Jahad, and the drone, named Shahed-136B, were displayed for the first time during the parade at the mausoleum of Imam Khomeini, the late founder of the Islamic Republic, in southern Tehran. The event marked the beginning of Sacred Defense Week, commemorating the eight-year Iran-Iraq war in the 1980s, according to the report.

The one-stage Jahad ballistic missile, powered by solid fuel, can strike targets up to 1,000 km away with pinpoint accuracy. It has been designed and developed by the Aerospace Force of Iran's Islamic Revolution Guards Corps (IRGC), according to Fars.

The Shahed 136B drone, powered by a turbojet engine, can destroy targets over 2,500 km away, Fars said, adding the unmanned aerial vehicle has also been designed and manufactured by the IRGC's Aerospace Force.

Xinhua


This photo taken on Sept. 21, 2024 shows a military parade in Tehran, capital of Iran.

# Cultivation of more than 9,000 acres of monsoon paddy finishes in Myinmu Township



A thriving monsoon paddy plantation.

**Myinmu September 22**

Sagaing District Agriculture Department mentioned that a total of 9,859 acres of monsoon paddy has been planted in Myinmu Township of Sagaing Region.

In 2024-25 monsoon, the township earmarked 12,133 acres of monsoon paddy but local farmers planted 9,859 acres of monsoon paddy.

Daw Thida Lwin, Head of Sagaing District Agriculture Department explained: "Myinmu Township earmarked more than 10,000 acres of monsoon paddy, over 9,000 acres of which has been planted so far. We help local farmers meet the target cultivation."

At present, officials of Township Agriculture Department cooperate with local farmers in growing paddy without difficulties.

Officials of the department provided local farmers with agricultural techniques, prevention of pests, minimizing loss and waste of crops and keeping crops under shelter in time.

This year, monsoon paddy plantations are thriving in Myinmu Township. Staff members of the Township Agriculture Department help local farmers select quality strains of crops, prevention of pests, systematic use of fertilizers and weeding of crops for boosting per-acre yield of crops. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Yinmabin District to place more than 10,000 acres of black bean on croplands

**Yinmabin September 22**

According to the statistics of Yinmabin District Agriculture Department, a total of 10,478 acres of croplands will be placed under black bean in Yinmabin District of Sagaing Region in coming cold season.

In the district, Yinmabin Township will cultivate 600 acres of black bean, Kani Township 110 acres, Salingyi Township 6,700 acres and Pale Township 3,068 acres, totalling 10,478 acres in 2024-25 winter.

Daw Myat Moe Win, Head of District Agriculture Department clarified: "Local authorities earmarked cultivation of more than 10,000 acres of black bean in coming cold season. Our department will assist in meeting the target cultivation of farmers. Moreover, we will provide necessary agricultural techniques and inputs, quality strains of crops and prevention of pests to farmers."

Officials of relevant township agriculture departments will help local farmers use quality strains of crops, prevent pests and systematically use fertilizers.



A black bean plantation.

This year, officials of relevant Township Agriculture Departments will cooperate with local farmers to boost per-acre yield of quality strains of black bean, to provide inputs and post-harvest technology. 206

# Homalin District plan to plant over 2,000 acres of winter peanuts

**Homalin, September 22**

A total of 2,052 acres of peanuts will be planted in this year winter crops planting season in Homalin District, Sagaing Region, according to statistics from Department of Agriculture for Homalin District.

In the 2024-2025 winter crops planting season, 2,022 acres of peanut cultivation in Homalin Township and 30 acres of peanut cultivation in Mo Paing Lut Sub-Township are earmarked in Homalin District, totaling 2,052 acres.

"We will start planting from October. As an oilseed crop, we are in a successful position. Peanut cultivation is improving year by year," said Daw Su Su Htwe, head of the Department of Agriculture for Homalin District.

In Homalin District, one acre of peanuts is planted with one and a half basket of seeds, and the cost is more than 200,000 kyats per acre, including the cost for labor, fertilizers and pesticide, and if one acre is planted, it yields more than 50 baskets of peanuts. 206



A thriving peanut plantation.

# A plan underway to grow winter sunflower on more than 40,000 acres of land in Kalay Township

**Kalay September 22**

Statistics of Kalay Township Agriculture Department stated that a total of 48,482 acres of cold season sunflower will be grown in Kalay Township of Sagaing Region in coming cold season.

Local farmers will grow winter sunflower from October to December this year.

U Naing Win Tun, Head of Kalay Township Agriculture Department stated: "We planned to grow more than 40,000 acres of sunflower in coming cold season. We will contribute to local farmers for cultivation of sunflower meeting the target. Its initiative aims to reduce import of palm oil from abroad and encourage to expand sown acreage of sunflower. Yield of oil from sunflower is larger than groundnut and sesame. So, local farmers grow sunflower but they prefer to grow it in winter."

Township Agriculture Department conducted capacity enhancement of local farmers and agricultural staff to grow sunflower.

This year, the township authorities will provide quality strains of sunflower seeds and urea fertilizers to local farmers. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံက ယူကရိန်းအထူးစစ်ဆင်ရေးဇုန်သို့ Cybertruck လျှပ်စစ်ကား နှစ်စီး ထပ်မံပေးပို့ခဲ့



ရုရှားနိုင်ငံသည် ယူကရိန်းအထူးစစ်ဆင်ရေးဇုန်သို့ Tesla ကုမ္ပဏီထုတ် Cybertruck လျှပ်စစ်ကား နှစ်စီး ထပ်မံပေးပို့နိုင်ခဲ့ကြောင်း ချေချင်းညာခေါင်းဆောင် Ramzan Kadyrov က စက်တင်ဘာ ၂၀ ရက်တွင် ၎င်း၏တယ်လီဂရမ်၌ ရေးသားဖော်ပြခဲ့သည်။

အဆိုပါ Cybertruck လျှပ်စစ်ကား နှစ်စီးကိုပြသထား သောဗီဒီယိုဖိုင်ကိုလည်း ထုတ်လွှင့်ခဲ့သည်။

ဩဂုတ်လတွင် ချေချင်းညာခေါင်းဆောင် Ramzan Kadyrov သည် Cybertruck လျှပ်စစ်ကားကို ထုတ်ဖော်ပြသခဲ့သည်။ Cybertruck ကားကိုအဝေးမှ အသက်မဲ့စေခြင်း(Remotely Deactivating) တစ်နည်းအားဖြင့် လုပ်ဆောင်ချက်များကို ရပ်ဆိုင်းပစ်လိုက်ခြင်းနှင့် ပတ်သက်၍ Tesla စီအီးအို Elon Musk ကို Ramzan Kadyrov က ပြစ်တင်ဝေဖန်လိုက်ပြီးနောက် တစ်ရက်အကြာတွင် ယူကရိန်းအထူးစစ်ဆင်ရေးဇုန်သို့ Cybertruck ကားနှစ်စီး ပေးပို့သည့်သတင်းကို တယ်လီဂရမ်၌ ပို့စ်တင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

တယ်လီဂရမ်တွင် လွှင့်တင်ထားသော ဗီဒီယိုဖိုင်၌ Cybertruck ကား နှစ်စီးကို လမ်းကြမ်းသုံး 4 wheel ကား နှစ်စီးဖြင့် ခြံရံစောင့်ကြပ်၍ တောအုပ်ဧရိယာတစ်ခုကို ဖြတ်သန်းကာ မြေသားလမ်းကြမ်းအတိုင်း မောင်းနှင်သွားပြီးနောက် တောင်ကုန်းငယ်တစ်ခုပေါ်တွင် တပ်ဖြန့်နေရာယူခဲ့ပြီး ဒရုန်းတစ်စင်းကို ပစ်ချနိုင်ခဲ့ပုံကို ထုတ်လွှင့်ပြသထားသည်။

အနောက်နိုင်ငံများမှ ထုတ်လုပ်သော စက်ပစ္စည်းများသည် ယူကရိန်းရောက် အနောက်အုပ်စု တိုက်ခိုက်ရေးသမားများကို တန်ပြန်တိုက်ခိုက်ရာတွင် ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်နေကြသည်ဟု အဆိုပါဗီဒီယိုဖိုင်နှင့်အတူ Ramzan Kadyrov က ရေးသားဖော်ပြခဲ့သည်။

Tesla ကုမ္ပဏီထုတ် Cybertruck လျှပ်စစ်ကားသည် စစ်မှုရေးရာတွင် အသုံးပြုရန် ဒီဇိုင်းထုတ်ထားခြင်းမဟုတ်ပေ။ အပြင်ပိုင်း အပြင်အဆင် စတိုင်ကျလွန်းသော အဆင့်မြင့် လျှပ်စစ်ကားဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ ကျော်ဖြင့် ဝယ်ယူရရှိနိုင်သည်။ ချေချင်းညာခေါင်းဆောင်က အခြား Cybertruck လျှပ်စစ်ကားတစ်စီးတွင် အသုံးပြု၍မရအောင် အဝေးမှ Shut Down ပြုလုပ်ခြင်းသို့မဟုတ် Deactivatate (အသက်မဲ့စေခြင်း) တို့ ကြုံတွေ့ခဲ့ရသည်ဟု ပြောကြားထားသော်လည်း ယခု ကားနှစ်စီးတွင် ထိခိုက်မှုမရှိခဲ့ကြောင်း ထပ်လောင်းပြောကြားခဲ့သေးသည်။

ပြီးခဲ့သောလတွင် Ramzan Kadyrov သည် Grozny မြို့တစ်ဝိုက်တွင် Cybertruck လျှပ်စစ်ကားမောင်းနှင်နေသည့် ဗီဒီယိုဖိုင်ကို လွှင့်တင်ခဲ့သည်။ နောက်ပိုင်းတွင် အဆိုပါလျှပ်စစ်ကားကို ယူကရိန်းအထူးစစ်ဆင်ရေး ရှေ့တန်းစစ်မျက်နှာသို့ ပို့ဆောင်ခဲ့သည်ဟု ပြောဆိုခဲ့ပြီး Elon Musk က အဝေးထိန်းစနစ်ဖြင့် အသုံးပြု၍မရအောင် ပြုလုပ်ခဲ့မှုကြောင့် လျှပ်စစ်ကားကို နောက်တန်းသို့ ပြန်ပို့ခဲ့ရသည်ဟု ထပ်မံပြောကြားခဲ့သည်။

စက်တင်ဘာ ၂၀ ရက် တယ်လီဂရမ်ပို့စ် ဗီဒီယိုဖိုင်တွင် ထုတ်ဖော်ပြသထားသည့် Cybertruck လျှပ်စစ်ကား နှစ်စီး၏ ဇာစ်မြစ်ကိုမူ Ramzan Kadyrov က ထုတ်ဖော်ပြောကြားသွားခဲ့ခြင်းမရှိပေ။

"အစောပိုင်းက Starlink ဂြိုဟ်တုအင်တာနက်စနစ်အပါအဝင် ကျွန်တော်တို့ကို အကူအညီ အများကြီးပေးခဲ့တဲ့ အခြားထုတ်ကုန်စက်ပစ္စည်းများအတွက် အမေရိကန်နိုင်ငံမှ စွန့်ဦးတီထွင်ထုတ်လုပ်သူ လုပ်ငန်းရှင်တွေကို ကျေးဇူးအများကြီးတင်ပါတယ်"ဟု Ramzan Kadyrov ကရေးသားဖော်ပြခဲ့ဖူးသည်။

မည်သို့ပင်ဖြစ်စေကာမူ ယူကရိန်းအထူးစစ်ဆင်ရေး တစ်လျှောက်တွင် ယူကရိန်းတပ်ဖွဲ့များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြသည့် Starlink ဂြိုဟ်တုအင်တာနက်၊ ဆက်သွယ်ရေးစနစ်သည် ရုရှားနိုင်ငံအတွက် အကျိုးသက်ရောက်မှုမရှိဟု သတင်းများထွက်ပေါ်နေသည်။

**Two more Cybertrucks sent to front – Chechen leader (VIDEO)** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်က တာဝေးပစ်လက်နက်များတိုးချဲ့အသုံးပြုမှုနှင့်ပတ်သက်၍ရှင်းလင်းချက် ယူကရိန်းထံတောင်းဆိုထား

ယူကရိန်းကို ပံ့ပိုးပေးထားသည့် စစ်လက်နက်များ အသုံးပြုခွင့်ကို ယခုထက်ပိုမို၍ ပေးအပ်ခွင့်ပြုရန် ယူကရိန်းဘက်က ဖိအားပေးနေသည့်ကြားတွင် အမေရိကန်နိုင်ငံသည် အဆိုပါခွင့်ပြုပေးချက်မှ ပဋိပက္ခအတိမ်အနက်အပေါ် သက်ရောက်မှုမည်သို့ရှိမည်နည်းဆိုသည့် အချက်နှင့်ပတ်သက်ပြီး ရှင်းလင်းချက်ပေးနိုင်ရေး ယူကရိန်းထံတောင်းဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်မှ ပံ့ပိုးပေးထားသော တာဝေးပစ်ဒုံးကျည်များ အသုံးပြုခွင့်ပိုမိုရရှိရန် တောင်းဆိုမှုအတွက် တိုက်ခိုက်ရေးရည်မှန်းချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြရန် အမေရိကန်တာဝန်ရှိသူများက တောင်းဆိုလိုက်ခြင်းလည်းဖြစ်ကြောင်း သိရသည်။

ကီလိုမီတာ ၃၀၀ အကွာအဝေးထိ တိုက်ခိုက်နိုင်သော Army Tactical Missile System (ATACMS) ဒုံးကျည်ကို အသုံးပြု၍ ရုရှားလေတပ်စခန်းများ၊ ကွပ်ကဲမှုစင်တာများနှင့် နောက်ပိုင်းနယ်မြေအတွင်းရှိ လက်နက်သိုလှောင်ရုံများကိုတိုက်ခိုက်ရန် စီစဉ်ထားကြောင်း ယူကရိန်းက ထုတ်ပြန်ခဲ့သည်။ လက်ရှိတွင် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏ အစိုးရအဖွဲ့က ရုရှားတို့ သိမ်းပိုက်ထားပြီးဖြစ်သော နယ်မြေများအတွင်း တာဝေးပစ်လက်နက်များကို အသုံးပြုတိုက်ခိုက်ရန်အတွက်သာ ယူကရိန်းကိုခွင့်ပေးထားသည်။ ကန့်သတ်ချက်များကို ရုပ်သိမ်းခြင်းသည် ပဋိပက္ခအပေါ် သိသာထင်ရှားသော သက်ရောက်မှုများ ရှိလာနိုင်သည်ဟု အမေရိကန်နိုင်ငံ တာဝန်ရှိသူများက သံသယရှိနေဆဲဖြစ်ပြီး ၎င်းသည် ကြီးမားသောအန္တရာယ်များ ရှိလာနိုင်ကြောင်း၊ တင်းမာမှုများ တိုးလာနိုင်ကြောင်းလည်း သတိပေးထားသည်။

ရုရှားနိုင်ငံအတွင်းရှိ ပစ်မှတ်များကို တိုက်ခိုက်စေရန်အတွက် NATO မဟာမိတ်နိုင်ငံများထံမှ ဖိအားပေးနေခြင်းကို အမေရိကန်နိုင်ငံဘက်က ရင်ဆိုင်နေရသည်။ ရုရှားတပ်ဖွဲ့များသည် တာဝေးပျံသန်းစစ်ဆင်နိုင်သော တိုက်လေယာဉ်များ၊ ဒုံးကျည်များနှင့်ဒရုန်းများကို အသုံးပြုကာ ယူကရိန်းအထူးစစ်ဆင်ရေးတွင် အလျင်အမြန် အသာစီးရလာခဲ့ကြောင်း သိရသည်။



မည်သို့ပင်ဖြစ်စေကာမူ တာဝေးပစ်လက်နက်များကို ယူကရိန်းနှင့် NATO မဟာမိတ်နိုင်ငံများ တောင်းဆိုနေသကဲ့သို့ နောက်ပိုင်းနေရာများထိ တိုက်ခိုက်ခွင့်ပြုလိုက်မည်ဆိုပါက ပဋိပက္ခကိုပိုမိုပြင်းထန်လာစေပြီး ရုရှားအနေဖြင့်လည်း အမေရိကန်ထုတ် အဆန်းပြားဆုံးစစ်လက်နက်တချို့ကို Reverse-engineer နည်းလမ်းဖြင့် လေ့လာထုတ်လုပ်ခွင့် ရရှိသွားမည့်အပေါ် စိုးရိမ်ကြောင်း အမေရိကန်က ဖော်ပြခဲ့သည်။

ယူကရိန်းစစ်ဘက်သည် တာဝေးပျံသန်းတိုက်ခိုက်ရေးဒရုန်းများကို ရုရှားနိုင်ငံအတွင်းသို့ နက်ရှိုင်းစွာထိုးစစ်ဆင်နိုင်ရန် အသုံးပြုနေပြီဖြစ်သည်။ ထိုနည်းလမ်းသည် ငွေကုန်ကြေးကျများသော တာဝေးပစ်ဒုံးကျည်များကို အသုံးပြုတိုက်ပွဲဝင်ခြင်းထက် ဈေးသက်သာပြီး မဟာဗျူဟာမြောက် နည်းလမ်းတစ်ရပ်ဖြစ်သည်ဟုလည်း အမေရိကန်နိုင်ငံက ထုတ်ပြန်ခဲ့သည်။

ရုရှား၏ပိုင်နက်အတွင်း အနောက်နိုင်ငံများမှ စစ်လက်နက်များကို အသုံးပြု၍ တိုက်ခိုက်မှုမှန်သမျှသည် ပဋိပက္ခ၏ သဘောသဘာဝကို သိသာထင်ရှားစွာ ပြောင်းလဲသွားစေလိမ့်မည်ဟု ရုရှားသမ္မတပူတင်က သတိပေးခဲ့သည်။ ထို့ပြင် ၎င်းလုပ်ရပ်သည် အမေရိကန်နှင့် ၎င်း၏ NATO မဟာမိတ်များ တိုက်ရိုက်ပါဝင်ပတ်သက်မှုကို ပဋိပက္ခ၏ အရှိန်မြှင့်မှုတစ်ခုအဖြစ် ရှုမြင်မည်ဖြစ်ကြောင်း ရုရှား သမ္မတပူတင်က ပြောကြားခဲ့သည်။

**US Seeks Clarity From Ukraine on Expanded Use of Long-Range Weapons** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နှံကားစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဝါးခယ်မ စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နှံကားစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နှံကားစပါးတင်းရေ ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ နှံကားစပါး တင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ စပါးအမျိုးအစားသည် စပါးအကြမ်းအုပ်စုတွင် ပါဝင်သော်လည်း အသုံးပြုမှုများသော စပါးအမျိုးအစားဖြစ်ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း နှံကားစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ဝါးခယ်မမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေတာပါ။ နှံကားစပါးက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ စပါးအကြမ်းဆိုပေမဲ့လဲ အခြေခံလူတန်းစားတွေ ပိုမိုကြိုက်နှစ်သက်ပြီး စားလို့အဆင်ပြေတဲ့စပါး ဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့အားကောင်းခဲ့တာပါ။ နှံကားစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်'' ဟု ဝါးခယ်မမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် နှံကားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၈၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၂၅၁ ဧကစိုက်ပျိုးပြီးစီး

**စစ်ကိုင်း စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၂၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် မြေပဲ ၉၁၄၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၂၅၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မြေပဲ ၉၁၄၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၉၂၅၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။



ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ငဖဲမြို့နယ် ဝင်္ဂဘာကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ငဖဲ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းလှင်ကျေးရွာအုပ်စု ဝင်္ဂဘာကျေးရွာ၌ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ဝင်္ဂဘာကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝင်္ဂဘာကျေးရွာ၌ လမ်းအရှည် ပေ ၁၇၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ လမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၂ သိန်း စုစုပေါင်းငွေကျပ် ၁၈၂ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ် ၁၃ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဇင်မာ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၉-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧည့်မထ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၈၀၀၀/၁၈၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၅၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၉၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၂**

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ (ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ စုပေါင်း သန့်ရှင်းရေးလုပ်အားပေး ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာရဲမြင့်နှင့် ဆေးရုံမှ တာဝန်ရှိသူများ တက်ရောက်အားပေးကာ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်ကြသည့် တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများကို ရေသန့်၊ ကော်ဖီ၊ ကောက်ညှင်းပေါင်းနှင့် အကြော်စုံတို့ဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ထိုသို့လုပ်အားပေးရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိဌာနကြီးများနှင့် တပ်ဖွဲ့များမှတပ်ဖွဲ့ဝင်နှင့်စာရေးဝန်ထမ်းစုစုပေါင်း ဦးရေ ၆၆၀ တို့က ဆေးရုံကြီးဝင်းအတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခြင်း၊ ဆေးရုံအဆောက်အအုံများပေါ်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှားရှင်းလင်းခြင်း၊ အဆောက်အအုံဘေးထိစပ်နေသော သစ်ကိုင်းများ၊ သစ်ပင်ကြီးများအမြင်တင့်တယ်စေရေး၊ လေဝင်၊ လေထွက်ကောင်းမွန်စေရေးနှင့် အလင်းပွင့်စေရေးအတွက် ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့်တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့်စာရေးဝန်ထမ်းနှင့်အတူ ဆေးရုံကြီးရှိ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ပျော်ရွှင်စွာဖြင့် အတူတကွ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါတုံ့ပြန်ကာကွယ်ဆေး (OCV)တိုက်ကျွေးခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေး(OCV) တိုက်ကျွေးခြင်းလုပ်ငန်းစတင်ဆောင်ရွက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကနောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့(NITAG) အဖွဲ့ဝင်များ၊ UNICEF WHO IFRC MSF (Switzer-land နှင့် Holland)၊မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေး(OCV) တိုက်ကျွေးရန်လိုအပ်သည့် ပြည်သူများကို တစ်ဦးမကျန်တိုက်ကျွေးနိုင်ရေးအတွက် ယခုကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းတွင် လိုအပ်သည့်နေရာများ၌ ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် လှိုင်သာယာမြို့နယ် စက်မှုဇုန် (၂)မှ ပြည်သူများကို ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး(OCV)တိုက်ကျွေး၍ အမှတ်တရလက်ဆောင်များပေးအပ်ကြပြီး ရန်ကင်းမြို့နယ်ရှိ မိုးကောင်းဆုတောင်းပြည့်စေတီဓမ္မာရုံနှင့် ဗဟန်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေကြီး သံဃနာယကရုံးတို့၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)






**❍ အထူးမိုးလေဝသသတင်းမှ**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

(မိုး/ဇလ)

## ဘင်္ဂလား ပင်လယ်အော် အခြေအနေ

၂၂-၉-၂၀၂၄

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့်ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကျင်းပ



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အရာရှိကြီးများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၂**

တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ဆီ၊ဆား၊ပဲ၊ဆေးနှင့်ဆွမ်းပဒေသာပင်အလှူငွေများလှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ တပ်ကုန်းမြို့ စန္ဒိမာရာမ ဂိုဏ်းထောက်ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဇဓအမှူးပြုသော ဆရာတော်၊သံဃာတော်များကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဂိုဏ်းထောက်ပရိယတ္တိ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာဓဇ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် အလှူရှင်များကလှူဒါန်းသော ဆွမ်းဆန်တော်နှင့်ဆီ၊ ဆား၊ ပဲ၊ ဆေးများကို ဂိုဏ်းထောက်ပရိယတ္တိစာသင်တိုက် ဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) မှ အရာရှိကြီးများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်အလှူတော်ငွေများကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့်အလှူရှင်များက အသီးသီး ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများကလက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ပဲ၊ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်းရည်ရွယ်ချက်အား တပ်မတော် အရာရှိကြီးတစ်ဦးက ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇ္ဇောတကထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

နေပြည်တော် တပ်ကုန်းမြို့နယ် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊သီလရှင်ကျောင်းများနှင့်ဘိုးဘွားရိပ်သာတို့အတွက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင် ပြည်သူများက၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ်၂၀၄ သိန်း ၆ သောင်း ၉ထောင်ကျပ်၊ဆန် ၅၁၇ အိတ်၊ဆီ ၁၅၅ ပိဿာ ၁၀ ကျပ်သား၊ ပဲ ၁၅၅၁ ပိဿာ၊ ဆား ၁၅၅၁ ပိဿာ၊ဆေးမျိုးစုံ ၇၅၆ ဘူး တို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နေပြည်တော်ကောင်စီနယ်မြေအတွင်း သဘာဝဘေးကြောင့်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၂**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်း သဘာဝဘေးကြောင့်ပျက်စီးခဲ့သော လမ်း၊ တံတားများ ယာယီပြင်ဆင်ပြီးစီးမှုအခြေအနေ၊လမ်း၊ တံတားများ၏ကြံ့ခိုင်မှုအခြေအနေ၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များဖြတ်သန်းသွားလာခွင့်ပြုထားမှုအခြေအနေနှင့် မူလအခြေအနေအတိုင်း အခိုင်အမာပြန်လည်တည်ဆောက်မည့် အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမ်းကပ်ခုံရေတိုက်စား၍ ပျက်စီးသွားသော မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-ညောင်ပင်သာလမ်းပေါ်ရှိ တံတားအမှတ်(၅/၁၆)ပေါင်းလောင်းတံတား၌ အရှည်ပေ ၈၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ နှစ်လွှာတစ်ထပ် ယာယီဘေလီတံတားထိုးခြင်း ဆောင်ရွက်ပြီးစီး၍ ယာဉ်များဖြတ်သန်းသွားလာမှုနှင့် တံတား၏ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ လမ်းအပိုင်းရှိ Box Culvert နှင့်လမ်းသားပျက်စီးမှုများပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။



အဆိုပါလမ်းပိုင်းတွင် ပျက်စီးခဲ့သော တံတားအမှတ်(၂/၂၀)၏ တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းနေရာတွင် အရှည် ပေ ၈၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ နှစ်လွှာတစ်ထပ် ယာယီဘေလီတံတားထိုးခြင်း ဆောင်ရွက်ပြီးစီး၍ ယာဉ်များဖြတ်သန်းသွားလာအသုံးပြုနေပြီဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ ဆင်သေချောင်းတံတား(သိုက်ချောင်း)နေရာတွင် ယာဉ်သွားလာမှုပိုမိုအဆင်ပြေလွယ်ကူစေရေးအတွက် အရှည် ပေ ၁၃၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ နှစ်လွှာတစ်ထပ် ဘေလီသံပေါင်တံတား နှစ်စင်းယာယီထိုးပေးပြီး အသွားလမ်း၊ အပြန်လမ်းအသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ထားရှိပြီး ယာဉ်များစနစ်တကျဖြတ်သန်းသွားလာခွင့်ပြုထားသည့် အခြေအနေနှင့် တံတား Pier တိုင်နိမ့်ကျသွားခြင်းကို အခိုင်အမာပြုပြင်ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆင်သေချောင်းတံတား (ပုပ္ပါးကုန်း)၌အရှည်ပေ ၇၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ တစ်လွှာတစ်ထပ် ဘေလီတံတားထိုးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးသဖြင့် မော်တော်ယာဉ်များဖြတ်သန်းသွားလာမှုနှင့် ပျက်စီးသွားသောချဉ်းကပ်လမ်းနေရာတွင် လမ်းသားပြုပြင်ခြင်းဆောင်ရွက်ပြီးစီးသည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇)ရှိ နဝင်းချောင်းတံတား(အဆုံတံတား)သို့သွားရောက်ပြီး ချောင်းရေတိုက်စားပျက်စီးသွားသည့် တံတားချဉ်းကပ်လမ်းနေရာ၌ တန် ၄၀ ခံနိုင်ဝန်ရှိသောအရှည်ပေ ၁၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ သုံးလွှာတစ်ထပ် ဘေလီတံတားထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်မော်တော်ယာဉ်များသတ်မှတ်ချက်အတိုင်း စနစ်တကျဖြတ်သန်းသွားလာမှု၊ တံတားကြံ့ခိုင်မှု၊ တံတား၏ Up Stream နှင့် Down Stream တို့တွင် ရေလမ်းကြောင်းရှင်းလင်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် အမြဲတမ်းတံတားအဖြစ် တည်ဆောက်မည့်လျာထားစီမံချက်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

အဆိုပါ နဝင်းချောင်းတံတားသည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်တွင်ရှိပြီး ခရီးသည်တင် မော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များဖြတ်သန်းသွားလာရာတွင် တန် ၄၀ ခံနိုင်ဝန်မှ တန် ၅၀ ခံနိုင်ဝန်ထိ ဖြတ်သန်းခွင့်ပြုနိုင်ရေးအတွက် ထောက်ကူပြင်ဆင်ဆောင်ရွက်ထားသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် လမ်း၊ တံတားများ ပျက်စီးမှုများကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံး ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ အများပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေလျက်ရှိပြီး ကုန်စည်များလည်း အဆက်မပြတ် ပို့ဆောင်နိုင်ပြီဖြစ်ကြောင်း၊ ယာယီပြင်ဆင်ပြီးစီးခဲ့သည့် လမ်း၊ တံတားများ၏ ကြံ့ခိုင်မှုကို နေ့ညမပြတ်စောင့်ကြည့်ကြပ်မတ်လျက်ရှိကြောင်းနှင့် မူလအခြေအနေအတိုင်းဖြစ်စေရေးအတွက် အခိုင်အမာပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ပျဉ်းမနားမြို့နယ်အတွင်းရှိ တံတားများပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများပေးအပ်စဉ်။

⚐ ရှေ့ဖုံးမှအဆက်

ဌာနဆိုင်ရာ အဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ပေးပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရောပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရမည်းသင်းမြို့ ရုံးပင်တွင်းကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

အလားတူ ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန် ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း၊ တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၁၀၄၉၁၁၊ ၀၆၇-၃၄၁၀၄၉၂၂၊ ၀၆၇-၃၄၁၀၄၉၃၃၊ ၀၆၇-၃၄၁၀၄၉၄၄၊ ၀၆၇-၃၄၁၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## စစ်တောင်းမြစ်ရေအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၂**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့်ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော် ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရေကန် ၂၂ ကန် ပြန်လည်တူးဖော်ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန်ခုနစ်ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းရေးဆောင်ရွက်နေဆဲဖြစ် ပါသည်။

ကျန်ရှိနေသောရေကန်များကိုလည်း ဆက်လက်၍ တူးဖော်ထိန်းသိမ်းကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှလှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်းလှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ၊ ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော် ဖုန်း ၀၆၇-၃၄၀၈၄၃၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.06713906701442701 တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး




နေပြည်တော် စက်တင်ဘာ ၂၂

အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်းနှင့် တပ်ကုန်း မြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့သည့် ကျေးရွာများသို့ သွားရောက်အားပေးပြီး ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရေတိုက်စားပျက်စီးခဲ့သော လယ်ဝေး မြို့နယ် နေပြည်တော်မြို့ရှောင်လမ်းမကြီးမှ ကွမ်းခြံကျေးရွာ ဆက်သွယ်သောလမ်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာဘုန်းတော်ကြီးကျောင်း၌ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ကြုံတွေ့ခဲ့ရသည့် တောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာရှိ နေကြာစိုက်အသင်းသား တောင်သူထံ ရေဆင်းစပ်မျိုး-၁ နေကြာမျိုးစေ့များ ပေးအပ်ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာရှိ စက်ရေတွင်းများအား တွင်းဆေးတွင်းမှုတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျေးရွာတောင်သူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြား၍ ဇောင်ချမ်းကုန်းကျေးရွာရှိ နေကြာစိုက်အသင်းသားတောင်သူ ဦးရေ ၅၀ အတွက် တီဘီအယ်(လ်)ကုမ္ပဏီက ထုတ်လုပ်သော ဆုရာကီရန်နေကြာမျိုးစေ့များနှင့် ရှုရှားသဘာဝမြေဩဇာအားဖြည့်ဆေးရည်များ ပေးအပ်ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော်(၂) ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်း၊ ဓာတ်အားလိုင်းအူကြောင်း ပြောင်းလဲတည်ဆောက်ခြင်းနှင့် ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်း ပြန်လည်ပြုပြင်တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်အတွင်း ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော်(၂) ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း ဓာတ်အားလိုင်းများ စစ်ဆေးပြုပြင်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဓာတ်အားလိုင်း အူကြောင်း ပြောင်းလဲတည်ဆောက်နိုင်ရန် တာဝါတိုင်ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ်ရှိ ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်း ပြန်လည်ပြုပြင် တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝါသံပေါင်များ ပြန်လည်ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တာဝါတိုင်များ စိုက်ထူရန် ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

အဆိုပါ ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော်(၂) ဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်း ပြန်လည်ပြုပြင် တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းအူကြောင်း ပြောင်းလဲတည်ဆောက်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေးနှင့် ဓာတ်အားအမြန်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ အာရှဒေသဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (AACC)၏ (၆)ကြိမ်မြောက် ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးသို့ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၂၂**

ထိုင်းနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌ H.E. Mr.Nakharin- Mektrairat ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဗန်ကောက်မြို့၌ "The Constitutional Courts and Equivalent Institutions in Strength- ening Constitutional Justice for Sustainable Society" ခေါင်းစဉ်ဖြင့် စက်တင်ဘာ၁၇ရက်မှ ၂၁ ရက်ထိ ကျင်းပသည့် အာရှဒေသဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း(Association of Asian Constitutional Courts and Equivalent Institutions- AACC)၏ (၆)ကြိမ်မြောက် ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

AACC အသင်းကြီး၏ (၆)ကြိမ်မြောက် ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးသို့ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များ၊ ဥပဒေပညာရှင်များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၁၈ ရက်တွင် ညီလာခံဖွင့်ပွဲအခမ်းအနားနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးကိုကျင်းပ၍ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး သုံးရုံးမှ ၎င်းတို့၏ ဆောင်ရွက်မှုအစီရင်ခံစာများကို တင်ပြခဲ့ကြပြီး AACC အသင်းကြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ညီလာခံအပြီးတွင် ထုတ်ပြန်မည့် ဗန်ကောက်ကြေညာစာတမ်း(The Bang- kok Declaration)တို့အပေါ် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

စက်တင်ဘာ ၁၉ ရက်တွင် ညီလာခံကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ ခုံရုံးဥက္ကဋ္ဌက "The Role of the Constitutional Courts and Equivalent Institutions in Strengthening Constitutional Justice for Sustainable Society"ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် ဖွံ့ဖြိုးတိုးတက်လာမှုများအကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ၏ အရေးပါပုံ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာစီရင်ပိုင်ခွင့်များအကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်မှုအစရှိသည်တို့နှင့် စပ်လျဉ်း၍ ထည့်သွင်းဆွေးနွေးခဲ့ပြီး ညီလာခံသို့ တက်ရောက်လာကြသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များနှင့် ဥပဒေပညာရှင်များကလည်း ၎င်းတို့နိုင်ငံအလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့်စပ်လျဉ်းသည့် အသိအမြင်၊ အတွေ့အကြုံ၊ ဗဟုသုတများကိုဖလှယ်ခဲ့ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၁ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် အခြေခံပညာကျောင်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ်အခြေခံပညာမူလတန်းလွန်ကျောင်း(တံတားဦး)သို့သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေဘေးဒဏ်ကြောင့် စာသင်ခန်းအတွင်း ရေဝင်ရောက်မှု၊ စာသင်ဆောင်နှင့် ကျောင်းအတွင်းရွှံ့နွံများ၊ အမှိုက်များဖယ်ရှားရှင်းလင်း၍ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ဆရာမများကို အားပေးစကားပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ကျောက်ချက်)သို့ သွားရောက်၍ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ကျောင်းအုတ်တံတိုင်း၊ ကျောင်းဆောင်၊ စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားကာ ပြန်လည်ပြုပြင်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အစားထိုးအချိန်ပိုသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် အခြေခံပညာ မူလတန်းလွန်ကျောင်း (အိုင်စောက်)၊ ပျဉ်းမနားမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(သကြားစက်)၊ အခြေခံပညာ အထက်တန်းကျောင်း (ညောင်ပင်သာ)သို့သွားရောက်ကာ ရေဝင်ရောက်မှုကြောင့် ကျောင်းအုတ်တံတိုင်း၊ ကျောင်းဆောင်၊စာသင်ဆောင်ပျက်စီးမှုများအပေါ် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သင်ကြားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ရန် တာဝန်ရှိသူများကိုမှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကလောမြို့ပေါ်ရှိ မီးသုံးသူ ၈၅ ရာခိုင်နှုန်းကို ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့၌ ရေတိုက်စားမှုကြောင့် ယိုင်လဲပျက်စီးသွားခဲ့သည့်ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ ရေကြီးရေလျှံမှုများကြောင့် ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်းများ ပျက်စီးဆုံးရှုံးမှုနှင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ယာယီဓာတ်အားဖြတ်တောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ တပ်ကုန်းမြို့၌ ရေကြီးရေလျှံမှုများကြောင့် ယိုင်လဲပျက်စီးသွားခဲ့သည့်မဟာဓာတ်အားလိုင်းများကို ဌာနမှ အင်ဂျင်နီယာများဦးဆောင်ကာ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်သို့ ရောက်ရှိရာ နမ့်ပန်တက် ဓာတ်အားခွဲရုံသို့ သွယ်တန်းထားသည့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများ ရေတိုက်စားပြီး ယိုင်လဲပျက်စီးခဲ့မှုနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်နေကြသည့် ဌာနမှ ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ထို့အတူ ဒုတိယဝန်ကြီးသည် ကလောမြို့ပေါ်ရပ်ကွက်များသို့ ရေဝင်ရောက်၍ ယာယီဓာတ်အားဖြတ်တောက်ထားရှိမှု၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားလွှတ်ပစ္စည်းများပျက်စီးခဲ့မှုနှင့် ပြန်လည်အစားထိုးပြုပြင်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရေကြီးရေလျှံခဲ့စဉ် ရေနစ်မြုပ်ခဲ့သည့် နေအိမ်၊ အဆောက်အအုံများ၏ ဓာတ်အားလိုင်းများ၊မီတာများနှင့် အိမ်တွင်းလျှပ်စစ်ဝါယာသွယ်တန်းထားရှိမှုများကို စနစ်တကျ စစ်ဆေးပြီးမှသာ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးရန်မှာကြားခဲ့သည်။

ကလောမြို့နယ်တွင် ရေကြီးရေလျှံမှုများကြောင့် ၃၃ ကေဗွီ ရေပေါင်းစုံ-ပြည်ညောင်-နမ့်ပန်တက် ဓာတ်အားလိုင်း ၅ မိုင်ခန့်၊ ၁၁ ကေဗွီလိုင်း ၁ ဒသမ ၃ မိုင်ခန့်၊ ဗို့ ၄၀၀ ဓာတ်အားလိုင်း သုည ဒသမ ၈၅ မိုင်ခန့် ယိုင်လဲပျက်စီးခဲ့ပြီး ၁၁/ သုည ဒသမ ၄ ကေဗွီထရန်စဖော်မာ ၁၀ လုံးခန့်နှင့် ဗို့ ၄၀၀Panel ခုနစ်လုံးခန့် ရေနစ်မြုပ်ခြင်း



များဖြစ်ပေါ်ခဲ့၍ ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ခြင်းကို ဌာနမှကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၁ ရက်မှစ၍ ကလောမြို့ပေါ်ရှိ မီးသုံးသူ ၈၅ ရာခိုင်နှုန်းကို ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် ၇ ရက်သာ လိုတော့သည်

# ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ APTERR အစီအစဉ်ဖြင့် အရန်ဆန် ၁၀၀၂ ဒသမ ၇၁ တန် ထောက်ပံ့ဖြန့်ဖြူးပေးသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိအာဆီယံ+၃ အရန်ဆန်သိုလှောင်ရုံအတွင်း အရန်ဆန်များ စနစ်တကျ သိုလှောင်ထားရှိမှုနှင့် သိုလှောင်ရုံများကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက APTERR အစီအစဉ်ဖြင့် အရန်ဆန် ၁၀၀၂ ဒသမ ၇၁ တန်ကို ယခုကြုံတွေ့ခဲ့ရသည့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထောက်ပံ့ဖြန့်ဖြူးပေးရေး ဆောင်ရွက်လျက်ရှိရာ ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်၍ သက်ဆိုင်ရာဒေသများသို့ အမြန်ဆုံးတင်ပို့ဖြန့်ဖြူးပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင်ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီး၏လယ်ယာကုန်ထုတ်လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်း လယ်ယာသားငါးထွက်ကုန်အခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းဒေသကြီးအတွင်းရှိ ဆည်၊ တာတမံများကြံ့ခိုင်ရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိရေး၊ဦးစီးဌာနရှိ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် သင်တန်းများစဉ်ဆက်မပြတ်ဖွင့်လှစ်ပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

(ယမန်နေ့မှအဆက်)

### ဂ

ဂ သည် မြန်မာဘာသာတွင် အနက်မရှိပါ။ အနက်မရှိသဖြင့် ပင်ကိုအဓိပ္ပာယ်လည်းမရှိ။ မြန်မာဘာသာတွင် ဂငယ်နှင့် ရေးသော ဝေါဟာရများရှိသော်လည်း မြန်မာဘာသာစကားများ မဟုတ်ဘဲ မွေးစားစကားများ၊ အသံဖလှယ်စကားများသာဖြစ်ကြသည်။

သာဓက။ ။

ဂဇာ၊ န- ဆင်ရုပ်၊ မြင်းရုပ် စသည် ရေးဆွဲသော ရှေးရိုးမြန်မာပန်းချီ။
[ပါ၊ ဂဇ]

ဂဏန်း၊ န- ၁၊ ၁၊၂၊၃၊၄၊၅၊၆၊၇၊၈၊၉၊၀ဟူသော သင်္ချာအမှတ်အသား။ ၂၊ ကိန်းအရေအတွက်။ ၃၊ ရေတွက်ခြင်းအတတ်။
[ပါ၊ ဂဏနာ]

ဂတိ၊ န- သတ္တဝါတို့လားရာဘဝ။ [ပါ၊ ဂတိ]

ဂဒူး၊ န- ဦးခေါင်းမှတင်ပါးအထိ မိုးလုံသောဆောင်းစရာတစ်မျိုး။ ပက္ကလာ။ ဗီလမ။ [မွန်၊ ဂဒိုဝ်]

ဂနိုင်၊ န- ၁၊ သစ်ပင်ကြီးများ စည်ကားစွာ ပေါက်ရောက်လျက်ရှိသော လှည့်လည်ကြည့်ရှုချင့်စဖွယ် သာယာသောတော။ ၂၊ [ ရှေး ] တော။ [ မွန်၊ ဂ္ဂိုင်]

ဂါထာ၊ န- ၁၊ ဆန်းကျမ်းတွင် ပြဆိုထားသည့် စည်းကမ်းတို့နှင့်အညီ ရေးစီသော ပါဠိကဗျာ။ ၂၊ လိုအင်ဆန္ဒပြည့်ဝစေကြောင်း သြောင်း၊ ဦး ခံ၍ ရွတ်ရသောစာ။ [ပါ၊ ဂါထာ]

ဂါလန်၊ န- အရည်ပမာဏကို ခန့်တွက်သော ချင့်ဝန်တစ်မျိုး။
[လိပ်၊ gallon]

ဂူလီ၊ န- ၁၊ မြင်းစီးလျက် တုတ်တံဖြင့် ရိုက်ခတ်ကစားရသော သစ်သားလုံး။ ၂၊ ယင်းသို့ရိုက်ခတ်ကစားရသော ရှေးခေတ်အားကစားနည်း။ [သ၊ ဂေါလီ]

ဂေဟာ၊ န- နေအိမ်။ [ပါ၊ ဂေဟ]

ဂေါပက၊ န- စေတီပုထိုးစသည်ကို စောင့်ရှောက်ထိန်းသိမ်းသူ။
[ ပါ၊ ဂေါပက ]

ဂေါ်ပြား၊ န- ၁၊ မြေကို တူးဆွကော်ယက်ခပ်ယူရသော ငန်းပြားကြီး။
၂၊ အမှိုက်များကို သိမ်းယူရာတွင် သုံးသောပစ္စည်း။
[ မြန်၊ ကော်ပြား ]

ဂုဏ်၊ န- ၁၊ သက်ရှိသက်မဲ့တို့၏ အရည်အချင်း၊ အစွမ်းသတ္တိ။ ၂၊ [စာပေ]အရေးအသား အစီအကုံးတွင် ကောင်းမြတ်သော အရည်အချင်း။ [ပါ၊ ဂုဏ]

### ဃ

ဃ သည် မြန်မာဘာသာတွင် အနက်မရှိပါ။ အနက်မရှိသဖြင့် အဓိပ္ပာယ်လည်းမရှိပါ။ မြန်မာဘာသာတွင် ဃကြီးနှင့် ရေးသော ဝေါဟာရများရှိသော်လည်း မြန်မာဘာသာစကားများ မဟုတ်ဘဲ မွေးစားစကားများသာဖြစ်သည်။

သာဓက။ ။

**ဃဋီ၊** န- နှစ်ဆယ့်လေးမိနစ်နှင့် ညီမျှသော ကာလအပိုင်းအခြား။ မြန်မာနာရီ တစ်နာရီ။ [သ၊ ဃဋိကာ]

**ဃနာနို့ဆွမ်း၊** န- နွားနို့ဖြင့် ကျိုချက်သောဆွမ်း။
[ပါ၊ ဃန + မြန်၊ နို့ဆွမ်း]

**ဃရာဝါသ၊** န- အိမ်ထောင်ပြုခြင်း။ [ပါ၊ ဃရာဝါသ]

**ဃောသအက္ခရာ၊** န- အသံပြင်းသောအက္ခရာ။သံပြင်းအက္ခရာ။ (ဂ၊ ဃ၊ င၊ ဇ၊ ဈ၊ ဥ/ည၊ ဍ၊ ဎ၊ ဏ၊ ဒ၊ ဓ၊ န၊ ဗ၊ ဘ၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ ဟ၊ ဠ ဟူ၍ အက္ခရာ ၂၁ လုံးရှိသည်။) [ပါ၊ ဃောသ+အက္ခရ]

**သံဃာ၊** န- မြတ်စွာဘုရား၏ တပည့်ရဟန်းအပေါင်း။ [ပါ၊ သံဃ]

**သံဃာစင်၊** န- အလှူမဏ္ဍပ်တွင် ရဟန်းတော်များ သီတင်းသုံးရာစင်။ [ ပါ၊ သံဃ + မြန်၊ စင် ]

**အာဃာတ၊** န- တစ်စုံတစ်ဦးအပေါ် မကျေနပ်သောကြောင့် အန္တရာယ်ပြုရန် စိတ်တွင်တေးမှတ်ထားခြင်း။ ရန်ငြိုး။[ ပါ၊ အာဃာတ ]

### င

င ၏အနက်လည်း 'ပေါင်းစည်း'ပင်ဖြစ်သည်။ ထို့ကြောင့်ထိမိသည်၊ ဆက်စပ်သည်၊ စုံစေ့သည်၊ မျှသည် စသည့်အဓိပ္ပာယ်များကို ဆောင်သည်။

င၅ ကြိ- စေ့စုံသည်။ လုံလောက်သည်။ စေ့စုံသည် ဆိုသည်မှာ လိုအပ်သောအရေအတွက် ရှိသင့်သောအရေအတွက်သို့ ရောက်ရှိကိုက်ညီမျှတသည့်သဘော ဖြစ်သည်။ ထိမိဆက်စပ်သည့် အနက်ပင်ဖြစ်သည်။ ပေးဝေရမည့်ပစ္စည်းနှင့် လက်ခံရယူမည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုက်ညီသဖြင့် အားလုံး ရရှိကြသည်ကို င သည်ဟု ဆိုသည်။ ကြိယာဖြစ်သော င ကို ကုံ၊ စေ့၊ လောက် စသည်တို့နှင့် တွဲဖက်၍ ကုံငသည်၊ စေ့ငသည်၊ လောက်ငသည် စသည်ဖြင့် သုံးသည်။

င၂ ၊ စည်း- ယောက်ျားအမည်ရှေ့တပ်စကားလုံး။ ပုဂံခေတ်၊ ပင်းယခေတ် စသည့်ခေတ်များက ကျောက်စာများတွင် ယောက်ျားများ၏ အမည်ရှေ့တွင် င ကိုတပ်၍ ငပွင့်၊ ငဆင့် စသည်ဖြင့် ခေါ်လေ့ရှိသည်။ င အစား ငါ ကိုလည်း သုံးသည်။ င ၏ အနက်မှာ ပေါင်းစည်းနက်ပင်ဖြစ်၍အပေါင်းအစည်း၊ အစုအဖွဲ့၊ အကောင်အထည်ဖြစ်သော "ကို" ကို ရည်ညွှန်းသည်။ နောင်အခါ ပေါင်းစည်းနက်ပင်ဖြစ်သော မောင်၊ ကို၊ ဦး စသည်ဖြင့် အရွယ်အရ ခွဲခြားခေါ်ကြသည်။ မောင်၊ ကို၊ ဦး တို့၏ အနက်လည်း အလုံးအတွေ၊ အပေါင်းအဖွဲ့ပင်ဖြစ်သည်။ နာမ်စား ဖြစ်သည့် ငါ သည်လည်း နာမ်စားဖြစ်သော ကို [ရှေး] ကိုဝ် [ယခု] ကိုယ်နှင့် အတူပင်ဖြစ်သည်။

### စ

စ ၏အနက်လည်း "ပေါင်းစည်းခြင်း"ပင်ဖြစ်သည်။ စ ကို **စက်**သည်၊ **စပ်**သည် စသော ဝေါဟာရများနှင့် နှိုင်းယှဉ်၍ အနက်ဖော်ပါက ပို၍ပေါ်လွင်ပါလိမ့်မည်။ ဆက်စပ်သည်၊ ထိမိသည်၊ ယှဉ်နှိုင်းသည် စသော အနက်သဘောများဖြစ်သည်။ စ သည် စ၊ စာ၊ စားဟူသော တက်ကျသံ သုံးမျိုးတွင် သက်သံဖြစ်သည်။ အသံအားဖြင့် အားအနည်းဆုံးသော အသံဖြစ်သည်။ အနက်အားဖြင့်လည်း အားအနည်းဆုံး အနက်ဖြစ်သည်။

စ ၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် "ကြိ- ၁၊ ရှေးဦးပြုသည်။ ၂၊ ကျီစားသည်။ နောက်သည်။ ပြောင်သည်" ဟူ၍ ဖွင့်ပြထားပါသည်။ ပစ္စည်းအနေဖြင့် စည်း-၁၊ အမေးကိုပြသောစကားလုံး။ "ဟုတ်ပါလေစ"။ ၂၊ ကြိယာအနက်ကို လေးနက်အောင်၊ ပြေပြစ်အောင် ထောက်ပံ့သောစကားလုံး။ "မမြင်စဖူး၊ ရှက်စနိုး။"

မူလသက်ရောက်သောအနက်ကို ကြံဆဆင်ခြင်ရသော်- ရှေးဦးပြုသည် ဆိုသည်မှာ ပြုဖွယ် ကိစ္စတစ်ခုခုကို ဦးစွာပြုသည့် သဘောဖြင့် ထိုပြုဖွယ်ကိစ္စရပ်ကို ဦးစွာ ဆက်စပ်ထိတွေ့လိုက်ခြင်းပင်ဖြစ်သဖြင့် ပေါင်းစည်းနက်ပင်ဖြစ်သည်။ "ကျီစားသည်၊ နောက်သည်၊ ပြောင်သည်။" ဆိုသည်မှာလည်း တစ်စုံတစ်ယောက်ကို၊ တစ်စုံတစ်ရာသောပစ္စည်း၊ တစ်စုံတစ်ရာသောစကား စသည့်အကြောင်းအရာနှင့် ဆက်စပ်ပြောဆို ဆောင်ရွက်ပြုလုပ်သည်ပင်ဖြစ်သည်။ "နောက်သည်၊ ကျီစားသည်" စသည်ကို အချို့ဒေသတွင်တို့သည်ဟု ပြောကြသုံးနှုန်းကြသည်။

အမေးပစ္စည်း စ ၏ အနက်မှာလည်း သိလိုသော အကြောင်းအရာတစ်ခုခုနှင့်ပတ်သက် ဆက်စပ်၍ ဖြစ်နိုင်၏ မဖြစ်နိုင်၏ ဆိုသည်ကို မေးမြန်းစုံစမ်းခြင်းပင်ဖြစ်သဖြင့် ထိမိဆက်စပ်နှိုင်းယှဉ်ခြင်း အနက်ပင်ဖြစ်၍ ပေါင်းစည်းခြင်းသဘောပင်ဖြစ်သည်။

"မမြင်စဖူး၊ မကြားစဖူး" တို့မှ စ သည်လည်း မမြင်ဖူးဘူး၊ မကြားဖူးဘူး ဆိုသည့်သဘောတွင် အမှန်တကယ် မမြင်ဖူး၊ မကြားဖူးသည့် သဘောကို ထိထိမိမိ၊ တိတိကျကျ ပေါ်လွင်စေသောအနက်ကို ဖြစ်စေပါသည်။

တက်ကျသံတွင် သက်သံဖြစ်သော စ သံ၏ အနက်ဆက်နွယ်သံ **စက်** နှင့် **စပ်** တို့၏ အနက်သည်လည်း ပေါင်းစည်းနက်ပင်ဖြစ်သည်။

**စက်** ကို မြန်မာအဘိဓာန်တွင် "ကြိ - ၁၊ ချိန်နှိုင်းသည်။ ချိန်တွယ်သည်။ ၂၊ ဆက်လက်ကူးပြောင်းပျံ့နှံ့သည်။ ၃၊ (မင်း၊ မိဖုရား စသည်) အိပ်သည်။"ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ ဆက်စပ်သည့်သဘော၊ ထိမိသည့်သဘော၊ ပေါင်းစည်းသည့်သဘောပင်ဖြစ်ပါသည်။ ချိန်နှိုင်းသည်၊ ချိန်တွယ်သည်ဆိုသည်မှာ ကောင်းသည် ဆိုးသည်၊ ရှုံးသည် မြတ်သည်၊ တော်သည် ညံ့သည် စသည်တို့ကို ဆက်စပ်ကြည့်ခြင်းဖြစ်ပါသည်။ ဆက်လက်ကူးပြောင်းပျံ့နှံ့သည်ဆိုသည်မှာ တစ်ခုနှင့်တစ်ခု ထိ၍ဆက်၍ဖြစ်သည့် သဘောဖြစ်သဖြင့် ပေါင်းစည်းခြင်း အနက်ပင်ဖြစ်ပါသည်။ အထူးသဖြင့် ရောဂါ၊ မကောင်းသောအကျင့် စသည် ကူးပျံ့ရာတွင် သုံးလေ့ရှိသည်။ ကူးနှင့်တွဲ၍ ကူးစက်သည်ဟု သုံးလေ့ရှိသည်။ **စက်** နှင့် **ကူး** အနက်တူပင် ဖြစ်သည်။

**စပ်** လည်း စ နှင့် အနက်တူပင်ဖြစ်သည်။ မြန်မာအဘိဓာန်တွင် **စပ်**ကို "ကြိ- ၁၊ ပူးကပ်သည်။ ၂၊ ပေါင်းသည်။ ရောသည်။ ၃၊ သက်ဆိုင်သည်။ ၄၊ (အမျိုး) တော်သည်။ ၅၊ စီကုံးဖွဲ့နွဲ့သည်။ ၆၊ အဆက်အသွယ်ပြုသည်။"ဟူ၍ အဓိပ္ပာယ်ဖွင့်ထားပါသည်။ မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ထားသော ကြိယာနက် ခြောက်ခုလုံး ပေါင်းစည်းခြင်း၊ ဆက်နွယ်ခြင်း၊ ပူးတွဲခြင်း၊ ရောယှက်ခြင်း စသောအနက်များဖြစ်သည်။ ကမ်းစပ်၊ ဆံစပ် ဟူသောဝေါဟာရများသည် ကမ်းစ၊ ဆံစ ပင်ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၆၈၅၀ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့် အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်း များဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင် ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ် လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန် အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်း ဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၂၃ရက်မှ ၂၉ရက်ထိ ရန်ကုန် အထိုင်ဈေးအခြေခံလက်ကား ရည်ညွှန်း ဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၈၅၀ ဖြစ်ကြောင်း ထုတ်ပြန် ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ဈေးကစား ရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါ အဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ် ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း များကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Face-book Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည် နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Face-book Page တွင် ဝင်ရောက်ကြည့်ရှုနိုင် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကား ပြန့်ပွားနေစေရေး။

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသား ယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။

**☆ တရားမဝင်ဖမ်းဆီးရမိမှုမှအဆက်**

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေး ဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင် လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက် ကုန်ပစ္စည်း သုံးမျိုး၊ ယာဉ်အပိုပစ္စည်း





ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု

တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၂၀၀၀၀နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး၊ Mitsubishi Fuso Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ကိုလည်းကောင်း၊ စက်တင် ဘာ ၂၁ ရက်တွင် ဘုရားကြီးမြို့ လမ်းဆုံ အနီး၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင် လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန် ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၀၀၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် JAC Express Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၈၂၀၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက် ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင် ရွက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် မြောင်းမြခရိုင်အတွင်း၌ လိုင်စင်မဲ့ Luojia-125 မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ကို ပို့ကုန် သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဖျာပုံ ခရိုင် ဘိုကလေးမြို့နယ် သရော်ချောင်း ကျေးရွာအုပ်စု၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တိရိစ္ဆာန်တစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း သုံးမျိုးနှင့် စက်လှေတစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၄၀၀၀ ကို အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရလည်း ကောင်း၊ စက်တင်ဘာ ၂၁ ရက်တွင် ပုသိမ် ခရိုင်၊ မအူပင်ခရိုင်နှင့် လပွတ္တာခရိုင်တို့ အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ခြောက်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေ အရလည်းကောင်း၊ ပုသိမ်ခရိုင် ပုသိမ် မြို့နယ်အတွင်း၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ခုနစ်ပီပါနှင့်ဒီဇယ် နှစ်ပီပါ ခန့်မှန်း တန်ဖိုးငွေကျပ် ၅၆၆၀၀၀၀ ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၆၄၀၀၀ကို ဖမ်းဆီးအရေးယူဆောင် ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေး မြို့မှ မုံရွာမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၂၅၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀ကိုလည်းကောင်း၊ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ အောင်ပန်းမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့်Mitsubishi Canter Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀ ကိုလည်းကောင်း၊ မန္တလေး-ပြင်ဦးလွင်ကားလမ်း မိုင်တိုင်အမှတ် ၁၉နှင့် ၂၀ကြား၌ လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၇၂၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Station Wagon တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၀၈၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၂၁ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက် ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ရှောင်လမ်းမ၊ ကျိုင်းဖောင်းဂိတ်အနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၀၀၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၅၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ စက်တင်ဘာ ၂၀ ရက်မှ ၂၁ ရက်ထိ ဖမ်းဆီးရမိ အမှုတွဲ ၂၆ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၂၀၉၃၂၀၀ ဖြစ် ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးဦးဆောင်ကော်မတီမှ သတင်း ရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီ ထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေး ခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**❖ ချင်းပီယံခါးပတ်ဆွတ်ခူးမှုအဆက်**

အမြင့်ကန်ချက်များဖြင့် အသာစီးထိုးသတ် နိုင်ခဲ့ကာ ဒုတိယအချီမြောက်တွင် ထွန်းထွန်းမင်း၏ အမြင့်ကန်ချက်များ ကြောင့် ကျော်စွာဝင်းမှာ အနားတောင်းခဲ့ ရသည်။

ထို့နောက် ဆက်လက်ထိုးသတ်ခဲ့ရာ တွင်လည်း ထွန်းထွန်းမင်း၏ အမြင့်ကန် ချက်များကြောင့် ကျော်စွာဝင်း အထိနာခဲ့ ရပြီး အကောင်းဆုံးခုခံကစားခဲ့သော် လည်း စတုတ္ထအချီမြောက်တွင် ခုခံနိုင် ခြင်းမရှိတော့သည့်အတွက် ထွန်းထွန်းမင်း က စတုတ္ထအချီတွင် အလဲထိုးဖြင့် အနိုင်ရရှိခဲ့ပြီး အလွတ်တန်းချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

နဝမအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ(MLWC-9) ပြိုင်ပွဲတွင် အခြားတွဲဆိုင်းအဖြစ် မြန်မာထိပ်တန်း လက်ဝှေ့ကစားသမား တစ်ဦးဖြစ်သည့် ရွှေရာမာန်နှင့် အောင်ခိုင်တို့ ထိုးသတ်ခဲ့ရာ နောက်ဆုံး ငါးချီထိ အနိုင်အရှုံးရလဒ် မပေါ်ခဲ့သည့်အတွက် ပူးတွဲသရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။

STA

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

(၂၂ - ၉ - ၂၀၂၄)

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅မိုင်ထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ပေခန့် ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် မေတ္တာရိပ်အောက်ရောက်ရှိစဉ် အပိုင်း(၄)

လင်းလက်

**ပြည်သူကို အကျိုးပြုနိုင်ဖို့**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် ၂၀၂၄ ခုနှစ် ဇူလိုင် ၈ ရက်မှ စက်တင်ဘာ ၄ ရက်ထိ ဖွင့်လှစ်သင်ကြားခဲ့သည့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၈)တွင် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်သော ပြည်သူ့ရေးရာမူဝါဒချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံရေးသိပ္ပံဌာနက ရှင်းလင်းဆွေးနွေးပို့ချခဲ့သည်ကို သင်တန်းသားတစ်ဦးအနေဖြင့် လေ့လာခဲ့ရသည်။ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများတွင် စီမံခန့်ခွဲအုပ်ချုပ်မှုတာဝန်များကို ထမ်းဆောင်နေရသည့် အဆင့်မြင့်အရာရှိများအတွက် အလွန်အကျိုးရှိသည့် ဘာသာရပ်တစ်ခုပင်ဖြစ်သဖြင့် လေ့ကျင့်သင်ကြားပေးသည့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှ တာဝန်ရှိသူများ၏ စေတနာကို ခံစားမိလိုက်သည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များသည် ဝန်ထမ်းများအတွက် ရာထူးအဆင့်အလိုက် လိုအပ်သည့် အလွန်တန်ဖိုးရှိသောဘာသာရပ်များ သင်ကြားပို့ချပေးနေသည်ကို နိုင်ငံ့ဝန်ထမ်းများက သဘောပေါက်နားလည်၍ သင်တန်းကာလအချိန်များကို အကျိုးရှိရှိ ကုန်ဆုံးကြစေလိုသဖြင့် ဤဆောင်းပါးကို ရေးသားတင်ပြလိုက်ရခြင်းပင်ဖြစ်သည်။ ပြည်သူ့ရေးရာမူဝါဒဆိုသည်မှာ အစိုးရ၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် နိုင်ငံရေးသီအိုရီများကို တစ်ထပ်တည်းကျအောင် ကြိုးစားဆောင်ရွက်ခြင်းပင်ဖြစ်သည်ဟု သိရသည်။ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရတစ်ရပ်ကို အကောင်အထည်ဖော်ရာတွင် အဆင့်မြင့်အရာရှိများအနေဖြင့် ပြည်သူ့ရေးရာမူဝါဒများကို တတ်ကျွမ်းနားလည်ကာ မိမိတို့၏အတွေ့အကြုံများကိုအခြေခံ၍ နိုင်ငံတော်၏ မူဝါဒချမှတ်ခြင်းလုပ်ငန်းများတွင် ကောင်းမွန်စွာပါဝင်ဆောင်ရွက်နိုင်ရေး ကြိုးစားပေးရန်လိုအပ်သည်။

**ပြည်သူအကျိုးပြု**

ခေတ်စနစ်နှင့်အညီ တိုးတက်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာ မူဝါဒများကို ချမှတ်နိုင်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ အဆင့်မြင့်အရာရှိများသည် ပြည်သူလူထု၏နေ့စဉ် စား၊ ဝတ်၊ နေရေးအတွက်လိုအပ်သည့် နေ့စဉ်လိုအပ်ချက်များကို ပြည်သူ့ရေးရာမူဝါဒလုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရသူများဖြစ်သည်။ ပြည်သူ့ရေးရာမူဝါဒလုပ်ငန်းစဉ်သည် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို နိုင်ငံ၏ ရှိရင်းစွဲသဘာဝသယံဇာတများနှင့် အရင်းအမြစ်များဖြင့် ဖြည့်ဆည်းပေးခြင်းပင်ဖြစ်သည်။ အရင်းအမြစ်များကို မှန်ကန်မျှတစွာခွဲဝေချထားပေးရန်ကလည်း ပြည်သူ့ရေးရာမူဝါဒ၏ အနှစ်သာရပင်ဖြစ်သည်။

မူဝါဒချမှတ်သူများသည် ကျွမ်းကျင်မှုနှင့် ဆင်ခြင်တုံတရားတို့ကိုအခြေခံ၍ အရင်းအမြစ်များကို ခွဲဝေချထားပေးရန်ကလည်း ပဓာနကျလှသည်။ အတွေးအခေါ်ပညာရှင်ပလေတိုက "အစိုးရဆိုသည်မှာ ပြည်သူလူထု၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သူကိုသာ ဆိုလိုသည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ "အစိုးရ၏ လုပ်ငန်းတာဝန်များမှာ အများပြည်သူ၏ အသက်အိုးအိမ်၊ စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ခြင်းသာဖြစ်သည်"ဟုအတွေးအခေါ်ပညာရှင် ရှူးဆိုးက အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့်မူဝါဒများချမှတ်၍ နိုင်ငံတော်၏ ရှိရင်းစွဲအရင်းအမြစ်များကို စနစ်တကျအသုံးချခြင်းသည် ပြည်သူ့ရေးရာမူဝါဒ၏ အနှစ်သာရပင်ဖြစ်သည်။

**အားလုံးပူးပေါင်းပါဝင်**

ပြည်သူ့ရေးရာမူဝါဒများချမှတ်ရာတွင် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ရန်လိုအပ်သည်။ အမှန်တကယ်လိုအပ်သည့်နေရာများသို့ အရင်းအမြစ်များရောက်ရှိရေးနှင့် ထိရောက်အကျိုးရှိစွာ အကောင်အထည်ဖော်ရန်လိုအပ်သည်။ ထိုကဲ့သို့ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများလမ်းလွဲလမ်းမှားသို့ မရောက်ရှိစေရေးနှင့် အဂတိလိုက်စားမှုများမရှိစေရေး အထူးအလေးထားဆောင်ရွက်ရန်လိုအပ်သည်။ ပြည်သူ့ရေးရာမူဝါဒများချမှတ်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်းတို့တွင် အဆင့်မြင့်အရာရှိများအပါအဝင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မှန်ကန်တည့်မတ်စွာပါဝင်ကြရန်လိုသည်။

အများပြည်သူဘဏ္ဍာရန်ပုံငွေများကို သုံးစွဲရသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူ့ရေးရာမူဝါဒစံနှုန်းသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဘဏ္ဍာရန်ပုံငွေများကို အသုံးပြုရန်လိုအပ်သည်။ ဝန်ထမ်းဆိုသည်မှာ အစိုးရနှင့်ပြည်သူကြား ပေါင်းကူးတံတားများဖြစ်ပြီး ပြည်သူလူထု၏အခြေခံလိုအပ်ချက်များကို သိရှိထားကာ ပြည်သူ့ရေးရာမူဝါဒများကို မှန်ကန်တည့်မတ်စွာချမှတ်နိုင်ရေး ကြားခံဆောင်ရွက်ပေးရသူများဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းများသည် အစိုးရ၏ ပြည်သူ့ရေးရာမူဝါဒများ မှန်ကန်စွာချမှတ်နိုင်ရေးနှင့် ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အခရာကျသူများဖြစ်သည်။

ပြည်သူ့ရေးရာမူဝါဒဆိုသည်မှာ ပြည်သူလူထု၏အကျိုးစီးပွားအတွက် ချမှတ်ခြင်းသာဖြစ်ပြီး ထိုမူဝါဒများကို အကောင်အထည်ဖော်ရသည့် နိုင်ငံ့ဝန်ထမ်းများ၏ အဓိကတာဝန်မှာလည်း အများပြည်သူ၏ အကျိုးစီးပွားကို အလေးထားကာကွယ်စောင့်ရှောက်ရန်သာဖြစ်သဖြင့် ပြည်သူ့ရေးရာမူဝါဒများအောင်မြင်ရေးတွင် နိုင်ငံ့ဝန်ထမ်းများ၏အခန်းကဏ္ဍက အရေးကြီးသည်။ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို အစဉ်အလေးထား၍ ပြည်သူလူထုနှင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ဘဏ္ဍာရန်ပုံငွေများပျက်စီးဆုံးရှုံးမှုမရှိစေရေး အစဉ်ထိန်းသိမ်းစောင့်ရှောက်ရမည့် နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူ့ရေးရာမူဝါဒများကို မှန်ကန်တည့်မတ်စွာအကောင်အထည်ဖော်ရေး တိုက်တွန်းလိုသည်။

ပြည်သူ့ရေးရာမူဝါဒများကို အကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်တစ်ခုလုံးတွင် အစိုးရအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း၊ နိုင်ငံရေးပါတီများ၊ သတင်းမီဒီယာများ၊ အကျိုးခံစားခွင့်ရှိသူများ၊ ဥပဒေပြုရေးမဏ္ဍိုင်မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုသည်။ မိမိအပါအဝင် အဆင့်မြင့်အရာရှိများသည် နောင်တစ်ချိန်တွင် နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုကြသူများဖြစ်သဖြင့် ပြည်သူ့ရေးရာမူဝါဒများ၏ သဘောသဘာဝများကို သိရှိကြခြင်းဖြင့် ပြည်သူလူထု၏အကျိုးစီးပွားကိုအစဉ်အလေးထားကာကွယ်စောင့်ရှောက်ကာ တိုးတက်အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**အရင်းအမြစ်များကို စနစ်တကျခွဲဝေ**

ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များသည် အကန့်အသတ်မဲ့ဖြစ်ပြီး အရင်းအမြစ်များသည် အကန့်အသတ်နှင့်ဖြစ်သဖြင့် အရင်းအမြစ်များခွဲဝေချထားရာတွင် ဦးစားပေးနယ်ပယ်နှင့် လုပ်ငန်းကို မှန်ကန်တည့်မတ်စွာ ရွေးချယ်နိုင်ရန်ကလည်း အဓိကကျလှသည်။ အဆင့်မြင့်အရာရှိများသည် မူဝါဒချမှတ်သူများလည်းဖြစ်နိုင်သဖြင့် ထိုအချက်ကို ဆင်ခြင်တုံတရားနှင့် ဖြောင့်မတ်တည်ကြည်မှုတို့ဖြင့် ဖြေရှင်းနိုင်သည်။ ဦးစားပေးနယ်ပယ်ရွေးချယ်မှုတွင် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်နှင့်ကိုက်ညီစေရေးအတွက် ပြည်သူလူထု၏အခြေခံလိုအပ်ချက်များကို သိရှိရမည်ဖြစ်သည်။

ထိရောက်ကောင်းမွန်သော ပြည်သူ့ရေးရာမူဝါဒတစ်ခုဖြစ်လာစေရေးအတွက် တိကျသေချာသည့် အချက်အလက်များကို အခြေခံခြင်း၊ လက်တွေ့အကောင်အထည်ဖော်နိုင်စွမ်းရှိခြင်း၊ ထိရောက်မှုရှိခြင်း စသည့်အချက်များနှင့် ပြည့်စုံရန်လိုအပ်သည်။ ပြည်သူလူထု၏ အမှန်တကယ်လိုအပ်ချက်များကို ဆောင်ကြဉ်းပေးနိုင်သည့်မူဝါဒဖြစ်လာစေရေးအတွက် သတင်းအချက်အလက်များက တိကျမှန်ကန်နေရန် လိုအပ်သည်။ မူဝါဒတစ်ခုသည် မည်မျှပင်ကောင်းသည်ဟုဆိုစေကာမူ လက်တွေ့အခြေအနေနှင့် ကိုက်ညီမှုမရှိ၊ အကောင်အထည်ဖော်ရန် အခက်အခဲရှိနေသည့် မူဝါဒဖြစ်နေမည်ဆိုပါက ပြည်သူလူထု၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် မဖြစ်နိုင်ပေ။ မြေပြင်အမှန်တကယ်လိုအပ်ချက်ကို ထိရောက်ကောင်းမွန်စွာ ဖြည့်တင်းပေးနိုင်ရန်လည်း လိုအပ်သည်။

ပြည်သူ့ရေးရာမူဝါဒဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများအခွင့်အရေးများကို ပြည်သူများသို့ အပြည့်အဝပေးနိုင်ရန် အားထုတ်မှုသာဖြစ်သည်။ အစိုးရ၏လုပ်ကိုင်ဆောင်ရွက်မှုအားလုံးသည် ပြည်သူ့ရေးရာမူဝါဒပင်ဖြစ်ပြီး ၎င်း၏အနှစ်သာရသည် ပြည်သူများအနေဖြင့် လူမှုနယ်ပယ်တွင် အပြန်အလှန်သဘောတူညီမှုရယူကာ လုပ်ပိုင်ခွင့်အာဏာကိုခွဲဝေခြင်းဖြင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းခြင်းပင်ဖြစ်သည်။ အစိုးရသည် ပြည်သူလူထု၏ဘဝ၊ လွတ်လပ်ခွင့်နှင့် အိုးအိမ်စည်းစိမ်တို့ကို လုံခြုံအောင်စောင့်ရှောက်ပေးရမည့်တာဝန်ရှိပြီး အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အာဏာခွဲဝေကျင့်သုံးခြင်း၊ ဥပဒေပြုခြင်းနှင့် ဥပဒေကို အကောင်အထည်ဖော်ခြင်း၊ ဥပဒေကို အားကောင်းအောင်ဆောင်ရွက်ခြင်း၊ ပြည်သူတို့၏ဘဝ၊ လွတ်လပ်ခွင့်နှင့် အိုးအိမ်စည်းစိမ်တို့ကို လုံခြုံအောင်စောင့်ရှောက်ခြင်းတို့မှသည် ပြည်သူ့ရေးရာမူဝါဒများဖြစ်လာပေသည်။

ပြည်သူ့ရေးရာမူဝါဒများချမှတ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို လုပ်ဆောင်နေသူများအနေဖြင့် ပညာရပ်ဆိုင်ရာဗဟုသုတ၊ လက်တွေ့ကျသောကျွမ်းကျင်မှုများနှင့် လက်ရှိပြည်သူ့ရေးရာဝန်ဆောင်မှုအဝန်းအဝိုင်းနှင့်ပတ်သက်သော စိန်ခေါ်မှုများကို ပိုမိုကျယ်ပြန့်သောနားလည်မှုတို့ဖြင့် ပေါင်းစပ်ကျင့်သုံးရမည်ဖြစ်သည်။ ပြည်သူ့ရေးရာမူဝါဒသည် ပြည်သူလူထု၏လိုအပ်ချက်များကို ကျေနပ်စေရန် အခြေခံကျကျဆက်စပ်မှု၊ ဖန်တီးမှုများဖြင့် မူဘောင်ချမှတ်၍ ဆောင်ရွက်ခြင်းပင်ဖြစ်သဖြင့် အစိုးရနှင့် ပြည်သူကြား ရှိရင်းစွဲယုံကြည်မှုကို ပိုမိုခိုင်မာစေသည်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့်မူဝါဒများကို စနစ်တကျချမှတ်နိုင်ခြင်းဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရတစ်ရပ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

**အကျိုးရှိရှိအသုံးချတတ်ပါစေ**

အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၈)တွင် သင်ကြားပို့ချပေးနေသည့် သင်ခန်းစာများက အများပြည်သူအကျိုးစီးပွားကို အစဉ်သယ်ပိုးနိုင်ရေးအတွက် လိုအပ်သည့်ကိရိယာတန်ဆာပလာများကို တပ်ဆင်ပေးနေခြင်းပင်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၌ လက်ရှိဖွင့်လှစ်ပေးနေသည့် သင်တန်းများအားလုံးတွင်သင်ကြားနေသည့် သင်ခန်းစာများသည်လည်း နိုင်ငံ့ဝန်ထမ်းများအတွက် အမှန်တကယ်လိုအပ်၍ သင်ကြားပို့ချပေးနေခြင်းသာဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၏ ရင်ခွင်တွင်ခိုဝင်၍ ပညာရင်နို့သောက်စို့နေသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်များကိုပါ ပြုပြင်ပြောင်းလဲပေးနေသည့် နည်းပြဆရာ၊ ဆရာမများ၏ စေတနာမေတ္တာများကို တုံ့ပြန်သောအနေဖြင့် သင်တန်းသားဘဝအခိုက်အတန့်ကာလကို အကျိုးရှိရှိအသုံးချနိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။

**❖ ပြည်သူ့ရေးရာမူဝါဒသည် ပြည်သူလူထု၏ လိုအပ်ချက်များကို ကျေနပ်စေရန် အခြေခံကျကျဆက်စပ်မှု၊ ဖန်တီးမှုများဖြင့် မူဘောင်ချမှတ်၍ ဆောင်ရွက်ခြင်းပင်ဖြစ်သဖြင့် အစိုးရနှင့် ပြည်သူကြား ရှိရင်းစွဲယုံကြည်မှုကို ပိုမိုခိုင်မာစေသည်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့်မူဝါဒများကို စနစ်တကျချမှတ်နိုင်ခြင်းဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရတစ်ရပ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ❖**

ဝတ္ထုတိုကလျာ

# စိတ်ဒဏ်ရာ

## မောင်နိုင်လင်း(ရိုးရှာ)



(၁)

ကျွန်တော်နှင့်အမေထမင်းစားနေစဉ် ဘေးအိမ်က ကြောင်နက်လေးတစ်ကောင် တညောင်ညောင် အသံပေးပြီး အနားသို့ရောက်လာသည်။ ကျွန်တော့်လက်က မြန်ပါဘိနှယ်။ ထစ်ခနဲဆို အနီးရှိအရာဝတ္ထုတစ်ခုနှင့်ပစ်ပေါက်လိုက်သည်မို့ ကြောင်လေးသည် ဆက်ပြီးမနေဝံ့တော့ဘဲ ပြန်ပြေးသွား၏။ ကျွန်တော်၏ သနားငဲ့ညှာမှုကင်းမဲ့သည့်လုပ်ရပ်ကို အမေက အပြစ်တင်တော့သည်။

"မင်းမှာ သနားညှာတာစိတ်ကောရှိသေးရဲ့လား စိုးမင်း။ မင်းလုပ်ရပ်က ဟုတ်ကို မဟုတ်သေးဘူး။ သူ့ခမျာ အသံပေးတုန်းရှိသေးတယ် ပစ်လိုက်ပြီ။ ကြောင်ရှိတော့ ကြွက်ရဲ့ရန်တောင် အေးသေးတယ်။ နို့မို့ဆိုရင် ညဘက် ကြွက်တွေသောင်းကျန်းတာ သိလျက်သားနဲ့"

"ကြွက်တွေသောင်းကျန်းရင် ကြွက်ဆေးဝယ်ချလိုက်မယ်အမေ။ သူတို့ကိုတော့ အိမ်မှာမထားနိုင်ဘူး"

"ကြွက်ဆေးချတာ အမေ အားမပေးချင်ဘူး။ ဆေးမိပြီး ဘယ်မှာသေလို့သေမှန်းမသိဘူး ပုပ်ဆော်ကလဲ နံပါဘိနှယ်။ အမေက အိမ်မှာ ကြောင်လေးတစ်ကောင်မွေးဖို့တောင် စဉ်းစားထားတယ်။ သားသဘောကရော"

ကျွန်တော် ဘာမျှပြန်မပြောဘဲ ထမင်းဝိုင်းက ထလာခဲ့သည်။ အမေပြောတာမှန်ပါသည်။ ညဘက် ကြွက်တွေသောင်းကျန်းလို့ အိပ်ရေးပျက်ပေါင်းလည်း များလှပြီ။ ဟိုယခင်တုန်းကဆိုလျှင် ကျွန်တော် မည်သည့်တိရစ္ဆာန်ကိုမှ နာကျင်အောင်မရိုက်နှက်ဖူးခဲ့ပါ။ အစာစားချင်လို့ အိမ်ဘက်ကူးလာသည့် ခွေးလေးတွေ၊ ကြောင်လေးတွေအတွက် ထမင်းကျန်၊ ဟင်းကျန်များကို သေချာနယ်ကျွေး စောင့်ရှောက်ယုယခဲ့သည့်ကျွန်တော်။ အကယ်၍ ထမင်းကျန်၊ ဟင်းကျန်မရှိခဲ့လျှင် ထန်းလျက်ခဲကို ချကျွေးခဲ့ပြီး အိမ်မှာပျော်အောင်မွေးမြူခဲ့သည်။ မေတ္တာရောင်ပြန်ဟပ်သည့်သဘောဟုဆိုရမလားပင် ကျွန်တော့်ကို မြင်သည်နှင့် ခွေးလေးတွေ၊ ကြောင်လေးတွေက ပြေးလာကြပြီ။ ကျွန်တော်သွားလေရာ တကောက်ကောက်လိုက်ကာ လူကို ပွတ်သပ်နေတတ်သည်။

ညဘက် ကျွန်တော့်အိမ်ရှေ့တွင် ခွေးအများကြီး စုအိပ်ကြသည်။ မည်းမည်းမြင်ရာ ထိုးဟောင်တတ်သည်မို့ ကျွန်တော်တို့အိမ်နား ညဘက် ဘယ်သူမှ မလာဝံ့ကြပေ။ ထိုနည်းတူပင် ကြောင်လေးတွေသည် ညဘက်အိပ်မရအောင်သောင်းကျန်းသည့် ကြွက်ရန်လည်း အေးသည်။ ထိုစဉ်က အမေနှင့်ကျွန်တော် ညဘက်အိပ်ရေးပျက်သည်မရှိဘဲ ကောင်းကောင်း အိပ်စက်ခဲ့ရသည်။ ယခုတော့.....

(၂)

"ကျွန်တော့်မျက်ဝန်းအိမ်ထဲတွင် တစ်ချိန်က ဖြစ်ပွားခဲ့သည့်ကြေကွဲဆို့နစ်သနားစရာကောင်းသည့် အဖြစ်အပျက်တချို့နှင့်အတူ နာကျင်ခံစားခဲ့ရသည့် အတိတ်က ဒဏ်ရာဟောင်းကို ပြန်မြင်ယောင်နေမိသည်။ ကျွန်တော်နှင့်အမေက တိရစ္ဆာန်လေးတွေ ချစ်တတ်သူမို့ အိမ်တွင် ခွေးလေးတွေ၊ ကြောင်လေးတွေမွေးထားသည်။ တစ်နေ့ အိမ်တွင် ကြောင်မလေး မိနီက ချစ်စဖွယ်ကြောင်လေးငါးကောင် မွေးသည့်နေ့တုန်းကဆိုလျှင် အမေနှင့်ကျွန်တော် အတိုင်းမသိပျော်ရွှင်ကာ သူတို့အနားကမခွာဘဲ ထိုင်ကြည့်နေခဲ့ကြသည်။ မြင်လိုက်ရသည့်မြင်ကွင်းက ရင်ကိုအေးမြစေခဲ့သည်။ မိနီက သူ၏ မွေးကင်းစကြောင်ပေါက်စကလေးတွေကို နို့တိုက်နေသည်။ သူ့ကလေးတွေကလည်း အလုအယက် ဝိုင်းစို့နေကြသည်။

"ကြည့်စမ်းပါအုံးသားရယ် မိနီက သူ့ကလေးတွေကိုနို့တိုက်နေတာ ဘယ်လောက်များ ကြည်နူးဖို့ကောင်းလဲ"

"ဟုတ်တယ်နော်အမေ။ မိနီကို သေချာဂရုစိုက်မှဖြစ်မယ်။ မိနီက နဂိုလို ပိန်သေးသေးလေးမဟုတ်ဘူး အတော်လေးထွားလာပြီ အမေ။ ကိုဘသိုက်တို့က လူစိတ်ရှိတာမဟုတ်ဘူး"

"အမေလဲ သားကိုပြောဖို့မေ့နေတာ။ မိနီ ကလေးတွေမမွေးခင် အရင်တစ်ညက ဘသိုက် သတ်စားဖို့ ချောင်းနေလို့ အမေတောင် တားလိုက်သေးတယ်။ သူ့ကိုတော့ချမ်းသာပေးပါ သူ့ဗိုက်ထဲမှာ ကလေးရှိတယ်လို့"

"သူက ဘာပြန်ပြောလဲအမေ"

"ကလေးရှိလဲ ဘာအရေးလဲတဲ့။ သတ္တဝါဆိုတာ လူချွတ်မှကျွတ်တာတဲ့။ ကျုပ်တို့က ဘယ်သူ့အိမ်၊ ဘယ်ဝှါအိမ်ကဆိုတာ သိတာမဟုတ်ဘူး။ ခင်ဗျားတို့ကြောင် ဘယ်မှမသွားအောင် ကြိုးနဲ့ချည်ထား။ ကျုပ်ကတော့ အာမ မခံဘူးတဲ့"

"လူမဆန်လိုက်တာဗျာ"

ကျွန်တော်ကမွေး သူတို့ကသတ်စားနှင့် သံသရာကို လည်နေတော့သည်။ မိနီကို အရင်ကြောင်တွေလို အဖြစ်မခံနိုင် ဖြစ်မှာလည်းစိုးရိမ်သည်။ ဟိုတုန်းက ဘယ်လိုပင်သတ်စားပါစေ မတုန်လှုပ်ခဲ့။ ရင်ထဲ ဘာမျှခံစားမှုမှမရှိဘဲ မေ့မေ့ပျောက်ပျောက်နှင့် နေနိုင်ခဲ့သည်။

ယခုတစ်ခါ မိနီကို သတ်ဖို့ကြံရွယ်တာသိလိုက်သည်နှင့် ကျွန်တော့်စိတ်တွေ တုန်လှုပ်ချောက်ချားသွား၏။ အကယ်၍သာ သူတို့က မညှာမတာသတ်စားလိုက်လျှင် အပြစ်မဲ့သည့်ကြောင်လေးတွေခမျာ ဒုက္ခပင်လယ်ဝေရတော့မည်။ သူတို့လက်ချက်မှန်းသိလျက်နှင့် လက်ပူးလက်ကြပ်မမိသေးသည်မို့ ဘာမျှပြောပိုင်ခွင့်မရှိဘဲ နေနေရသည်။ သူတို့က ညဘက်ဆိုလျှင် အုပ်စုလိုက်အမဲလိုက်ထွက်ကြသည်။ တစ်ခါတလေ တောကြွက်တွေရသလို တစ်ခါတလေ တောကြောင်ဟုအမည်ခံပြီ အိမ်မှာရှိသည့်ကြောင်လေးတွေကို သတ်စားကြသည်။ တိရစ္ဆာန်ဆိုသည့်အမျိုးက ဘာမျှသိကြသည်မဟုတ်။ ရန်သူလား၊ မိတ်ဆွေလား ခွဲခြားနိုင်စွမ်းသူတို့မှာမရှိ။ ညှဉ်းပန်းနှိပ်စက်သူတွေနှင့်တွေ့လျှင် သူတို့ကိုသတ်ဖို့ ဝန်မလေး၊ ပုရွက်ဆိတ်တစ်ကောင်လောက်တောင် တန်ဖိုးမထားဘဲ သတ်ပစ်လိုက်မှာအသေချာ။ ထို့ကြောင့် အရင်ကလိုအဖြစ်မျိုးနှင့်မကြုံချင်၊ ကြုံမှာလည်း စိုးရိမ်သည်။

မိနီကို ခါတိုင်းနေ့တွေထက် ပိုပြီးဂရုစိုက်ခဲ့သည်။ ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ မိနီကို ဘယ်မျှမသွားစေဘဲ အိမ်မှာပဲထားသည်။ အခြားအိမ်ဘက် ကူးဖို့ပြင်တာနှင့် ပွေ့ချီကာ ကလေးတွေအနား ပြန်ထားပေးသည်။ မိနီက အပြင်ထွက်ဖို့ပြင်လိုက် ကျွန်တော်က နောက်ကနေလိုက်ဖမ်းလိုက်နှင့် သံသရာလည်နေတော့သည်။ ဘေးကနေ ရင်တမမနှင့်ကြည့်နေသူက အမေ။

"မိနီခမျာ သနားပါတယ်စိုးမင်းရယ်။ သူ့ထိုက်နဲ့သူ့ကံသွားပါစေ ခွင့်ပြုလိုက်ပါ။ တော်ကြာ သူတို့ သတ်လို့မသေဘဲ မင်းနှိပ်စက်လို့သေနေအုံးမယ်"

"အမေကလဲ မဦးမချွတ်ဗျာ။ သားက စေတနာနဲ့ ထိန်းနေတာ။ ကိုဘသိုက်တို့လက်ချက်မိရင် ဘယ့်နှယ်လုပ်မလဲ အမေလဲကယ်နိုင်မှာမဟုတ်ဘဲနဲ့"

"အမေတို့က လက်ပူးလက်ကြပ်မိတာမှမဟုတ်တာ သားရယ်။ တစ်ခါတလေ စေတနာက ဝေဒနာဖြစ်တတ်တယ် သား။ ကြိုးတစ်ချောင်းဟာ တင်းလွန်းရင်လဲ ပြတ်တတ်တယ်"

အမေက ဘယ်လိုပင်ပြောပြော နားမထောင်ဂရုမစိုက်ခဲ့ပေ။ ကျွန်တော့်စိုးရိမ်စိတ်ကိုလည်း မပြင်ခဲ့ပေ။ ကျွန်တော့်ရင်မှာသိတာတစ်ခုတည်း သူတို့လေးတွေ အသက်ရှင်သန်ဖို့၊ အစားကြူးသည့် လူ့ဘီလူးပါးစပ်ထဲရောက်မသွားဖို့သာ အဓိက ဦးတည်ချက်ပင်ဖြစ်နေခဲ့သည်။

(၃)

တစ်နေ့ ကျွန်တော်အိမ်မှာမရှိခိုက်တွင် မိနီအိမ်က ပျောက်ချင်းမလှပျောက်သွားသည်။ တစ်နေ့လုံးပြန်မလာ၊ တစ်ညလုံးလည်းပြန်မလာ။ သူ့ကလေးတွေ၏ နို့စာလို့အော်နေသံက ကျွန်တော်ကြားရသူအတွက် မခံစားနိုင်ပေ။ ကျွန်တော်သိသိချင်း ခေါင်းမီးတောက်အောင်ရှာသော်လည်း ကြောင်မလေး၏ သတင်းအစအနတောင် ရှာလို့မတွေ့တော့ပေ။

"အမေ့အပြစ်ပါ သားရယ်။ အမေသိလျက်နဲ့ မတားလိုက်မိဘူး။ ဒီလောက်လဲ မြန်မြန်လုပ်လိမ့်မယ် မထင်လို့ပါသားရယ် အမေ့အပြစ်ပါ။ အမေပေါ့ဆတာပါ"

နို့စာလို့အော်ဟစ်နေရှာသည့် ကြောင်ကလေးတွေကိုကြည့်ကာ ကျွန်တော့်စိတ်တွေ ဘယ်လိုမှ ထိန်းချုပ်နိုင်စွမ်းမရှိတော့ဘဲ အနီးရှိတုတ်ကိုဆွဲစဉ် အမေက–

"ဒါ ဘာလုပ်မလို့လဲ စိုးမင်း"

"သင်းတို့ကို ပြန်သတ်မလို့"

"မင်း ရူးနေပြီလား စိုးမင်း။ မင်းသူတို့အားလုံးကို သတ်နိုင်လို့လား"

"သူတို့ဆိုတာ ဘယ်သူတွေလဲ။ ကိုဘသိုက်အပြင် ဘယ်သူတွေပါသေးလို့လဲ ပြောအမေ အကုန်လုံးကို ရှင်းပစ်မယ်"

"လောကမှာ တိရစ္ဆာန်တွေကို သနားကြင်နာစိတ်နဲ့မွေးသူရှိကြသလို သတ်ဖို့ချောင်းနေတဲ့အသားစားဘီလူးတွေလဲအများကြီးပဲ။ သူတို့လေးတွေမရှိမှ သားရင်ထဲကအပူတွေ ထာဝရငြိမ်းချမ်းမယ်။ အမေရှင်းခိုင်းတာ ဘသိုက်ကိုမဟုတ်ဘူး။ မင်းမွေးထားတဲ့ ဟောဒီကြောင်တွေကိုပဲ"

"ဗျာ"

အမေညွှန်ပြသည်က တခြားမဟုတ် အော်ဟစ်ငိုနေသည့် မွေးကင်းစကြောင်ပေါက်စလေးတွေ။

"သူတို့လေးတွေက ကမ္ဘာ့သားကောင်ပဲ။ သူတို့တစ်တွေအသက်ရှင်နေသရွေ့ သတ်စားကြမှာပဲ။ လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် ချည်နှောင်ချုပ်ချယ်မှုကို မကြိုက်ကြဘူး။ အမေဒါတွေကြိုမြင်လို့ တားတယ်လေ။ မင်းမှ အမေ့စကားကိုနားမထောင်တာ"

"အမေရယ် ကျွန်တော်က သူတို့လေးတွေအသက်ရှင်ဖို့အတွက် မိနီကိုတားတာပါ။ ချုပ်ချယ်တာ မဟုတ်ပါဘူး"

"တစ်ခါတလေ စေတနာဟာ ဝေဒနာဖြစ်တတ်တယ်သား။ သူတို့ပြုတဲ့ကံ သူတို့ပြန်ခံရလိမ့်မယ်။ မင်းလုပ်ရမှာက ဟောဒီကြောင်လေးတွေ ဘယ်လိုရှင်အောင်မွေးမယ်ဆိုတာ စဉ်းစားစမ်းပါသားရယ်"

ကျွန်တော် အော်ဟစ်ငိုကြွေးနေသည့်ကြောင်လေးတွေကိုကြည့်ကာ စိတ်မကောင်းစွာနှင့် မျက်ရည်များပင် ကျလို့နေသည်။

မိခင်မေတ္တာငတ်မွတ်နေသည့် မွေးကင်းစကြောင်လေးတွေကို နွားနို့နှင့် အသက်ဆက်ဖို့ကြိုးစားသော်လည်း အချည်းနှီးသာဖြစ်ခဲ့သည်။ ကြောင်မကြီးဆုံးပြီးနောက် သိပ်မကြာလှပေ။ ကြောင်လေးတွေ တစ်ကောင်ပြီးတစ်ကောင် ရှေ့ဆင့်နောက်ဆင့်ဆုံးသွားလေသည်။ သည်အချိန်ကစပြီး ကျွန်တော့်စိတ်တွေ ပြောင်းလဲသွားသည်။ အိမ်ကို မည်သည့်တိရစ္ဆာန်မှအလာမခံဘဲ မောင်းထုတ်နေခဲ့သည်မှာ ယခုထက်တိုင်ပင်ဖြစ်နေတော့သည်။

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၅၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၅၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် စပါး ၄၀၀၁ ဧကစိုက်ပျိုးရန်လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၅၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" မြောင်မြို့နယ်အတွင်း ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးဧက ၄၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါး လျာထားဧကပြည့်မီအောင် လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြောင်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေးစသည့် အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြောင်မြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်နှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့်အာလူးများ အရောင်းအဝယ်ကောင်းနေ

**မအူပင် စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းနေကြောင်း မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် အာလူးများ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ အဆိုပါအာလူးများ ဩဂုတ်လ ပထမပတ်မှစတင်ပြီး အရောင်းဝယ်ကောင်းလာပြီး လက်ရှိအာလူး ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၅၅၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်ကနေ မအူပင်မြို့နယ်ဘက်ကို အာလူးတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ဒါပေမဲ့ ဒီနှစ် အာလူးတွေအထွက်နည်းနေပါတယ်။ ဒါကြောင့်လဲ အာလူးက လက်ရှိအရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိအာလူး ပိဿာချိန် ၁၀၀ အထက်မှာ



အရောင်းအဝယ် ဖြစ်နေပါတယ်။ ဝင်ရောက်လာတဲ့ အာလူးတွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းပါတယ်"ဟု မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုလက်ရှိ အာလူးပိဿာချိန် ၁၀၀ ထိ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အာလူးများအရောင်းအဝယ် ကောင်းနေခြင်းကြောင့် အာလူးစိုက်ပျိုးသူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဘားအံမြို့နယ် ကော့ကဒါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကော့ကဒါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကော့ကဒါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပထမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၈ ဦးကို ရန်ပုံငွေကျပ် ၂၈၄ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုသက်

# နိုင်ငံ့အကျိုး

\- နိုင်ငံတော် တည်ငြိမ်ရေး
သာယာအေး ဖြစ်ဖို့ရယ်၊
အတွေးတွေ လမ်းမမှား
ရိုးသားပါကွယ်၊
သူ့ဆန်စား တာဝန်သယ်
ကျေပွန်ရှယ် ကောင်းဖို့၊
ဝန်ထမ်းဂုဏ် စည်းမဖောက်
လျှောက်ကြပါစို့။

\- အဖျက်ဝင် လူတချို့
ပန်းတိုင်သို့ မရောက်မီ၊
ပျက်စီးအောင် ပြုကြံကြ
ဒုက္ခတွေ့မည်၊
ကိုယ့်ဘဝ တက်လမ်းသည်
ကောက်ကွေ့ပြီ နောင်တများ၊
အသိကို သတိသုံးမှ
ပြုံးပန်းပွင့်သား။

\- လမ်းလွဲကို မလိုက်ငြား
တို့ကြိုးစား နေထိုင်သော်၊
ရပ်ရွာသည် အသွင်တင့်
ဂုဏ်မြင့်မြတ်ပေါ်၊
တို့ချစ်သော ရွှေပြည်တော်
ထုဆစ်ဖော် စွမ်းဆောင်ကြ၊
တို့နိုင်ငံ တို့လူအကျိုးကို
သယ်ပိုးစံပြ။ ။

**မောင်စစ်သွေး**

# ချောက်မြို့နယ် ကန်ဒေါင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ချောက် စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆားတောင်ကျေးရွာအုပ်စု ကန်ဒေါင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ကန်ဒေါင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကန်ဒေါင်းကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၉၃ အိမ်၊ လူ ၄၁၇ ဦးတို့အတွက် ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေချောမွေ့တော့မည်ဖြစ်ကြောင်း သိရသည်။

နော်လူး

# ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ခြင်း၊ လှူဒါန်းမှုပြုခြင်းများအတွက်ဝမ်းသာပီတိဖြစ်ရ

တောင်တရုတ်ပင်လယ်မှာဖြစ်ပေါ်ခဲ့တဲ့ တိုင်ဖွန်းမုန်တိုင်းရာဂိရဲ့အရှိန်နဲ့ ဘင်္ဂလားပင်လယ်အော်မှာဖြစ်ပွားခဲ့တဲ့ မုန်တိုင်းငယ်ရဲ့အရှိန်ကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ဧရာဝတီတိုင်းဒေသကြီး အချို့နေရာတွေမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာကြုံတွေ့ခဲ့ရတဲ့ ရေဘေးထဲမှာ အခုကြုံတွေ့ရတဲ့ရေဘေးအန္တရာယ်ဟာအကြီးမားဆုံးဖြစ်ပါတယ်။ မမျှော်လင့်ဘဲ ရေဘေးသင့်ခံရတဲ့အနေအထားမို့ ရေတွေတက်လာတာနဲ့အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ရေဘေးလွတ်ရာကိုထွက်ပြေးလာခဲ့ရသလို တချို့ကျတော့လဲ ရေတက်လာတာကိုကြည့်ရင်း အိမ်ခေါင်မိုးပေါ်တက်နေရတဲ့အဖြစ်မျိုးတွေရှိပါတယ်။

ရေကြီးရေလျှံမှုသတင်းတွေနဲ့ပတ်သက်လို့ပထမဆုံးစတင်သိလိုက်ရတာက ကျိုင်းတုံမြို့နယ်မှာဖြစ်ပါတယ်။ ကျိုင်းတုံမြို့မှာ စက်တင်ဘာ ၈ ရက်ကနေ ၁၀ ရက်ထိ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် ရေဘေးသင့်ပြည်သူတွေကို ရေဘေးကင်းလွတ်ရာဆီ ကူညီရွှေ့ပြောင်းတဲ့သတင်းကို စတင်ကြားသိခဲ့ပါတယ်။ အဲဒီနောက်မှာတော့ နေပြည်တော်ဝန်းကျင်မှာ စက်တင်ဘာ ၈ ရက်က နေရာကျဲကျဲ၊ စက်တင်ဘာ ၉ ရက်မှာနေရာစိပ်စိပ်၊ စက်တင်ဘာ ၁၀ ရက်နဲ့ ၁၁ ရက်တွေမှာတော့ နေရာအနှံ့အပြား မိုးအဆက်မပြတ်ရွာသွန်းခဲ့ပါတယ်။ နေပြည်တော်နယ်မြေအတွင်း ဖြတ်သန်းစီးဆင်းနေတဲ့ ငလိုက်ချောင်း၊ ဆင်သေချောင်းနဲ့ပေါင်းလောင်းမြစ်မှာ ရေတွေအဆက်မပြတ် မြင့်တက်လာပါတယ်။

ရေစီးဟာ အရှိန်ပြင်းပြင်းနဲ့ဝင်လာတာကြောင့် အချို့အိမ်တွေမှာ ရှောင်တိမ်းမရလို့ လူကော၊ အိမ်ကောရေစီးနဲ့အတူ မျောပါသွားတာမျိုးလဲရှိပါတယ်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မိုးလေဝသသတင်းတွေ ကြိုတင်ထုတ်ပြန်ပေးခဲ့ပေမဲ့ လူတော်တော်များများက ဒီလောက်ထိ ဖြစ်မှာမဟုတ်ပါဘူးဆိုတဲ့အတွေးနဲ့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဆောင်ဖို့လျော့နည်းခဲ့ပါတယ်။ ဆိုးဆိုးရွားရွားဖြစ်ပွားခဲ့တာမို့ လူအသေအပျောက်၊ တိရစ္ဆာန်တွေအသေအပျောက်ရှိခဲ့ပါတယ်။ အဆောက်အအုံတွေလဲ ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ မြန်မာလူမျိုးတွေဟာ အရေးရယ်၊ အကြောင်းရယ်ဆိုတော့လဲ သွေးစည်းညီညွတ်မှုရှိကြပါတယ်။ ရေဘေးသင့်ဒေသတွေကို ကူညီကယ်ဆယ်ရေးတွေ လျင်လျင်မြန်မြန်ပဲရောက်ရှိပါတယ်။

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေနှင့်ကျိုက်ထိုမြို့နယ်၊ ပျော်ဘွယ်မြို့နယ်နဲ့ ဟိုပုံးမြို့နယ်မှာ ရေဝင်ရောက်မှုတွေဖြစ်ပေါ်တဲ့အတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ အချိန်နဲ့တစ်ပြေးညီအင်တိုက်အားတိုက်ကူညီကယ်ဆယ်ဆောင်ရွက်ပေးနေတဲ့သတင်းတွေကို စက်တင်ဘာ ၁၁ ရက်ညရုပ်မြင်သံကြားသတင်းတွေမှာ တွေ့မြင်လိုက်ရပါတယ်။ ရေဘေးသင့်ပြည်သူတွေရဲ့ အခက်အခဲတွေကို အားတက်သရော ကူညီမှုပေးနေတဲ့မြင်ကွင်းတွေဟာ မြင်ရသူတိုင်းရဲ့ စိတ်နှလုံးကိုကြည်နူးချမ်းမြေ့စေပါတယ်။ ဆုံးရှုံးမှုတွေကြီးမားခဲ့ပေမဲ့ ကယ်ဆယ်ရေးဆောင်ရွက်မှုတွေကလဲ လျင်လျင်မြန်မြန်ရှိခဲ့ပါတယ်။ ဆုံးရှုံးမှုတွေအတွက် စိတ်မကောင်းဖြစ်ရသလို ကူညီကယ်ဆယ်စောင့်ရှောက်ပေးမှုတွေအတွက်လဲ ဝမ်းသာပီတိဖြစ်ရပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့လဲ ရေဘေးကယ်ဆယ်ရေးစခန်းတွေ ဖွင့်လှစ်ပေးထားပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ အစားအသောက်၊ အဝတ်အထည်တွေနဲ့ နွေးထွေးစွာကြိုဆိုထားရှိပါတယ်။ အနယ်နယ်အရပ်ရပ်က အလှူရှင်တွေကလဲ ငွေအား၊ လူအား၊ ပစ္စည်းအားနဲ့သွားရောက်လှူဒါန်းမှုတွေ စဉ်ဆက်မပြတ်ဆောင်ရွက်နေပါတယ်။ အချို့အလှူရှင်တွေအနေနဲ့ ချက်ပြုတ်ပြီးသား အစားအစာတွေ သယ်ယူလာပြီး စေတနာအပြည့်နဲ့ကျွေးမွေးကြပေမဲ့ ချက်ပြုတ်ထုပ်ပိုးမှုကြာမြင့်တာကြောင့် အချို့နေရာတွေမှာ အစာအဆိပ်သင့်တာတွေရှိခဲ့ပါတယ်။ ဒါဟာစေတနာအမှားပါ။ အပြစ်ရယ်လို့မဆိုသာပါဘူး။ အခုအခါမှာတော့ ချက်ပြုတ်လှူမဲ့သူတွေအတွက် သက်ဆိုင်ရာ ရေဘေးကယ်ဆယ်ရေးစခန်းတွေရောက်မှပဲ အချိန်နဲ့တစ်ပြေးညီ ပူပူနွေးနွေးချက်ပြုတ်နိုင်ဖို့ စီစဉ်ပေးထားပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့သမိုင်းတစ်လျှောက်မှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့တဲ့သဘာဝဘေးအန္တရာယ်တွေထဲမှာ ယခုအကြိမ်ဖြစ်ခဲ့တဲ့ တွေ့ကြုံရမှုဟာအကြီးမားဆုံးဖြစ်ပါတယ်။ ကုန်းမြင့်ပိုင်းမှာနေထိုင်သူတွေက မြေပြိုတာနဲ့ကြုံတွေ့ရသလို မြေနိမ့်ပိုင်းမှာနေတဲ့သူတွေက ရေကြီးရေလျှံတာနဲ့ကြုံတွေ့ရတာမို့ ဒီအဖြစ်အပျက်တွေဟာ အလွန်ပဲစိတ်မကောင်းဖွယ်ဖြစ်ရပ်တွေဖြစ်ပါတယ်။ တောင်ကျချောင်းရေတွေကြောင့် သစ်ပင်နဲ့သစ်တုံးကြီးတွေ ရေနဲ့အတူမျောပါလာပါတယ်။ တောင်ကျချောင်းရေတွေဟာ အလုံးအရင်းနဲ့ စီးဆင်းခဲ့တာဖြစ်လို့ ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေများပြားပါတယ်။ စိုက်ပျိုးရေးမှာ သီးနှံတွေပျက်စီးဆုံးရှုံးသလို မွေးမြူရေးမှာလဲ တိရစ္ဆာန်တွေသေဆုံးခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို လျင်လျင်မြန်မြန် လုပ်ဆောင်ပေးနေပါတယ်။

ပျက်စီးဆုံးရှုံးခဲ့တဲ့ ရပ်ကွက်၊ ကျေးရွာတွေကို သွားရောက်နိုင်ဖို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေဖို့လုပ်ဆောင်နေပါတယ်။ ကျိုးပျက်သွားတဲ့ တံတားတွေနေရာမှာလဲ ပြည်သူတွေသွားလာမှုလွယ်ကူလျင်မြန်စေဖို့ တံတားတွေပြန်လည်ပြုပြင်ပေးနေပါတယ်။ မီးရထားလမ်းတွေဆိုရင်လဲ အဲဒီလိုပဲ ပြုပြင်ပေးနေပါတယ်။ လျှပ်စစ်ဓာတ်တိုင်တွေ ပြိုလဲမှုအတွက်လဲ ပြန်လည်တည်ဆောက်ပေးနေပါတယ်။ အချိန်ကာလအားဖြင့် အများဆုံး ခြောက်လတာကာလအတွင်းမှာ မူလအခြေအနေကို ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးဖို့နိုင်ငံတော်အကြီးအကဲက ပြောကြားထားပြီးဖြစ်ပါတယ်။

ကျွန်တော်တို့လူသားတွေအတွက် အဆိုးထဲက အကောင်းဆိုသလို ဖြစ်ပျက်ခဲ့တဲ့အဆိုးတွေကို သင်ခန်းစာယူကြရမှာဖြစ်ပါတယ်။ ရေဘေးအန္တရာယ်ဆိုတာ အလွန်ပဲဆိုးရွားလွန်းလှပါတယ်ဆိုတဲ့သင်ခန်းစာနဲ့အတူ ပြန်လည်တည်ဆောက်ရေး၊ နေထိုင်ရေးတွေလုပ်ဆောင်ကြတဲ့အခါ ရေဘေးကင်းလွတ်တဲ့ နေရာတွေမှာ နေထိုင်နိုင်ရေးလုပ်ဆောင်ကြဖို့လိုပါလိမ့်မယ်။ မြန်မာနိုင်ငံဟာ တောင်ကုန်းတွေထူထပ်များပြားတာကြောင့် မြန်မာနိုင်ငံအရှေ့ပိုင်းနိုင်ငံတွေကနေတစ်ဆင့် ဖြစ်ပေါ်လာတဲ့မိုးရွာသွန်းမှုတွေဟာ တောင်ကြောတွေကနေစီးဆင်းလာပြီး အနိမ့်ပိုင်းမှာ ရေကြီးရေလျှံဖြစ်ကာ လူနဲ့တိရစ္ဆာန်တွေကိုဘေးဖြစ်စေတာပါပဲ။ အဲဒီလိုပဲ မြောက်ပိုင်းဒေသမှာဖြစ်ရင်လဲ ဒီအတိုင်းပါပဲ။ အမြင့်ကနေအနိမ့်ကို စီးဆင်းမှာဖြစ်ပါတယ်။

> ❖ ရေဘေးမှာ သက်စွန့်ဆံဖျား သွားရောက်ကယ်ဆယ်ခဲ့ကြတဲ့၊ ကယ်ဆယ်နေဆဲဖြစ်တဲ့ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ လူမှုရေးအသင်းအဖွဲ့တွေ၊ စေတနာရှင်တွေဟာလဲ တကယ့်ကိုလေးစားဂုဏ်ယူထိုက်ပါတယ်။ ရေဘေးကယ်ဆယ်ရေးဆောင်ရွက်ရင်း အသက်ဆုံးရှုံးခဲ့သူတွေအတွက်လဲ လွန်စွာဝမ်းနည်းမိပါတယ်။ ရေဘေးကယ်ဆယ်ရေးမှာ သက်စွန့်ဆံဖျားလို့သုံးနှုန်းလိုက်တာဟာ တကယ့်ကို သက်စွန့်ဆံဖျားကယ်တင်နေတဲ့မြင်ကွင်းတွေ တွေ့ရလို့ပါ။ ❖

ကျွန်တော်တို့ပြည်သူတွေအနေနဲ့ အနာဂတ်မှာ ဒီလိုအဖြစ်မျိုးမကြုံတွေ့ရအောင် အသိတရားနဲ့သတိထားလုပ်ဆောင်ကြရတော့မှာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတွေအခုလိုမျိုး ရေဘေးသင့်ဒုက္ခနဲ့ကြုံတွေ့ရတာကို ဘယ်သူကမှစိတ်မချမ်းသာပါဘူး။ ဒါကြောင့် ရေဘေးကယ်ဆယ်ရေးလှူဒါန်းမှုတွေ နေ့စဉ်နဲ့အမျှ လုပ်ဆောင်နေကြတာဖြစ်ပါတယ်။ ရေဘေးမှာ သက်စွန့်ဆံဖျားသွားရောက်ကယ်ဆယ်ခဲ့ကြတဲ့၊ ကယ်ဆယ်နေဆဲဖြစ်တဲ့ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ လူမှုရေးအသင်းအဖွဲ့တွေ၊စေတနာရှင်တွေဟာလဲတကယ့်ကိုလေးစားဂုဏ်ယူထိုက်ပါတယ်။ ရေဘေးကယ်ဆယ်ရေးဆောင်ရွက်ရင်း အသက်ဆုံးရှုံးခဲ့သူတွေအတွက်လဲ လွန်စွာဝမ်းနည်းမိပါတယ်။ ရေဘေးကယ်ဆယ်ရေးမှာ သက်စွန့်ဆံဖျားလို့သုံးနှုန်းလိုက်တာဟာ တကယ့်ကို သက်စွန့်ဆံဖျားကယ်တင်နေတဲ့မြင်ကွင်းတွေ တွေ့ရလို့ပါ။ ရေစီးသန်နေတဲ့အထဲမှာ မိမိတို့ရဲ့စက်လှေတွေ၊ လူတွေအန္တရာယ်မဖြစ်အောင် ဆောင်ရွက်ပြီး ကယ်တင်နေတာတွေဟာ သက်စွန့်ဆံဖျားပါပဲ။

နိုင်ငံတော်အကြီးအကဲအနေနဲ့လဲ ရေဘေးသင့်ဒေသတွေ၊ နေရာတွေကို အချိန်နဲ့တစ်ပြေးညီသွားရောက်ပြီး လိုအပ်တာတွေဖြည့်ဆည်းပေးနေတာ တွေ့မြင်နေရပါတယ်။ စက်တင်ဘာ ၁၈ ရက်မနက်ပိုင်းမှာ တပ်ကုန်းမြို့နယ်ကိုသွားတယ်။ အဲဒီကအပြန်မှာ ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းကိုသွားပါတယ်။ ရေဘေးရှောင်ပြည်သူတွေကို အားပေးစကားပြောကြားပြီး ပုံ့ပိုးငွေနဲ့စားသောက်ဖွယ်ရာပစ္စည်းတွေပေးခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လာရောက်အားပေးတာမို့ ပြည်သူတွေအနေနဲ့ အားတက်မိတာအမှန်ပါပဲ။

ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့တဲ့ မြို့နယ် ၅၄ မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာတွေမှာ စက်တင်ဘာ ၂၁ ရက်ထိ ကောက်ယူရရှိထားတဲ့ စာရင်းတွေအရ ပြည်သူတွေ ၃၈၄ ဦးသေဆုံးခဲ့ပြီး ၈၉ ဦးပျောက်ဆုံးလျက်ရှိတယ်လို့သိရပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့်သေဆုံးသွားသူတွေကို တစ်ဦးလျှင် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ်ငါးသိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကငွေကျပ်သုံးသိန်း စုစုပေါင်း ငွေကျပ်ရှစ်သိန်းကို ကျန်ရစ်သူမိသားစုတွေထံ ထောက်ပံ့ပေးအပ်မှာဖြစ်ပါတယ်။ ဒါ့ပြင် ထိခိုက်ဒဏ်ရာရခံစားခဲ့ရမှုအခြေအနေနဲ့ အိုးအိမ်ပျက်စီးဆုံးရှုံးမှုအခြေအနေတွေအပေါ်မူတည်ပြီး လိုအပ်တဲ့ ထောက်ပံ့ကူညီမှုတွေ ဆက်လက်လုပ်ဆောင်ပေးမှာဖြစ်ပါတယ်။

ကူညီကယ်ဆယ်ရေးတွေအနေနဲ့ နယ်မြေခံတပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ၊ ပရဟိတအသင်းအဖွဲ့တွေက ကူညီကယ်ဆယ်ရေးတွေ၊ လှူဒါန်းမှုတွေဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပါတယ်။ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုတွေနဲ့ စေတနာရှင်ပြည်သူတွေကလဲ စဉ်ဆက်မပြတ်လှူဒါန်းမှုတွေပြုလုပ်နေဆဲဖြစ်ပါတယ်။ ရေဘေးရှောင်ပြည်သူတွေအတွက် ကျောက်မျက်ကုမ္ပဏီတွေ၊ စိန်ရွှေရတနာဆိုင်တွေ၊ ဘဏ်တွေ၊ တစ်သီးပုဂ္ဂလအလှူရှင်တွေ၊ အသင်းအဖွဲ့အလိုက်အလှူတွေကလဲ အားတက်သရောလှူဒါန်းမှုတွေ ပြုနေကြပါတယ်။ တိုင်းစစ်ဌာနချုပ်တွေအလိုက် နယ်မြေခံတပ်မတော်သားတွေနဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေကလဲ စားသောက်ဖွယ်ရာလှူဒါန်းမှုတွေ မြင်တွေ့နေရပါတယ်။ ရေတွေပြန်လည်ကျဆင်းသွားတဲ့အချိန်မှာလဲ တပ်မတော်သားတွေအနေနဲ့ လမ်းတွေ၊ အဆောက်အအုံတွေမှာ တင်ကျန်ခဲ့တဲ့နုန်းနဲ့အမှိုက်တွေ ရှင်းလင်းတာတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရေဘေးသင့်ပြည်သူတွေအတွက် ပြည်တွင်းက အလှူရှင်တွေက စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းမှုပြုနေကြတာဟာ စက်တင်ဘာ ၂၁ ရက်နေ့မှာ ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံကျော် ရရှိခဲ့တဲ့ သတင်းတွေဟာ အားရဖွယ်ကောင်းလှပါတယ်။ ဩော်. . . တို့မြန်မာတွေဟာ သဒ္ဓါမချို့တဲ့သူတွေပါလားလို့တွေးမြင်ပြီး လှူဒါန်းမှုအစုစုအတွက် သာဓုခေါ်ဆိုမိပါတယ်။ အခုဆိုရင် ပြည်တွင်းသာမက ပြည်ပကအလှူရှင်တွေလဲ စတင်လို့ လာရောက်လှူဒါန်းနေကြပါပြီ။ မြန်မာနိုင်ငံ ရေဘေးသင့်ဒေသတွေအတွက် အိန္ဒိယနိုင်ငံအစိုးရက ပေးပို့တဲ့ ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းတွေနဲ့ အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှု အကူအညီပေးရေးညှိနှိုင်းမှုဌာန(AHA Centre)က ပေးပို့တဲ့ ကယ်ဆယ်ရေးဆိုင်ရာ ပစ္စည်းတွေကို စက်တင်ဘာ ၁၇ ရက်မှာ လက်ခံရရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ရေဘေးသင့်ပြည်သူတွေအတွက်အရေးပေါ်တုံ့ပြန်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူနဲ့ ဆောင်ရွက်လျက်ရှိတာမို့ ကူညီကယ်ဆယ်ပေးသူတွေ၊ လှူဒါန်းမှုပြုသူတွေအားလုံးအတွက် ကြည်နူးပီတိဝမ်းသာဂုဏ်ပြုမှုဖြစ်ရပါကြောင်း ရေးသားလိုက်ရပါတယ်။

**ကိုးကား**

**– ၁၆-၉-၂၀၂၄ ထုတ် သတင်းစာများ**

**မန္တလာကိုကိုဝင်း**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

### အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့ အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း သွေးခုံးပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဘိုကလေး စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း သွေးခုံးပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှဲ့လှဲ့ဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ဒေသထွက် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဇူလိုင်လက သွေးခုံးပိဿာချိန် ၅၄၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ သွေးခုံးပိဿာချိန် ၇၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ တင်ပို့ရောင်းချခဲ့သည့် သွေးခုံး ၁၀ပိဿာ လျှင်ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဩဂုတ်လအတွင်း သွေးခုံးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဘက်ကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာကို သွေးခုံးအမျိုးအစားတွေက ဝယ်ယူမှုများပြားနေပါတယ်။ ဇူလိုင်လအတွင်းက သွေးခုံးပိဿာချိန် ၅၄၀၀၀ ထိပဲ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဩဂုတ်မှာတော့ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့တာပါ။ လက်ရှိ စက်တင်ဘာလထဲမှာလည်း သွေးခုံးတွေအပါအဝင် ဒေသထွက်ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု များပြားနေပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှဲ့လှဲ့ဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်သွေးခုံးများ တင်ပို့ရောင်းချနိုင်သည့်အတွက် ရေလုပ်သားများ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ အရောင်းအဝယ်ပြုလုပ်သူများ အဆင်ပြေလျက်ရှိကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ သွေးခုံးများအပါအဝင် အခြားရေထွက်ကုန်နှင့် လယ်ယာထွက်ကုန်များလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## စေတုတ္တရာမြို့နယ် ရေသောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေသောင်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ရေသောင်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရေသောင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၆၀သန်းကိုလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက ရေသောင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်း သူ ၇၈ ဦးကို ငွေကျပ် ၄၈ ဒသမ ၆၀ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုလေး**

# ကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကိုဖြစ်ပေါ်စေသည့် အဓိကတရားခံ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးကို ဖမ်းဆီးထိန်းသိမ်း



**ဝါရှင်တန် စက်တင်ဘာ ၂၂**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ဩဂုတ် ၁၅ ရက်ကဖြစ်ပွားခဲ့သော တောမီးလောင်ကျွမ်းမှုနှင့် ပတ်သက်ပြီး တောမီးလောင်ကျွမ်းမှုဖြစ်ပွားစေခဲ့သော အဓိကတရားခံကို စက်တင်ဘာ ၂၁ ရက်တွင် ဖမ်းဆီးထိန်းသိမ်းလိုက်ပြီဖြစ်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါတောမီးလောင်ကျွမ်းမှုကြောင့် ကယ်လီဖိုးနီးယားပြည်နယ်တွင် စပျစ်စိုက်ခင်းဧက တစ်သန်းခန့်ထိ ပျက်စီးခဲ့ပြီး နေအိမ်တချို့လည်း တောမီးကူးစက် လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မီးသတ်တပ်ဖွဲ့ဝင်မှာ အသက် ၃၈ နှစ်အရွယ် ဟာနန်ဒက်ဇ်အမည်ရှိ မီးသတ်ကားအင်ဂျင်ပြင်သည့် အင်ဂျင်နီယာတစ်ဦးဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ တပ်ဖွဲ့ရဲ့ ဝန်ထမ်းဟာ ပြည်သူတွေဒုက္ခရောက်အောင် ရာဇဝတ်မှုကျူးလွန်ခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် ပြည်သူတွေ ဒုက္ခရောက်ခဲ့ရသလို အမျိုးသား၊ အမျိုးသမီးဝန်ထမ်းအယောက် ၁၂၀၀၀ကျော်ကို မနားမနေ အလုပ်လုပ်ရအောင် ဒုက္ခပေးခဲ့ပါတယ်။ ကြီးလေးတဲ့ပြစ်ဒဏ်ချမှတ်သွားဖို့ စီစဉ်နေပါတယ်။ လောလောဆယ်တော့ ပုဒ်မငါးခုနဲ့ တရားစွဲဆိုထားပါတယ်" ဟု အမေရိကန်မီးသတ်တပ်ဖွဲ့၏ ဒါရိုက်တာဖြစ်သူ ဂျိုးတေလာက ပြောကြားခဲ့သည်။

ကယ်လီဖိုးနီးယားပြည်နယ်တွင် ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၁၄ ရက်အတွင်း လောင်ကျွမ်းခဲ့သော တောမီးလောင်ကျွမ်းမှုများအနက် ဟာနန်ဒက်ဇ်ကြောင့် တောမီးလောင်ကျွမ်းမှု ငါးကြိမ်ထိ ဖြစ်ပွားခဲ့ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : Sai Sat

# ချက်နိုင်ငံတွင် ဇွန် ၁ရက်မှ စက်တင်ဘာ ၂၁ ရက်အတွင်း ရေဘေးကြောင့် သေဆုံးသူ ၅၀၃ ဦးထိရှိခဲ့

**အန်ဂျမီနာ စက်တင်ဘာ ၂၂**

ချက်နိုင်ငံတွင် ဇွန် ၁ ရက်မှ စက်တင်ဘာ ၂၁ ရက်အတွင်း ရေဘေးအန္တရာယ်ဖြင့် ဆက်တိုက်ရင်ဆိုင်ခဲ့ရပြီး ကြီးမားသောပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရရာ ကုလသမဂ္ဂက ချက်နိုင်ငံအတွင်း ပျက်စီးဆုံးရှုံးမှုနှင့် ပတ်သက်၍ စစ်တမ်းများကောက်ယူခဲ့ရာတွင် ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူ ၅၀၃ ဦးထိ ရှိခဲ့ပြီး ရေဘေးဒဏ်သင့်ပြည်သူ ၁ ဒသမ ၇ သန်းထိရှိခဲ့ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မှတ်တမ်းများအရ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် အိမ်ခြေ ၂၁၂၁၁၁ လုံးထိရှိခဲ့ပြီး ရေလွှမ်းခဲ့သော ဧရိယာစုစုပေါင်း ၃၅၇၈၃၂ ဧကထိရှိခဲ့ကာ ကျွဲ၊ နွား တိရစ္ဆာန် ၆၉၆၅၉ ကောင်ထိ သေဆုံးခဲ့ရကြောင်း သိရသည်။

"လဂွန်းမြစ်နဲ့ ချာရီမြစ်ရေလျှံတက်နေဆဲ ဖြစ်တဲ့အတွက်ကြောင့် ရေကြီးရေလျှံမှုအခြေအနေတွေ ဆိုးရွားလာနိုင်ဆဲဖြစ်ပါတယ်။ လာမဲ့ ရက်ပိုင်းအတွင်း ရေကြီးရေလျှံမှုဟာ အခြေအနေပိုမိုဆိုးရွားလာနိုင်ပါတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရတဲ့ကာလအတွင်း အလိုအပ်ဆုံးကတော့ သန့်ရှင်းတဲ့သောက်သုံးရေပဲဖြစ်ပါတယ်"ဟု ချက်နိုင်ငံ ရေထုနှင့် စွမ်းအင်ဝန်ကြီး ပက်ဆဲလ်က ပြောကြားခဲ့သည်။

ပျက်စီးဆုံးရှုံးမှုပမာဏ များပြားခဲ့သည့် ချက်နိုင်ငံကို လူသားချင်းစာနာထောက်ထားရေးအစီအစဉ်ဖြင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် Coordination of Humanitarian Affairs (OCHA) က ကူညီပေးလျက်ရှိသော်လည်း ပျက်စီးဆုံးရှုံးမှုပမာဏ များပြားခဲ့သည့်အတွက် နိုင်ငံတကာ၏အကူအညီကို လိုအပ်နေကြောင်း၊ ချက်နိုင်ငံအာဏာပိုင်အဖွဲ့အစည်းကလည်း နိုင်ငံတကာ၏အကူအညီရရှိရေးအတွက် ကုလသမဂ္ဂထံသို့ အကူအညီတောင်းခံထားကြောင်း သိရသည်။

ရေကြီးရေလျှံမှုမှာ ပိုမိုဆိုးရွားလာဖွယ်ရှိနေသဖြင့် နေရပ်ကိုစွန့်ခွာရမည့် ပြည်သူဦးရေမြင့်တက်လာဖွယ်ရှိနေကြောင်း ချက်နိုင်ငံ ရေထုနှင့်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဂျပန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် လူဦးရေ ၆၁၄၀၀ ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထား

**တိုကျို စက်တင်ဘာ ၂၂**

ဂျပန်နိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် လူဦးရေ ၆၁၄၀၀ ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းနေထိုင်ကြရန် တာဝန်ရှိသူများကညွှန်ကြားထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံ အီရှိကာဝါစီရင်စုတွင် မိုးသည်းထန်စွာရွာသွန်းခြင်းများ ဖြစ်ပေါ်လျက်ရှိရာ လူတစ်ဦးသေဆုံးခဲ့ပြီး ခုနစ်ဦး ပျောက်ဆုံးခဲ့ကြောင်း၊ ရေကြီးရေလျှံမှုများကြောင့် အီရှိကာဝါစီရင်စု အလယ်ပိုင်း ဝါဂျီမာ၊ ဆူဇူနှင့် နိုတိုမြို့တို့ရှိ လူဦးရေ ၄၄၇၀၀ နှင့် ပြည်နယ်မြောက်ဘက်ရှိ နီဂါတာ၊ ယာမာဂါတာစီရင်စုတို့ရှိ လူဦးရေ၁၆၇၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် မီးသတ်နှင့်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက ညွှန်ကြားထားကြောင်း သိရသည်။

"ဝါဂျီမာမြို့မှာ နှစ်သစ်ကူးရက်တွေအတွင်းက လှုပ်ခတ်ခဲ့တဲ့ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့တဲ့ လမ်းတွေကိုပြုပြင်ဖို့ လမ်းလုပ်သား အယောက် ၆၀လောက် အလုပ်လုပ်နေတဲ့အချိန် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုခဲ့တာကြောင့် လူတချို့ပျောက်ဆုံးခဲ့တာပါ"ဟု မြေယာဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာဆာရာကိုဂျီမာက ပြောကြားသည်။



ရေကြီးရေလျှံမှုများအတွင်း အဆောက်အအုံ အများအပြားရေနစ်မြုပ်ခဲ့ပြီး လမ်းတချို့တွင် မြေပြိုခြင်းများ ဖြစ်ပေါ်ခဲ့ကာ အိမ်ထောင်စု ၆၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်ခဲ့ပြီး ရေမရရှိသည့် အိမ်ထောင်စုလည်း အများအပြားရှိနေကြောင်း ပြည်နယ်အစိုးရက သတင်းထုတ်ပြန်ထားသည်။

Ref : Xinhua News

Trs : AZH

# ဗီယက်နမ်နိုင်ငံ ဟွာဘင်ပြည်နယ်တွင် မြေပြိုမှုများဖြစ်ပွားနိုင်သဖြင့် အရေးပေါ်အခြေအနေကြေညာ

**ဟနွိုင်း စက်တင်ဘာ ၂၂**

ဗီယက်နမ်နိုင်ငံ ဟွာဘင်ပြည်နယ်တွင် အိမ်ခြေရာနှင့်ချီ၍ မြေပြိုကျနိုင်သော အခြေအနေသို့ ရောက်ရှိနေသဖြင့် ပြည်နယ်တာဝန်ရှိသူများက စက်တင်ဘာ ၂၀ ရက်က အရေးပေါ်အခြေအနေကြေညာခဲ့ကြောင်း စက်တင်ဘာ ၂၁ ရက်သတင်းများအရ သိရသည်။

ဗီယက်နမ်နိုင်ငံတွင် မိုးရွာသွန်းခြင်းများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိရာ ဟွာဘင်ပြည်နယ်အတွင်းရှိ အိမ်ခြေရာနှင့်ချီ၍ မြေကြီးနှင့်ကျောက်တုံး ကုဗမီတာ ရှစ်သန်းခန့် ပြိုကျနိုင်သည့် အန္တရာယ်ဖြင့် ရင်ဆိုင်နေရသဖြင့် ပြည်နယ် ပြည်သူ့ကော်မတီဥက္ကဋ္ဌက အရေးပေါ်အခြေအနေကြေညာရန် စက်တင်ဘာ၂၀ရက်ကလက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ ဟွာဘင်ပြည်နယ်၊ ဆောင်ဆွန်ခရိုင် ရန်းကျေးရွာနှင့် တွန်းဒေါင်းခရိုင် ရိုင်ကျေးရွာတို့၏မြေပြင်တွင် ကြီးမားသောအက်ကြောင်းကြီးများ ဖြစ်ပေါ်လာပြီး အချို့နေရာများတွင် မြေပြိုကျမှုတချို့ ဖြစ်ပွားခဲ့ပြီးနောက် အန္တရာယ်ပိုမိုပြင်းထန်လာသဖြင့် အရေးပေါ်အခြေအနေအဖြစ်ကြေညာခဲ့ပြီး တာဝန်ရှိသူများက အိမ်ခြေအလုံး ၃၀ ရှိ ဒေသခံ ၁၂၆ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ရွှေ့ပြောင်းနေထိုင်သူများကို အဆင်ပြေမှုရှိစေရန် ဒေသန္တရအစိုးရများက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အရေးပေါ်အခြေအနေတုံ့ပြန်ရေးဝန်ထမ်းများက အက်ကြောင်းများနှင့် မြေပြိုနိုင်သည့်နေရာများကို စောင့်ကြည့်မှုများ လုပ်ဆောင်လျက်ရှိပြီး အဆိုပါနေရာများသို့ လူများပြန်လည်ဝင်ရောက်မှုမရှိစေရန် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# ဟန်ဂေရီနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် ရိတ်သိမ်းခါနီး အော်ဂဲနစ် ကောက်ပဲသီးနှံစိုက်ခင်းများ ပျက်စီး

**ဘူဒါပတ် စက်တင်ဘာ ၂၂**

ဟန်ဂေရီနိုင်ငံ ဘူဒါပတ်မြို့တွင် စက်တင်ဘာ ၁၉ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ရိတ်သိမ်းခါနီး အော်ဂဲနစ်ကောက်ပဲသီးနှံ စိုက်ခင်းများပျက်စီးခဲ့ပြီး ပျက်စီးခဲ့သည့် ပမာဏကို စိစစ်နေဆဲဖြစ်ကြောင်း ဘူဒါပတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘူဒါပတ်မြို့တွင် အော်ဂဲနစ်စိုက်ခင်းကိုသာ ဦးစားပေးလုပ်ကိုင်ဆောင်ရွက်သူ တောင်သူတစ်ဦးဖြစ်သည့် လက်ဇ်လိုဘက်ကီက ရေကြီးရေလျှံမှုကြောင့် ၎င်းတစ်ဦးတည်းပင် အော်ဂဲနစ်စိုက်ခင်းတစ်ဟက်တာ ပျက်စီးခဲ့ကြောင်း၊ အော်ဂဲနစ်စိုက်ခင်းသည် အခြားသောစိုက်ပျိုးရေးလုပ်ငန်းများထက် ဝင်ငွေကောင်းသည့်လုပ်ငန်းဖြစ်ပြီး ရေကြီးရေလျှံမှုကြောင့် ဝင်ငွေ သိသိသာသာ ဆုံးရှုံးနစ်နာရဖွယ်ရှိနေကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော့်ရဲ့ အော်ဂဲနစ်စိုက်ခင်းဟာ ရိတ်သိမ်းဖို့အချိန်နီးကပ်နေပြီဖြစ်ပါတယ်။ ဒါပေမဲ့ မျှော်လင့်မထားတဲ့ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့အတွက် ပျက်စီးခဲ့တဲ့ စိုက်ခင်းတစ်ဟက်တာထိရှိနေပါတယ်။ ကျွန်တော့်အတွက် အမြတ်အစွန်းမကျန်တဲ့အပြင် အရှုံးပေါ်နိုင်တဲ့အခြေအနေပါ။ ဒါပေမဲ့ အော်ဂဲနစ်စိုက်ခင်းဖြစ်တဲ့အတွက် အရင်းအနှီးကတော့ သိပ်မများပါဘူး"ဟု တောင်သူတစ်ဦးဖြစ်သည့် လက်ဇ်လိုဘက်ကီက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အာဟာရချို့တဲ့မှုကြောင့် အရပ်ပုညှက်ခြင်းမဖြစ်စေလို

ကလေးငယ်၏ကနဦး သန္ဓေသားလောင်းဘဝမှ အသက် နှစ်နှစ်ထိ အာဟာရဓာတ် လုံလုံလောက်လောက် မရရှိခြင်းနှင့် ကူးစက်ရောဂါ မကြာခဏ ဖြစ်ခြင်းတို့ကြောင့် "အရပ်ပုညှက်ခြင်း" ဖြစ်သည်။ ပုညှက်ခြင်းဆိုသည်မှာ လူတို့တွင် ရှိသင့်ရှိထိုက်သည့် အရပ်အမောင်းထက် နိမ့်နေခြင်းကို ဆိုလိုသည်။ ပျမ်းမျှ မိန်းကလေးများမှာ အသက် ၁၉ နှစ်ခန့်ထိ အရပ်ရှည်ထွက်နိုင်ပြီး ယောကျာ်းလေးများက အသက် ၂၀ ခန့်ထိ အရပ်ရှည်ထွက်နိုင်ပါသည်။ ထိုကာလကို ကျော်လွန်သွားပါက အရပ်ရှည်ထွက်နှုန်း ရပ်တန့်သွားသည်။

**အာဟာရချို့တဲ့မှုကြောင့် အရပ်ပုညှက်စေနိုင်**

လူတစ်ဦး၏ အရပ်ရှည်ခြင်း သို့မဟုတ် ပုညှက်ခြင်းသည် မျိုးရိုးဗီဇ၊ အစားအသောက်ညီညွတ်မျှတမှု၊ ကိုယ်လက်လှုပ်ရှားမှု စသည့် အချက်သုံးချက် အပေါ်မူတည်ကြောင်း ဆေးပညာရှင်များက မှတ်ချက်ပြုကြသည်။ လူသား ၈၀ ရာခိုင်နှုန်းခန့်၏ အရပ်အမြင့်ကို ၎င်းတို့အမွေခံရရှိထားသည့် မျိုးဗီဇ အခြေခံမော်လီကျူး (ဒီအင်န်အေ) ပုံစံအပြောင်းအလဲများက အဆုံးအဖြတ်ပေးကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိထားသည်။ အရပ်ပုညှက်သူများသည် ငယ်ရွယ်စဉ်ကာလတွင် အာဟာရချို့တဲ့မှုနှင့် တိုက်ရိုက်ဆက်စပ်လေ့ရှိကြောင်းနှင့် ယေဘုယျအားဖြင့် ဆင်းရဲမှု၊ ကျန်းမာရေးနှင့် ညီညွတ်မှု မရှိသည့် စားသောက်မှုပုံစံများသည် ကလေးငယ်များ အာဟာရချို့တဲ့မှုကို ဖြစ်ပေါ်စေပါသည်။

ခန္ဓာကိုယ်အတွက် လိုအပ်သည့် အာဟာရများ ရရှိရန် အစားအစာကို ဝဝလင်လင် မစားရလျှင်ဖြစ်စေ၊ အာဟာရချို့တဲ့မှု ဖြစ်ပေါ်စေသည်။ မကြိုက်သည့် အစားအစာဖြစ်၍ မစားခြင်း၊ ကြိုက်သည့်အစားအစာ အနည်းငယ်မျှကိုသာ စားနေခြင်း၊ အစားရှောင်ခြင်း စသည်ဖြင့် အစားအစာကို အမည်စုံလင်စွာ မစားဖြစ်သည့်အခါများတွင်လည်း အာဟာရဓာတ်တစ်ခုခု ချို့တဲ့မှုကို ဖြစ်စေသည်။ ထို့ပြင် အာဟာရဓာတ်စုံလင်အောင် ချက်ပြုတ်စားသောက်တတ်သည့် ဗဟုသုတ လွန်စွာနည်းပါးမှုကြောင့်လည်း အာဟာရချို့တဲ့နိုင်ပါသည်။

**မြန်မာနိုင်ငံနှင့် အရပ်ပုညှက်မှု**

အရပ်အပုဆုံး ပြည်သူများနေထိုင်ရာ ကမ္ဘာ့နိုင်ငံများစာရင်းကို အမေရိကန်နိုင်ငံအခြေစိုက် အင်ဆိုက်ဒါသတင်းဌာနက ထုတ်ပြန်ထားချက်အရ အရှေ့တောင်အာရှဒေသမှ တီမောလက်စတေ နိုင်ငံသားများမှာ ကမ္ဘာပေါ်၌ အရပ်အပုဆုံးဖြစ်ကြပြီး အမျိုးသားတစ်ဦး၏ ပျမ်းမျှအရပ်မှာ ၅ ပေ နှင့် ၂ ဒသမ ၉ လက်မ၊ အမျိုးသမီးများ၏ ပျမ်းမျှအရပ်မှာ ၄ ပေ နှင့် ၁၁ ဒသမ ၅ လက်မသာရှိကြောင်း သိရသည်။ အဆိုပါ စာရင်းတွင် ကမ္ဘာ့နိုင်ငံပေါင်း ၂၅ နိုင်ငံပါဝင်ရာ မြန်မာနိုင်ငံသည် အဆင့် (၂၂) နေရာတွင် ရပ်တည်လျက်ရှိပြီး မြန်မာပြည်သူများ၏ ပျမ်းမျှအရပ်မှာ ၅ ပေ နှင့် ၂ ဒသမ ၈ လက်မ ရှိသည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် ကလေးငယ်များ အာဟာရချို့တဲ့မှုသည် ကျန်းမာရေးကဏ္ဍအတွက် ကြီးမားသည့် စိန်ခေါ်မှုအဖြစ်ရှိနေသည်မှာ နှစ်များစွာ ကြာခဲ့ပြီဖြစ်သည်။ ကလေးငယ်များ ပုညှက်မှုနှင့်လည်း တိုက်ရိုက် ဆက်စပ်လျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်းအရ ငါးနှစ်အောက် ကလေးများ၏ ၁၆ ဒသမ ၇ ရာခိုင်နှုန်းသည် ကာလတာရှည် အာဟာရချို့တဲ့မှုကြောင့် ပုညှက်နေပြီး ၅၁ ရာခိုင်နှုန်းသည် သွေးအားနည်းနေသည်။ အပျိုဖော်ဝင်အရွယ် မိန်းကလေးများတွင် ၂၄ ရာခိုင်နှုန်းသည် ပိန်လှီနေပြီး ၂၉ ရာခိုင်နှုန်းသည် သွေးအားနည်းနေကြောင်း တွေ့ရသည်။

ချင်းပြည်နယ်သည် ပုညှက်မှုနှုန်း ၃၇ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံး၊ ဧရာဝတီတိုင်းဒေသကြီးသည် ၃၇ ရာခိုင်နှုန်းဖြင့် ဒုတိယ အမြင့်ဆုံးဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးသည် ပုညှက်မှုနှုန်း ၁၀ ရာခိုင်နှုန်းဖြင့် အနိမ့်ဆုံးဖြစ်ကြောင်း သိရသည်။ အာဟာရချို့တဲ့မှုကြောင့်ဖြစ်ပေါ်စေသော အကြောင်း ရင်းတစ်ခုဖြစ်သည့် အရပ်ပုခြင်းကို တောင်ပေါ်ဒေသများတွင် အများဆုံးတွေ့ရပြီး မြန်မာနိုင်ငံ အလယ်ပိုင်းဖြစ်သော အပူပိုင်းဒေသများတွင် အနည်းဆုံး တွေ့ရကြောင်း၊ ဗမာများထက် တိုင်းရင်းသားများတွင် အရပ်ပုညှက်မှုနှစ်ဆမျှပိုကြောင်း၊ အဆင်းရဲဆုံးကလေးများက အချမ်း



သာဆုံးကလေးများထက် နှစ်ဆပို၍ပုကြောင်း၊ လေ့လာတွေ့ရှိချက်အရ အသက် ခြောက်လမှ ၂၃ လ အတွင်း ကျွေးသောအစားအစာနည်းပါးခြင်း တို့ကြောင့် အရပ်ပုနှုန်း မြင့်မားရခြင်းဖြစ်ကြောင်း စသည်ဖြင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (Save The Children) ၏ LEARN စီမံချက်မှ အာဟာရနှင့် ပြည်သူ့ကျန်းမာရေးမှ တာဝန်ရှိသူတစ်ဦးက ဆိုပါသည်။

**အရပ်ပုညှက်ခြင်းသည် ရက်စရာမဟုတ်**

အဘိုး၊ အဘွားတို့ခေတ်က "ပုမှနုတယ်" ဟု လက်ခံထားကြသော်လည်း ၂၁ ရာစုမှစ၍ သိသိသာသာ အတွေးအမြင်ပြောင်းလဲလာကြပြီး ကမ္ဘာနှင့်တစ်ဝန်း အရပ်ရှည်ခြင်းကို နှစ်ခြိုက်လာကြသည်။ လူမှုဘဝ နေထိုင်စားသောက်မှုစနစ်များ တိုးတက်ပြောင်းလဲလာခြင်းကြောင့် ယခုနောက်ပိုင်း မြန်မာနိုင်ငံ၏ မျိုးဆက်သစ်လူငယ် တော်တော်များများ အရပ်ရှည်လာကြပြီဖြစ်သည်။

အရပ်ပုညှက်ခြင်းက ရက်စရာမဟုတ်ပါ။ သို့သော် "အရပ်ရှည်မှ ခေတ်မီတယ်" ဟု ယူဆကြသူများက အရပ်ပိုရှည်ထွက်လာစေရန်အတွက် စက်ကိရိယာများဖြင့် ခန္ဓာကိုယ်ကို ဆွဲဆန့်ကြရာ အချို့သူများတွင် သုည ဒသမ ၉ လက်မခန့် ရှည်ထွက်လာကြသော်လည်း၊ အချို့သူများမှာ နည်းလမ်းမမှန်ကန်ခြင်းကြောင့် အရိုးများနာကျင်ကာ အချည်းနှီးဖြစ်ကြရသည်။ မည်သို့ပင်ဆိုစေကာမူ ထိုသို့ စက်ကိရိယာအကူအညီဖြင့် ဆွဲဆန့်ခြင်းက သက်ကြီးပိုင်းရောက်ချိန်တွင် အရိုးကို ဒဏ်ဖြစ်စေကာ အန္တရာယ်ရှိနိုင်သည်။

**အရပ်ရှည်ရန် နည်းလမ်းကောင်းများ**

အရပ်ရှည်ထွက်ရန် အကောင်းဆုံးနည်းမှာ -

(က) စက်ကိရိယာမသုံးဘဲ သဘာဝကျကျ လေ့ကျင့်ခန်းလုပ်ခြင်း

(ခ) အာဟာရပြည့် အစားအစာမှီဝဲခြင်းတို့သာ ဖြစ်ပါသည်။

သို့သော် ထိုနှစ်မျိုးစလုံးကို ကလေးအရွယ်မှစ၍ အလေ့အကျင့်ပြုနိုင်မှသာ အရွယ်ရောက်လာချိန်တွင် အရပ်ပိုရှည်ထွက်လာမည်ဖြစ်ပေသည်။ သို့ပါ၍ အမိအဖ အုပ်ထိန်းသူများအနေဖြင့် မိမိတို့၏ သားငယ်၊ သမီးငယ်လေးများကို အရွယ်ရောက်ချိန်တွင် ခေတ်နှင့်အညီ အရပ်ရှည်စေရန်အတွက် ဘာသာဝနည်းလမ်းများဖြင့် လမ်းကြောင်းပေးသင့်ပါသည်။ ၎င်းနည်းလမ်းများက သဘာဝကျကျ အရပ်ရှည်ထွက်လာစေရုံသာမက သားငယ်၊ သမီးငယ်တို့အတွက် ဘဝတစ်သက်တာ ကျန်းမားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်ပါသည်။

**နွားနို့သောက်ပါ**

ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ပရိုတင်း၊ ဗီတာမင်ဒီနှင့် ကယ်လ်ဆီယမ် စသည့် အာဟာရဓာတ်တို့ ပါဝင်သည့် နွားနို့က အရပ်ရှည်လာအောင် ပံ့ပိုးပေးနိုင်ပါသည်။

**ကယ်လ်ဆီယမ် မှီဝဲပါ**

အထူးသဖြင့် သန္တာကျောက်ဖြင့်ဖော်စပ်ထားသော ကယ်လ်ဆီယမ်ဆေးပြားများသည် အရိုးကြီးထွားသန်မာလာစေသကဲ့သို့ အရိုးသိပ်သည်းဆအားကောင်းစေသည်။ ကန်စွန်းရွက်၊ မုန်လာထုပ်အဖြူရောင်၊ ပဲပုပ်၊ တို့ဟူး၊ ရုံးပတီသီး၊ အစိမ်းရောင်ပန်းဂေါ်ဖီ၊ ဗိုလ်စားပဲသီး၊ ဗာဒံစေ့၊ ကိုက်လန်၊ ဟင်းနုနယ်ရွက်၊ ချိစ်၊ ဒိန်ချဉ် အမျိုးမျိုးတို့တွင် ကယ်လ်ဆီယမ်ဓာတ်ကို လုံလောက်စွာ ရရှိနိုင်သည်။

**ဗီတာမင်စီ စားပါ**

ဗီတာမင်စီက အရိုးများ ကျန်းမာစေရန်နှင့် တွယ်ဆက်တစ်ရှူးများ၊ အရွတ်၊ အရွတ်တွဲတို့ကို ကျန်းမာစေရန် ကောင်းစွာပံ့ပိုးပေးနိုင်ပါသည်။ သို့ဖြစ်ရာ ဗီတာမင်စီဓာတ်က အရပ်ရှည်စေရန် သွယ်ဝိုက်သောနည်းလမ်းဖြင့် ကောင်းကျိုးပြုပါသည်။ ထို့ကြောင့် အရပ်ရှည်လိုလျှင် ဗီတာမင်စီ ကြွယ်ဝစွာပါရှိသော သစ်သီးများနှင့် ဟင်းသီးဟင်းရွက်တို့ကို များများစားပေးပါ။ ရှောက်သီး၊ သံပရာသီး၊ သံပရိုသီး၊ လိမ္မော်သီး စသည့် အချဉ်သီးမျိုးနွယ်များ၊ ကီဝီသီး၊ မာလကာသီး၊ ပန်းငရုတ်ပွ၊ စတော်ဘယ်ရီသီး၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ အစိမ်းရောင်ပဲသီး အမျိုးမျိုးတို့တွင် ဗီတာမင်စီဓာတ်ကို လုံလောက်စွာ ရရှိနိုင်သည်။

**ဘီတာကယ်ရိုတင်း မှီဝဲပါ**

အစိမ်းရောင် အသီးအရွက်မျိုးစုံ၊ မုန်လာဥနီ၊ ကန်စွန်းဥ၊ ဟင်းနုနယ်ရွက်၊ ငရုတ်ပွတို့တွင် ဘီတာကယ်ရိုတင်းဓာတ် အများဆုံးပါဝင်နေပါသည်။ ထိုဓာတ်က အရိုးများသန်စွမ်းစေရန် အဓိကကျသည့် ဗီတာမင်တစ်မျိုးဖြစ်သည်။ တစ်နည်းဆိုရလျှင် အရပ်ရှည်စေရန်နှင့် အရိုးများသန်မာစေရန်အတွက် ဘီတာကယ်ရိုတင်းဓာတ်က အရေးပါသော အာဟာရတစ်မျိုးဖြစ်သည်။

**ဗီတာမင်ဒီ မှီဝဲပါ**

အရိုးများ ကျန်းမာသန်စွမ်းမှုနှင့် အရိုးဖွံ့ဖြိုးမှုတို့အတွက် မဖြစ်မနေ လိုအပ်လျက်ရှိသော ဓာတ်မှာ ဗီတာမင်ဒီ ဖြစ်သည်။ နံနက် နေပူဆာလှုံခြင်းဖြင့် ဗီတာမင်ဒီကို အဓိက ရရှိနိုင်ပါသည်။ ငါးကြီးဆီ၊ ပင်လယ်ငါးအမျိုးမျိုး၊ ကမာကောင်၊ ငါးဥ၊ ကြက်ဥအနှစ်၊ နွားနို့နှင့် နို့ထွက်ပစ္စည်းများ၊ မှိုတို့မှလည်း ဗီတာမင်ဒီကို လုံလောက်စွာ ရရှိနိုင်သည်။

**ပဲပုပ်စေ့စားပါ**

ပဲပုပ်စေ့ထဲတွင် ပရိုတင်းဓာတ်ကြွယ်ဝစွာပါရှိသဖြင့် ကြွက်သားများ ခွန်အားဖြစ်စေပြီး ကြီထွားသန်မာလာစေပါသည်။

**အသားစားပါ**

ကြွက်သားများ ကြံ့ခိုင်လာစေရန်အတွက် ပရိုတင်းဓာတ်ကြွယ်ဝသော ကြက်သားနှင့် အမဲသားများစားပေးပါ။

**ကြက်ဥစားပါ**

ကြက်ဥထဲတွင် ကယ်လ်ဆီယမ်၊ ပရိုတင်းနှင့် ဗီတာမင်ဒီဓာတ်တို့ အမြောက်အမြား ပါရှိသောကြောင့် အရပ်ရှည်အောင် ကောင်းစွာအထောက်အပံ့ဖြစ်စေပါသည်။

**ခန္ဓာကိုယ်ဆန့်ထုတ်ပါ**

ခြေဖျားထောက်ရပ်ပြီး၊ လက်နှစ်ဖက်ကို အပေါ်သို့တည့်တည့်ဆန့်တန်း၍ ခန္ဓာကိုယ်ကိုအပေါ်ဘက်သို့တတ်နိုင်သမျှ ဆွဲဆန့်ထုတ်ပါ။ များများလုပ်နိုင်လေ များများအကျိုးရှိလေဖြစ်သည်။

**ခြေထောက်လေ့ကျင့်ခန်းလုပ်ပါ**

ခြေထောက်ဖြင့် အားပြင်းစွာကန်ကျောက်သည့် လေ့ကျင့်ခန်းက ခန္ဓာကိုယ်အောက်ပိုင်းကြီးထွားစေမည့် အကောင်းဆုံးလေ့ကျင့်ခန်းဖြစ်သည်။

**ယောဂကျင့်ပါ**

မြွေဟောက်ပါးပြင်ထောင်သကဲ့သို့ ကြမ်းပြင်ပေါ်ဝမ်းလျားမှောက်၍ ခန္ဓာကိုယ်အပေါ်ပိုင်း တစ်ခုလုံးကိုမတင်သော ယောဂကျင့်စဉ်က အပေါ်ပိုင်းကြွက်သားများကို ဆွဲဆန့်စေပြီး အရပ်ပိုရှည်လာစေမည်။

**ကြိုးခုန်ပါ**

ကြိုးခုန်ခြင်းက သွေးလည်ပတ်မှု မြန်ဆန်တိုးပွားစေပြီး ခန္ဓာကိုယ်ကြွက်သားများလည်း ကြီးထွားသန်မာစေသဖြင့် အရပ်ရှည်လာစေမည့် လေ့ကျင့်ခန်းကောင်းတစ်ခုဖြစ်သည်။

**ဘားတန်းခိုပါ**

အထူးသဖြင့် ဆယ်ကျော်သက်အရွယ်မှာ မကြာခဏ ဘားတန်းခိုကြသူများတွင် ကျောရိုးကိုဆွဲဆန့်စေသဖြင့် သိသိသာသာ အရပ်ပိုရှည်ထွက်လာနိုင်ပါသည်။

**ပေါက်ပေါက်**

# တပ်မတော် (ကြည်း၊ရေ၊လေ)လက်ရုံး / ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၄ ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း (သို့) Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ (၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့် အတူ ၂၃-၉-၂၀၂၄ ရက်နေ့မှ ၆-၁၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာအဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံလစာ (၁၅၀၀၀၀)ကျပ်နှင့်စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့ (သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။







ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၀၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## မွေးသက္ကရာဇ်အမှန်

စဉ့်ကိုင်မြို့နယ်၊ ကြက်မျှားအခြေခံပညာအထက်တန်းကျောင်းခွဲ၊ Grade-12 တွင် ပညာသင်ကြားနေသော မစန်းစန်းမြ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၈-၂၀၀၆ ဖြစ်ပါကြောင်း။ ၂၅-၈-၂၀၀၆

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက(ခွဲ) န/သာဂရကျောင်းမှ Grade-12 တန်းတွင် ပညာသင်ကြားနေသော မယွန်းသီရိအောင် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်စိုး ဖြစ်ပါကြောင်း။

ဦးကျော်စိုး(၉/ကဆန(နိုင်)၀၉၂၁၂၅)

## မိဘအမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-ညောင်ရွှေကျောင်းမှ Grade-12 တန်းတွင် ပညာသင်ကြားနေသော မောင်ရဲထက် ၏မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်သန်းနှင့်ဒေါ်ဆွေဆွေဦး ဖြစ်ပါကြောင်း။

ဦးမောင်သန်း(၉/ကဆန(နိုင်)၁၃၄၈၃၆)

ဒေါ်ဆွေဆွေဦး (၉/ကဆန(နိုင်)၁၃၄၈၃၂)

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ ယူနတီကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မခိုင်သဇင်သော် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇော်ဦး ဖြစ်ပါကြောင်း။

ဦးဇော်ဦး (၉/ကဆန(နိုင်)၁၀၆၁၇၁)

## သင့်သွေးဖြင့် အသက်ကယ်ပါ

## မိဘအမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-ညောင်ရွှေကျောင်းမှ Grade-12 တန်းတွင် ပညာသင်ကြားနေသော မောင်ခွန်ထွန်း ၏မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ခွန်မောင်ပေါနှင့်နန်းမိဟွမ် ဖြစ်ပါကြောင်း။

ခွန်မောင်ပေါ(၁၃/ဟပန(နိုင်)၀၂၄၂၈၇)

နန်းမိဟွမ်(၁၃/ဟပန(နိုင်)၀၈၁၂၃၈)

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-သံရွာကျောင်းမှ Grade-12 တန်းတွင် ပညာသင်ကြားနေသော မလင်းလင်းသော် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးခိုင်ဝင်းထွဋ် ဖြစ်ပါကြောင်း။

ဦးခိုင်ဝင်းထွဋ် (၁၂/လသန(နိုင်)၀၂၁၆၉၂)

## ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း (သို့)မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊

(စ) သက်ဆိုင်ရာ အစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇- ၃၄၀ ၄၇၇၇ တို့သို့ဆက်သွယ်၍ အကူညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

## ပျောက်ဆုံးကြောင်း

ခင်ဦးမြို့နေ မောင်ဟိန်းမင်းလတ် (ဘ) ဦးအောင်ဝင်း (၅/ခဥန(နိုင်)၁၀၃၈၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-045494) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၂၈၈၀၂၄၀၂

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်နေ မဆွေမာအောင် (ဘ) ဦးပြန်ငွေး(၅/ယမပ(နိုင်)၁၅၈၅၆၃) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-966 184) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၄၂၄၄၂၉၇၉

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

❖ **လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အချိန်ယူဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၏ ပညာအရည်အသွေးပြည့်မီရေး၊ ခေတ်မီအတတ်ပညာများ၊ နည်းပညာများ သင်ကြားနိုင်ရေးနှင့် မှန်ကန်သည့် တွေးခေါ်မြော်မြင်မှုများရရှိရေး လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၄)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မလျှော့ချင်ပြုရ၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲတွင် ထွန်းထွန်းမင်းက ကျော်စွာဝင်းကို အလဲထိုးရလဒ်ဖြင့် အနိုင်ရခဲ့ပြီး ချန်ပီယံခါးပတ်ဆွတ်ခူး



ရန်ကုန် စက်တင်ဘာ ၂၂

Myanmar Lethwei World Cham–pionship က ကြီးမှူးကျင်းပသည့် နဝမအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ(MLWC–9)ပြိုင်ပွဲ အလွတ်တန်းချန်ပီယံလုပွဲအဖြစ် ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ သိမ်ဖြူမြန်မာ့ရိုးရာလက်ဝှေ့အားကစားရုံတွင် ကျင်းပခဲ့ရာ မြန်မာ့ထိပ်တန်း ဝါရင့်လက်ဝှေ့ကစားသမားထွန်းထွန်းမင်းက ပြိုင်ဘက်ကျော်စွာဝင်းကို အနိုင်ရရှိခဲ့ပြီး အလွတ်တန်းချန်ပီယံခါးပတ်ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်သည် အလွတ်တန်းချန်ပီယံခါးပတ်လုပွဲစဉ်ဖြစ်သည့်အတွက် ခုနစ်ချီပွဲစဉ်အဖြစ် ကစားခဲ့ရပြီး ပထမအချီကတည်းက ထွန်းထွန်းမင်းက

စာမျက်နှာ ၂၂ ကော်လံ ၃ ❖

## တရားမဝင်စက်သုံးဆီ၊ ယာဉ်အပိုပစ္စည်း၊ လုပ်ငန်းသုံး၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ ခရီးသည် သုံးဦး၏ ဝန်စည်များအတွင်းမှ လုပ်ငန်းသုံးပစ္စည်း သုံးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် လက်ဝတ်ရတနာပစ္စည်း ၁၈ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၄၅၂၇၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ☆



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

**ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ APTERR အစီအစဉ်ဖြင့် အရန်ဆန် ၁၀၀၂ ဒသမ ၇၁ တန် ထောက်ပံ့ဖြန့်ဖြူးပေးသွားမည်**

စာမျက်နှာ– ၂၁

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါတုံ့ပြန်ကာကွယ်ဆေး(OCV)တိုက်ကျွေးခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်း အခမ်းအနား ကျင်းပ**

စာမျက်နှာ– ၁၆




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563